www.burmeseclassic.com

# သတင်းထောက်ခင်

ချစ်ခွင့်မပိုင်လို့ အပြစ်ဖွဲ့ အနိုင်ယူတဲ့
မေတ္တာလုပွဲ

အပြစ်မှန်
# မှုခင်း
ဝတ္ထုတိုများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၅၁၉၁၀၀၈
အဖုံးခွင့်ပြုချက် - ၅၀၁၅၇၅၁၁၀၈
မျက်နှာဖုံးနှင့် - ဦးမြင့်ထွန်း (မဥ္ဇူပုံနှိပ်တိုက်)
ပထမအကြိမ် - အုပ်ရေ (၁၁၀၀)ထုတ်ဝေသည်။
တန်ဘိုး - ကျပ်
ထုတ်ဝေသူ - ဒေါ်စိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)လမ်း
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသည့်ကာလ- ၂၀၀၉ - ဒီဇင်ဘာလ
မျက်နှာဖုံးဖလင် - STAR
အတွင်းဖလင် - မျိုးဝင်းကျော်၊ လမ်း (၄၀)
ဒီဇိုင်း - မောင်မင်းထွေ(တက္ကသိုလ်)
ကွန်ပျူတာစာစီ - ကမ္ဘာကျော်
ဖြန့်ချိရေး - 'ခင်စာပေ' အမှတ်(၂၇၆)၊
စံပြ(၃)လမ်း၊ စံပြရပ်ကွက်၊
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
၀၁၅၆၀၉၅၀၊

BURMESE CLASSIC .com


## မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ချစ်ခွင့်မပိုင်လို့ အပြစ်ဖွဲ့ အနိုင်ယူတဲ့ မေတ္တာလုပွဲ | ၃ |
| ၂။ | ကံကြမ္မာအလှည့် အပြောင်း | ၁၉ |
| ၃။ | အချစ်ကြီးလျှင် ရာဂထူး | ၂၆ |
| ၄။ | အချစ်ဟာ မီးတဲ့လား | ၃၃ |
| ၅။ | အပြစ်ဖွဲ့အနိုင်ယူတဲ့ပွဲ | ၄၂ |
| ၆။ | ကိုယ်ချင်းစာနာ | ၇၇ |
| ၇။ | အရေးကြုံနေတဲ့အေးဘုံ | ၁၀၁ |
| ၈။ | တုံ့ပြန်မှုအမှား | ၁၅၁ |
| ၉။ | ဆရာဒေါင်းနွယ် ထောင်မှူး၏ မျက်ကန်းတောတိုးဆိုကျူးမမြင် | ၁၆၉ |

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခွင့်မပိုင်လို့ အပြစ်ပွဲ့အနိုင်ယူတဲ့ မေတ္တာလုပ်ပွဲ



သတင်းထောက်ခင်
(ရာဖွေတင်ပြသည်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခွင့်မပိုင်လို့ အပြစ်ပွဲ့အနိုင်ယူတဲ့ မေတ္တာလုပွဲ



ချစ်ခွင့်မပိုင်လို့ အပြစ်ပွဲ့အနိုင်ယူတဲ့
မေတ္တာလုပွဲ

သတင်းထောက်ခင်



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်အတွင်း ခုခရိုက်သမားများ

အတွက်ခနရာမရှိစေရ



ရာဇဝတ်ဘေးပြေးမလွတ်



# ချစ်ခွင့်မပိုင်လို့ အပြစ်ပွဲ့အနိုင်ယူတဲ့ မေတ္တာလုပွဲ

## စိတ်ကူးအချစ်

"ဟဲ့ သမီး × × ×× သမီးဈေးကိုသွားပြီး အမေ ကောက်လာတဲ့ အင်ဥလေးတွေ သွားရောင်းလိုက်ပါ၊ လား × × × × မနက်စား ဟင်းဘိုးလေးရတာပေါ့သမီးရယ်"

"ဟုတ်ကဲ့ပါအမေ သမီးဈေးကို သွားရောင်း လိုက်ပါမယ်၊ ဒီနေ့ကလည်း ဈေးနေ့ဆိုတော့ ကုန်မှာပါ"

"အေး × × ဒါဆိုရင်လည်း သွားသွား × × × × ဈေးရောင်းပြီးရင် ငပိရည်ရယ် ငါးလေးဖြစ်ဖြစ်၊ ဟင်းသီး ဟင်းရွက်ဘဲ ဖြစ်ဖြစ် ဝယ်လာခဲ့၊ သမီးအဖေအတွက် ဟင်းတစ်ခွက် ဖြစ်ရင် အမေတို့သားအမိတွေ ငပိရည်နဲ့ တို့စရာစားလို့ရတာပဲ၊ ကဲ × ×× နေမြင့်နေမယ် သွားတော့"

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ ဒေါ်မေစိန်တစ်ယောက် မနက် အဒေ ကြီးထဲမှ ရန်ကုန်မန္တလေးသွားကား လမ်းမကြီး အနောက်ဘက် မိုင်ခန့်သွားလိုက်လျှင် အင်းတိုင် တောတန်းထဲမှ အင်ဥများ အပေါ်များဖြင့်သွားရောက် ကောက်ယူခဲ့ပြီး နေအိမ်သို့ပြန်လာ မဝါအားဈေး၌ သွားရောက်ရောင်းချခိုင်းခြင်းဖြစ်သည် ဒေါ်မေစိန်တို့တွင် သမီးတစ်ယောက်၊ သားတစ်ယောက် မိသား (၄)ဦး ရှိပြီး လင်ယောကျ်ားဦးတင်ဟန်က ဌာနတစ်ခုတွင် မိုးအင်ဂျင်စက်မောင်းသော ဝန်ထမ်းတစ်ဦးဖြစ်ပြီးရရှိ သည့်လစာငွေဖြင့် မလုံလောက်သဖြင့် တစ်ဘက် တစ်လမ်းမှ ဒေါ်မေစိန်ရှာကြံကာ အိမ်နောက်ဖေးမီးဖို ချောင်စရိတ်ကို ကာမိအောင်ပြုလုပ်နေရသည်။ သားနှင့် သမီးကလည်း အငှယ်ရောက်နေသည်။ သမီးဆိုလျှင် ၁၉နှစ်ထဲ အပျိုကြီးဖါးဖါး ဖြစ်နေပြီး နက်မှောင်သော ဆံကေသာတွင် မဟူရာ အရောင် ထပ်ဆင့်ပြောင်လက်၍ ဒူးခေါင်းတစ်ကောက်ကွေးအထိ ရှည်လျားစွာကျသည်။ အသားဖြူဖြူဝင်းအိလှသော ခန္ဓာကိုယ်အချိုး အစားကျသည်။ ပန်းပုဆရာများ လက်မှုိင်ချသွားနိုင် ကဗျာ ဆရာငိုသွားနိုင်သည်။ အလှပိုင်ရှင်မလေးဖြစ်ချေတော့၏။ အလှ တွင်အယဉ်ဆင့်ခဲ့ပါသော်လည်း မိဘ နှစ်ပါးဆင်းရဲနွမ်းပါးချို့



ငဲ့မှုကြောင့် မျှစ်ဆိုကြီးကို ပုဆိုး အစုတ်အပေါက်အပြဲများဖြင့် ဖုံးဖိထားသလို မဝါ၏အလှ တရားများက ဟိုကလျှပ်တပြက် ဒီကလျှပ်တပြက်ဖြင့် အလှဂုဏ်ကို ပေါ်လွင်ထင်ရှားနေသည်။

"သမီး စိတ်ကူးယဉ်ရည်စားထားရမယ့်အရွယ် မဟုတ်ဘူးနော် သမီးကိုအမေပြောထားရ မယ်၊ ရည်စားဘဲဖြစ်ဖြစ် မိမိယူတော့မဲ့လင်ဘဲဖြစ်ဖြစ် ဘယ်တော့မှ အချစ်ကဗျာမဆန်နေနဲ့ တွေ့ကရာ ပန်းရုံ၊ ကုန်ထမ်း၊ လူဘော်ကြော့၊ လက်ကြောမတင်း ဆိုက်ကားနင်းကြတဲ့ လင်ယောကျ်ားလည်း မမက်နဲ့၊ ကိုယ်က ရာသက်ပန်ပေါင်းသင်းသွားရမှာဖြစ်တာကြောင့် သမီးရဲ့ရုပ်ရည် လေးနဲ့ ဘာမဆိုယောကျ်ားလေးတွေ ကျလောက်တယ်။ ဒါကြောင့် ကိုယ့်အပေါ် ကြင်နာမြတ်နိုးငွေကြေးရှိသူကို မိန်းမပိုင်းလုံး ပုံသဏ္ဍာန်နဲ့ အပြတ်သာအရသာယူလိုက်၊ ကြားရဲ့လားသမီး"

"သမီးမှ ယောကျ်ားမယူချင်သေးတာ အမေရယ်"

"အေးပါ ဟုတ်ပါတယ်။ နောက်ယူခဲ့လျှင်လည်း အမေပြောတဲ့သူစားမျိုးတွေကိုရှောင်၊ ကိုယ်ထက်အဆင့်မြင့်တဲ့သူတွေရင် မိန်းမပိုင်းလုံးဖြစ်အောင်လုပ်ယူဖို့× × သမီးဘဝတစ်လျှောက် အတွက်မှာနေရတာပါ"

"ဟုတ်ကဲ့ပါ အမေ"

သမီးဖြစ်သူလင်ဆိုးဖြင့်ညားမှာ ဒေါ်မေစိန်စိုးရိမ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လင်ကောင်းရင် စံရနိုင်သည်မို့ သမီးဘဝတွင် လင်ယောက်ျားကောင်းကောင်းမွန်မွန်ဖြင့် အိမ်ထောင်ကျစေရန် အမြဲတိုက်တွန်းသည်။ မဝါကိုလည်း ကာလသားများနှင့် ဈေးသည်၊ ကုန်သည် ဝန်ထမ်းမှအစ ပိုးပမ်း ကြသည်။ မည်သူ့အချစ်ကိုမျှ လက်မခံဘဲ ဆင်းရဲနွမ်းပါးမှုကိုမရှက်မကြောက် မိဘများဖြင့်အတူ လက်တွဲကာ

တစ်ခါတစ်ရံဈေးရောင်းကျွေးသည်။ လိမ္မာရေးခြားရှိသော သမီးလေးအတွက် ဒေါ်မေစိန်သမီးကို အမြဲတမ်းမှာကြားနေခဲ့ရသည်။ ကာလသားသမီးတွေက လွယ်လွယ်ဖြင့် အချစ်ကိုပျော်မြူးကြသည်။ အချစ်နယ် ကျွံကာမှ မဖုံးနိုင် မဖိနိုင်ဖြစ်ကြရပြီး အရှက်တကွဲ အကျိုးနဲခဲ့ကြရသည်။ အကြောင်းအရာများစွာကို မှုခင်း မဂ္ဂဇင်းများနှင့် မှုခင်းဂျာနယ်တွေထဲ ဖတ်ရှုမှတ်သားခဲ့ရဘူးသည်ဆိုတော့ မိမိသမီး ဤသို့အဖြစ်မျိုးကို အရောက်မခံလို့။ ထို့ကြောင့်လည်း သမီးဖြစ်သူ မဝါကို ဆုံးမနေခဲ့ရသည်။ ကြာတော့ မဝါလည်း ဒေါ်မေစိန်၏ နေ့စဉ်ပြောကြားလာခဲ့သည့် စကားများစွာကို ထပ်ခါ တစ်လဲလဲကြားနေမိခဲ့သည်။

"မဝါ × × ကိုကိုထွန်း အဖြေတောင်းထားတာလေးကို ဖြင့် ပေးဖို့သင့်နေပါပြီကွာ × ×"

"ကိုကိုထွန်းရယ်× ×မဝါကမိန်းကလေးဆိုတော့ ဘဝကြင်ဖော် လက်တွဲရမဲ့ × ×ကိုကိုထွန်းအတွက် စဉ်းစားခွင့်လေးတော့



ပေးပါ နော်"

"အရမ်းကို ရက်တွေက ကြာလာပြီကွာ၊ ကိုကိုထွန်းရဲ့ ရင်ထဲကို မဝါဝင်ကြည့်စမ်းပါ။ အသည်းလေးတွေက ခုန်စွခုန်စွနဲ့ တီကောင်ကိုဆားနဲ့ပက်သလို ခံရခက်နေတယ် မဝါရယ်"

"ကိုကိုထွန်းကလည်း အကဲပိုနေတယ် × ×တွေ့ ရင်ချဲ ဘိုဘဲသိနေတာ၊ တကယ်တော့ မဝါကို ရာသက်ပန် လက်တွဲနိုင်ပါ့မလားဆို တာရော တွက်ဆမိရဲ့လား"

"အဲဒီအတွက် × ×မဝါအနေနဲ့ ဘာ မှုဖြစ်နေနဲ့။ ကိုကိုထွန်း မဝါကို အဘိုးကြီး အဘွားကြီးဖြစ်တဲ့အထိ ရိုးမြေကျ ပေါင်းသင်းချစ်ခင်သွားမဲ့ အချစ် သစ္စာရှင်ကြီးပါကွာ"

"ယုံလိုက်ရတော့မှာလား"

"ယုံလိုက်စမ်းပါ မဝါရယ်"

"မဝါဘဝက ဆင်းရဲနွမ်းပါးတယ်။ အဲ့ဒါကို အနိုင်ယူပြီး နှိမ့်ချမပြောရဘူး"

"ဒီအတွက် ဘာဆိုဘာမှ မပြောပါဘူး။ ကဲ ဒါဆိုရင် ×× မနက်ဖြန် ကိုကိုထွန်းအချစ်အတွက် အဖြေပေးတော့မှာ ပေါ့နော်"

"ကိုကိုထွန်းအတွက် မဝါက အချစ်ပေးကမ်း စွန့်ကြဲရမဲ့သူ ကိုကိုထွန်းက အချစ်ကို တောင်းရမ်းနေတဲ့ အချစ်သူတောင်းစားဘဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အလိုဗျာ၊ အချစ်သူတောင်းစား ဟုတ်လား"

"ဟုတ်တယ်လေ"

"အင်း × × ဒါပေမယ့် အချစ်သူတောင်းစား တစ်ခါဘဲအချစ်ကို တောင်းစားရမှာနော် × × မဝါဆီ အချစ်တောင်းပြီးရင်နောက်လူနောက်ထပ်တစ်ယောက် ငါးစ်ဦးပြီးတစ်ဦးထံက အချစ်တွေ ရင်ခွင်သစ်တွေထံက အချစ်ကို မဝါကလွဲပြီး အချစ်သူတောင်းစားကြီး မလုပ်ရတော့ဘူး ဟီး × ဒိ ဒိ× ×"

"ရာသက်ပန် မဝါကလွဲ၍ အချစ်သူတောင်းစား မလုပ်တော့ပါဘူးဆိုတာ ကတိပေးတယ်"

"ကျန်နေသေးတယ်"

"မကုန်သေးဘူးလားကွာ"

"ရာသက်ပန်လက်တွဲပေါ် အဖြစ်သွားကြရမှာ ဆိုတော့ ပြောစရာစကားက ကုန်မသွားဘူး။ ဆင်းရဲရင်လည်း မဝါ၊ ကိုကိုထွန်းနဲ့ ထမင်းရည်အတူသောက်မယ်၊ ကံပေးခဲ့လို့ ကြီးပွါး



ခဲ့လျှင်လည်း ရွှေဘုံနန်းမှာ အတူစံစားကြမယ်။ လောကဓံ(၈)ပါးကို နှစ်ဦးအတူ လက်တွဲမယ်။ မွေးဖွါးလာကြတဲ့ သားသမီးတွေကို ရာသက်ပန်ချစ်ခင် သွားကြဖို့လဲ လိုတယ်။ မဝါနဲ့ခလေးတွေမျက်နှာကို ပြစ်ပြီး အခြားမျက်နှာ မများရဘူး"

"စည်းကမ်းချက်တွေက များလှချည်လားကဲဗျာ× × ဟောဒီက ကိုကိုထွန်း အားလုံးလိုက်နာပါမယ်တဲ့ဗျာ"

ကိုကိုထွန်းအဖေက သစ်ကုန်သည်၊ သစ်ကုန်သည်လောကတွင် နာမည်တစ်လုံး တွင်ရစ်အောင် နာမည်ကြီးသည်၊ ဦးတင်ဖေ ဂုဏ်ရှိသည်။ ငွေရှိသည်၊ ကတိသစ္စာရှိသည်။ ထို့ကြောင့် သစ်ကုန်သည်ဦးတင်ဖေထံတွင်သစ်သမားများ ဝိုင်းဝိုင်းလည်သည်၊ ဦးတင်ဖေ သားသမီး (၆)ဦးရှိသည့်အနက် ကိုကိုထွန်းက အငယ်ဆုံးအကောင်၊ ဒီကောင် ၁၀တန်းကို တဖုန်းဖုန်း ကျပြီး သူ့အဖေလုပ်ငန်းတွင်လည်းဘာမှ ပြစ်ပြစ်မြောက်မြောက်ဝင်ရောက်ကူညီမလုပ်ပေးချင်၊ အဖေ ထံကလက်ဝါးဖြန့် ပိုက်ဆံတောင်းခံပြီး သူငယ်ချင်း အပေါင်းအသင်းများဖြင့် သွားလာလည်ပတ်ရင်း အချိန်ကုန်ကာ မြို့မဈေးကြီးထဲ၌ အင်ဥရောင်းချနေသူ မဝါဖြင့် မြင်တွေ့လိုက်ရသည့် အချိန်မှစတင်ကာ မဝါထံက အချစ်ကို တောင်းခံယူခဲ့ရသည်မှာ အကြိမ်ကြိမ်၊ မလျှော့သောဇွဲဖြင့်လိုက်လံပြောဆိုမှုကြောင့် မဝါ၏အချစ်ကို ရရှိခဲ့လေသည်။ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ရွာအေးချမ်းသာယာရေးဝိုင်းဝန်း

ကူညီစောင့်ထိန်းပေး

မည်မျှပျော်စရာ သူလိုလူ မရှိဟုထင်မိသည်။ ရည်းစားဘဝတော့ ရတာတော့ ဟုတ်ပါရဲ့၊ တကယ်တမ်း လက်ထပ်ပေါင်းသင်းလျှင် ဘာလုပ်ကိုင်၍ လုပ်ကိုင်စားရမှန်းမသိ။ ဒီကြားထဲဖခင်ဖြစ်သူ စကားများကို ကြားယောင်နေလျှက်ရှိသည်။

"ငထွန်း မင်းမိန်းမယူတော့မယ်ဆိုရင် မိန်းမယူရင် ကိုယ်ဟာနဲ့ကိုယ် ကိုယ့်ဘူးကိုယ်ချွန် ကြိုးစားနိုင်မှ ရှာဖွေကျွေးမွေး နိုင်မှယူ။ မိန်းမယူပြီး အလုပ်အကိုင်မရှိတဲ့ ငါ့အိမ်ပေါ် ခေါ်မလာနဲ့။



ငါမကျွေးနိုင်ဘူးနော်။ တစ်ခါထဲပြောထားလိုက်မယ်။ အဲ ခေါင်းရွက် ဗျက်ထိုးဈေးရောင်း ကွမ်းယာသည်၊ ဇီးထုတ်၊ မဆလာ ပန်းရံသမ၊ အောက်တန်းစားတွေကိုရှောင်၊ ကိုယ့်ထက် မြင့်တဲ့သူကို ယောက်ျား ပိုင်းလုံးနဲ့ယူ ကြားလား"

"ဟုတ်ကဲ့ခင်ဗျ"

"အချစ်ဟာ ငွေနဲ့တည်ဆောက်လို့ရတယ်။ မိန်းမပေါပါ တယ်၊ အဲ့ဒါပေမယ့် × × မယားရှားပါးတယ်ကွ × × အဲဒီမယား မျိုးကို မင်းတွေ့ဖို့ ယူတတ်ဖို့လိုတာကွ"

"အချစ်ဟာ အဲ့ဒါနဲ့တည်ဆောက်လို့ရပါ့မလား"

"ဒါတွေ မင်းတို့လူငယ်တွေ မသိသေးပါဘူး မင်းတို့ကာလ ကအချစ်ကို ခံစားမယ်။ မခံစားနိုင်ရင် ပေါက်ကွဲမယ်။ မင်းတို့ လူငယ်တွေရဲ့ခံစားသီဆိုနေတဲ့ သီချင်းတွေတောင် ငါတို့နားမလည် ပါဘူးကွာ။ ဘာလဲ။ ပေါက်ကွဲသံစဉ်လှိုင်းဆိုလား။ မခံစားနိုင်တော့ ဘူးတို့ ဆိုတာတွေ အလကားဟာတွေပါကွာ"

ဖခင်ပြောဆိုနေသမျှ စကားများကို နားစိုက်ထောင်နေ လိုက်ရင်း အချစ်ဟာ ဒေါင်းခံရယူခြင်းလား။ ပေးဆပ်စေ ခြင်းလားဆိုတာ ကိုကိုထွန်း တစ်ယောက် နားမလည်နိုင်ရှာ နေလတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုထွန်းရယ်"

"ဘာလဲ × × မဝါရယ်"

"မဝါကို ဘယ်လောက်ချစ်သလဲ"





"အများကြီးချစ်တယ်။ အားကြီးချစ်တယ်"

"မနောက်နေနဲ့ × × ဒီက မဝါက တကယ်မေးနေတာကို ကောင်းကောင်းမွန်မွန်ဖြေပါ ကိုကိုထွန်းရယ်"

"ဂျော် × × ခက်နေပြန်ပါပြီ။ ကိုကိုထွန်း မနောက်ပါဘူး။ မဝါနဲ့အတူ ဟိုးမှာ × × မိုးကောင်းကင်ကြီးရှိ တယ် တွေ့လား။"

"တွေ့ပါတယ်။ ဘာဖြစ်လဲ"

"အဲဒီမိုးကောင်းကောင်ကြီး ပျက်စီးသွားတဲ့နေ့ ကိုကိုထွန်း မဝါအပေါ် အချစ်ပျက်သွားခဲ့တဲ့နေ့ဘဲ"

"ဒိ × × ဒိ ဒိ × × တကယ်အပြောပို"

"အဲ့ × × ဒီလောက်အထိ ချစ်တာ မဝါရယ်"

"အိုး × × လက်ကဖြိမ်ဖြိမ်နေလေ။ မကဲနဲ့ကွာ"

"ချစ်လို့ပါကွာ"

"အိုးကွာ × × × ×"

ကိုကိုထွန်း မဝါကို သိမ်းကျုံးပွေ့ဖက်လျက် မဝါပါး [illegible]င်ထက်ဆီသို့ အနမ်းမိုးများ ရွာချလိုက်လေတော့၏။

အသောမသတ်နိုင်ကြသည်။ ဩကာသအတွင်း ရှိကာ [illegible]ာ်သားထိုလူသားများစွာတို့သည် ထုံသင်းကြိုင် မွှေးချစ်ပန်းရနံ့ကို [illegible]းကြူသည်။ အချစ်ဆန်းဘဝကို ချယ်မှုန်းသည်။ အချစ်ပင်[illegible] [illegible]သင်မြန်း၍ အချစ်သစ်ပင် စိုက်ပျိုးတတ်ကြချေ၏။ အချစ်သစ်ပင်

www.burmeseclassic.com



စိုက်ပျိုးရာတွင် နီးစပ်ရာ ခုံမင်ချည်းကပ်သူကို စုံမက်၊ သွေးသားရမက်နှံ့ထဲ အချစ်သစ်ပင်ပေါက်အောင်စိုက်ပျိုးပြီး အချစ်နယ်နိမိတ်စည်းရိုးကြီးကိုကျော်လွှားခဲ့ကြသည်။ ပရမတ်တရားကိုအချစ်တရားရှိသူလှည့်စားကြ၊ ပညတ်ဖြတ် ကျော်နင်းပြီး မှောက်မှောက်မှားမှားအချစ်များနှင့်အတူသောကဗျာပါဒခရီးလမ်းကိုအချစ်ခရီးထင်အပေါ် မင်တတ်ကြရလေသည်မှာအချစ်စံအိမ် အသစ်ကို တည်ထောင်တတ်ကြချေလေတောသည်။

"ကိုထွန်း × ×ရေ"

"ဗျာ"

## ကံတူအကျိုးပေး

ကိုကိုထွန်းနှင့် မဝါတို့ တစ်ဦးကို တစ်ဦး အချစ်တောင်းရမ်းယူသူက ယူသည်။ အချစ်ပေးကမ်းစွန့်ကြဲသူကစွန့်ကြဲသည်။ ထို့ကြောင့် နှစ်ဦးသားချစ်သူရည်းစား အဖြစ်သို့ရောက်ရှိသွားခဲ့ကြလေသည်။ မဝါ၏အမေဖြစ်သူကလင်ကောင်းသားကောင်း ရရှိစေနိုင်ရေးအတွက် သမီးဖြစ်သူကိုနေ့စဉ်အမြဲသွန်သင်နေခဲ့သမျှ ကိုကိုထွန်း တစ်ယောက်ကလည်းဖခင်ဖြစ်သူမှ ဇနီးကောင်းမယား ရရှိနေခဲ့သလို ကြားမှလူငယ်တို့



ချစ်ခြင်းသည် ဘာမှ မမြင်၊အချစ်မိုးသဲလေထန် ဖြစ်လျှက်သွန်သင်ခဲ့သည့် စကားများလည်း ယင်းတို့နှစ်ဦးဘာမျှမကြား၊ မသိလိုက်နိုင်ကြ၊ အချစ်သည် ကံတူအကျိုးပေး ဘဝရေစက်ကြောင့်ရှေ့ရေစက်ကိုဘဲ ရိုးမယ်ဖွဲ့ကာ အချစ် ပန်းလေးများ ပွင့်လန်းနေကြသည်။ အချစ်ကြောင့် လူသားများစွာကိုရူးစေ၊ လိမ္မာယဉ်ကျေးစေနိုင်သည်။

"ကိုထွန်းနဲ့ မဝါယူလာခဲ့ကြတာ (၂)နှစ်တောင် ကျော်လာခဲ့ကြပြီနော် × × ကိုထွန်းအတွက် မဝါ ခလေး တစ်ယောက်တောင်မွေးပေးခဲ့ပြီးပြီ။ ရှေ့ရှောက် သားသမီးတွေ ဒီထက်မကရတော့မှာ။ ခီးပွါးရေး ဒီထက်မက ပိုပြီးကြိုးစားရမှာပေါ့"

"မဝါကလည်းကွာ ကိုကိုထွန်းလည်း အလုပ်ကိုအစုံ လုပ်နေတာ၊ အမြင်ဘဲ၊ မဝါလည်း ဈေးရောင်း နေတာဘဲကွာ ဒီထက်ကြီးပွါးနိုင်အောင်ဆိုရင် ငွေအလုံးအခဲရှိမှကွ"

"အင်းလေ မဝါဈေးရောင်းချနေတဲ့ အမြတ်နဲ့ကိုထွန်းရတဲ့လုပ်ခနဲ့ပေါင်းပြီး ခလေးကျောင်းစရိတ် မုန့်ဘိုးနဲ့ အိမ်မှာ ချက်ပြုတ်ဖို့နဲ့တင် လုံးချာလိုက်နေတယ်"

"မဝါရယ် × × ကြည့်ပြီးကောင်းသလိုသာ စီစဉ်လိုက်ပါ။ ဒို့လင်မယားနှစ်ယောက်ရဲ့ကံက ဆိုးလှပါ တယ်။ ဒီထက်ဆင်းရဲရင်ထောင်တူနှစ်ကိုယ်တဲအိုးပျက်မှာ ထမင်းရည်ပူမှုတ်သောက်ကြမယ်

www.burmeseclassic.com

www.burmeseclassic.com



လေကွာ”

“ဆင်းရဲနွမ်းပါးတဲ့ဒဏ်ကိုခံရပါတယ်။ ကိုထွန်းတစ်ယောက်လုံးအနားမှာရှိနေတာဘဲ”

“အဲဒါတွေကြောင့် မဝါကို ကိုကိုထွန်း ချစ်နေရတာပေါ့ကွာ”

ချစ်သူသမီးရည်းစားဘဝမှနေ၍ လူငယ်တို့ သဘာဝအတိုင်း နှစ်ဦးနှစ်ဘက်လူငယ်တို့၏ ချစ်ခြင်းကို လက်မခံသဘောမတူညီသောကြောင့် တစ်ဦးဖြင့်တစ်ဦးခိုးပြေးကာ အချစ်အိမ်ထောင် တည်ဆောက်လျှက် နေထိုင်လာခဲ့ကြပြီး တစ်ပါးသူပိုင်နေအိမ်ဘေးအမိုးတွင် ငှားရမ်းနေထိုင်ကြကာ ကိုကိုထွန်းကကြုံရာအလုပ်ဖြစ်သောကုန်ထမ်းခြင်း ကားနောက်လိုက် စပယ်ယာလုပ်ဖြင့်ရရှိသည့်လုပ်ငန်းကို ပင်ပန်းဆင်းရဲမှုဒဏ်ကို မဝါနှင့်ကိုကိုထွန်း ခါးစည်းကာခံခဲ့ကြရရာ၏။ဖြစ်လာသည့် အကြောင်းကိစ္စကိုရင်ဆိုင်ဖြေရှင်းခဲ့ကြကာမိဘဆွေမျိုး ထံ လက်ပါးဖြန့်တောင်းခံမှုမပြုလုပ်ဘဲ ရုန်းကန်ခဲ့ကြသည်။ လူ့ဘဝကြီး၏စည်းစိမ်ဥစ္စာဖြင့်နေထိုင်လိုကြပါသော်လည်း မိမိတို့လင်မယားနှစ်ဦးမှာကံတူအကျိုးပေးနှစ်ဦးသားကုန်းရုန်းလုပ်ပါမှ ထမင်းစားသောက်ကြရလေသည်။ မဝါအနေဖြင့် လင်ယောကျ်ားဆင်းရဲပင်ပမ်း နွမ်းနယ်မှု



ကိုမကြည့်ရက်မမြင်လိုပါသော်လည်းရောက် သည့်ဘဝတွင်ပျော်အောင်သာနေမည်ဟုသာဆုံးဖြတ်သည်။ ကိုကိုထွန်းကလည်းလက်ဖြင့်အလုပ်မပြတ်စေရန် ရစေနိုင်သည့်အလုပ်ကို ညနေပိုင်းကားစပယ်ယာလိုက်ရာမှပြန်လာတိုင်းဖခင်ထံသွားရောက်လျက် သစ်စာရင်းများကို ကူညီကာ တွက်ချက်ပေးသည်။ ဖခင်၏ မိတ်ဆွေသစ်ကုန်သည်များကပါ ကိုကိုထွန်းအား ချစ်ခင်ကြသည်။

“ကားလေး ဘာလေး မောင်းပါလားကွ”

“သင်ပေးမယ့်သူ မရှိလို့ပါ”

“ဒါဆိုရင် ငါသင်ပေးမယ်လေကွာ”

“ဒီလို...သင်ပေးမယ့်သူရှိရင်တော့ သင်ရမှာပေါ့”

“ယောကျ်ားလေးဆိုတာ ကားမောင်းတတ်ရတယ်”

“ဟုတ်ကဲ့ပါ”

“သစ်စာရင်းဇယားကို တွက်ချက်ကျွမ်းကျင်ဖို့လည်းလိုတယ်ကွ”

“ဦးတို့သင်ပေးထားတော့ ကောင်းတာပေါ့ဗျာ”

“မင်းအဖေ မင်းကို ဒီလိုဘဲပစ်ထားသလား”

“ကျွန်တော့်ကို မုန်းသွားပြီနဲ့တူတယ်”

“မိဘနဲ့ သားသမီးဘဲကွာ ခဏ.စိတ်ဆိုးတာပေါ့ဟ ကိုယ့်သားသမီး ဒုက္ခရောက်နေတာ ဘယ်ပစ်ထားကြမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွန်းအား ၎င်းအဖေ၏ သစ်ကုန်သည် မိတ်ဆွေများက ဝိုင်း၍အားပေးကြသည်။ ကိုကိုထွန်း အဖေကို သားသမီးအပေါ် ဤမျှအထိ ပစ်ပယ်၍ မထားရန်ဝိုင်းပြောကြသည်။







## ကံကြမ္မာအလှည့်အပြောင်း ဆိုကြရာဝယ်

ကိုကိုထွန်းတစ်ယောက် ဖခင်ဖြစ်သူ၏ လုပ်ငန်းများတွင် ညနေအလုပ်မှပြန်ရောက်လေတိုင်း သစ်ခွဲစက်တွင် သစ်ခွဲသားများအားဝင်ရောက်ထမ်းလျက် သစ်တင်ကားပေါ် ယမ်းလျက်တင်ခြင်း၊ သစ်တန်းပေများကို တိုင်းတာခြင်းဖြင့် စားဝတ်နေရေးအတွက် အပိုဝင်ငွေ ရှာဖွေခဲ့သည်။

"ကိုကိုထွန်းရယ် မဝါ ကိုကိုထွန်းပင်ပန်းပြီး အလုပ်ကြမ်းတွေလုပ် သစ်တွေထမ်းနေရတာ မကြည့်ရက်ဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ ဘယ်အလုပ်ဘဲလုပ်လုပ် ပင်ပန်းတာပေါ့"

"ကိုကိုထွန်းအတွက် စိုးရိမ်လို့ပြောတာပါ တော်ကြာထိခိုက်မိမှာလည်းစိုးရိမ်ရလို့ပါ။ သစ်ကို ထမ်းတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



သတိဝီရိယလေးထားပြီးလုပ်ကိုင်ပါ"

"အလုပ်×× လုပ်တာဘဲကွာ၊ ဒီလောက်တော့ ရှိမှာပေါ့ ကိုကိုထွန်း ဒီလို ပင်ပမ်းခံရှာကျွေးနေတာ မဝါနဲ့ သားသမီးအတွက် ရှာဖွေကျွေးမွေးရတာပင်ပန်းတယ် မထင်ပါဘူး"

"ဒါကြောင့်လည်း မဝါက ကိုကိုထွန်းကို ချစ်နေရတာပါ။ ကိုကိုထွန်း အတွက် မဝါ ရေပူရေချမ်း အမြဲကမ်းလှမ်းနေမှာ ဘယ်ဘဝကိုပဲရောက်ရောက်ပေါ့"

"ဒါကြောင့်ကိုကိုထွန်း မဝါကို ချစ်ရတာ"

တစ်ဦးနှင့်တစ်ဦးအိမ်ထောင်သက် ၃နှစ်မှ၄နှစ် ထဲသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ချေ၏။ အချစ်အတွက် ခိုင်မြဲသော မေတ္တာကြိုးချည်နှောင်ရစ်ပတ်လာခဲ့သည်။ သံယောဇဉ်အမျှင်တန်းလေး သားသမီးတို့မျက်နှာ ဇနီးမယား၏မျက်နှာများကိုကြည့်ကာ ကိုကိုထွန်းအလုပ်ကို ကြိုးကြိုးစားစားဆောင်ရွက်ခဲ့သည်။ထိုအချိန် ကိုကိုထွန်း ဖခင်တစ်ယောက် လေတစ်ခြမ်းဖြတ်ကာ အိပ်ယာထဲ တွင်လဲကျလေတော့၏။ ဖခင်ပြုလုပ်ခဲ့သည့်သစ်ကိစ္စ ရပ်များကို ကိုကိုထွန်းဦးစီးကာပြုလုပ်ရ၏။ ကားနောက်စပယ်ရာလုပ်အခြား တာရီယပြုလုပ်သော လုပ်ငန်းများကို လုံးဝမပြုလုပ်တော့ဘဲ သစ်အရောင်း အဝယ်တက်တွင် ခြေလှမ်းအသစ်ဖြင့် လှမ်းတက်နေ



လေတော့၏။ ကိုကိုထွန်းမှာ ဖခင်လုပ်ငန်းကိုအခြား သားသမီးတွေ ထက် ပို၍ ဉာဏ်ရည်စွမ်းရှိသောကြောင့်လည်းကောင်း လူငယ်ပီပီ ပေါင်းသင်းဆက်ဆံရေးပြေပြစ်မှုလိုက်လျော်ညီထွေနေထိုင်တတ်မှု ဂတိတည်ကြည်မှုကြောင့် နယ်ပယ်ဆိုးမှ လာရောက်သစ်ဝယ်ကြ သူများဖြင့် မိတ်ဖြစ်ကာ သစ်လုပ်ငန်းကို တိုးချဲ့ လျက်ဆောင်ရွက် သည်။ ထို့အပြင် ဖခင်ကြီးရဲ့ခံစားနေခဲ့ရသည့် လေဖြတ်ခြင်းရောဂါ ကိုလည်း ကိုကိုထွန်း ကုသစေခဲ့သည့်အပြင် မဝါကလည်း ဆေးပေး ဆေးလိမ်း ကအစ ချီးသေးအဝတ်များကို လျှော်ဖွတ်ပေးခဲ့သည်။ ကိုကိုထွန်း၏ ကြိုးစားမှုကြောင့် (၅)သိန်းကျော်တန် အိမ်တစ်လုံးကို အပိုင်ဝယ်ယူနိုင်ခဲ့ပြီး ဖခင်ကိုရန်ကုန်မြို့သို့ တက်ရောက် ဆေးကုသ ပေးခဲ့ရာ ဆေးဘိုးသာ အကုန်အကျများခဲ့ရပြီး ရောဂါက ပျောက်မလာသဖြင့်မိမိတို့ နေထိုင်ခဲ့ရာမြို့သို့ပြန်ခေါ်ကာ နေအိမ် တွင်ဖခင်အတွက် တောဆရာ၊ ဗိန္ဒောဆရာများဖြင့် ကုသခဲ့သည်။ ကိုကိုထွန်း(၃)နှစ်ကျော်အတွင်း သစ်လုပ်ငန်းကို ဖိဖိစီးစီးဖြင့် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ပေးသွင်းခဲ့သည်။

ကိုကိုထွန်းအား သစ်လောကတွင် လူသိများ လာခဲ့ပြီး ငွေကြေးရှိသူများက ကိုကိုထွန်းထံတွင် ရင်းနှီး မြှုပ်နှံကြလေသည်။ ရရှိသည့်အကျိုးအမြတ်ကိုလည်း မှန်မှန်ကန်ကန်ခွဲဝေပေးခဲ့သဖြင့် ကိုကိုထွန်း၏စီးပွားရေး မယုံနိုင်လောက်အောင်ကိုဒီလိုအလားကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



တက်လာခဲ့ပြီး အိမ်အဟောင်းကိုဖျက်လျက်တိုက်အိမ် (၂)ထပ် ဆောက်လုပ်ခဲ့ပြီး နေထိုင်သည်။

"ကိုကိုထွန်း"

"မဝါ"

"လူကြီးသူမတွေက ပြောတယ်၊ စီးပွားတက် လာရင် အလှူအတန်းလေး ဘာလေးလုပ်ရတယ်လို့ပြောတယ်"

"မဝါပြောသလို ကိုကိုထွန်းလည်း လှူချင်တာပေါ့ ××× ဘာလှူရင်ကောင်းမလဲလို့ကိုကိုထွန်းတွက်နေတာရှေ့ပေါ် ကျွန်း ကျောင်းမှာ ဘုန်းတော်ကြီးများအတွက် ဆွမ်းစားကျောင်း





ဆောင်အသစ်ဆောက်လုပ်နေကြတယ်ကြားတယ်၊ အဲဒီကျောင်း အတွက် ကိုကိုထွန်းတို့ မိသားစုက ငွေ(၁၅)သိန်းလှူမယ်"

"ကောင်းတယ် မဝါလည်း သဘောတူတယ်"

အလှူအတန်းတွင်သော်လည်းကောင်း၊ ရပ်ရေး ရွာရေး တွင်လည်းကောင်း ကိုကိုထွန်း(သစ်ကုန်သည်) မိသားစု မှအမြဲလိုအပ်သမျှ လှူဒါန်းသလို

"ဦးကိုကိုထွန်း"

"ဟုတ်ကဲ့...ပြောပါ"

"ဒီနှစ်ကျွန်တော့်သစ်တွေအရောင်းအဝယ်လုပ် တာရှုံး လို့ငွေမလိုက်နိုင်ဘူး။ ဒါကြောင့်ငွေ(၁၀)သိန်း လောက် ချေးငှားပါလို့ အလကားတော့မယူပါဘူး ငွေတိုးပေးပါမယ်ဗျာ"

"ကိုကိုထွန်း ငွေတစ်သိန်းလောက်ချေးဗျာ"

"ခလေးက နေမကောင်းလို့ ဆေးထိုးနေရတာ ဒါကြောင့် ငွေလေးခဏလောက် လှည့်စမ်းပါ ငါ့မောင်ရဲ့"

"အမတို့ လယ်ဒီနှစ်မိုးများပြီး ရေ မြုပ်လို့ငါ့မောင်ရေ အမ ငါ့မောင်ထံကပဲ ငွေခဏယူသုံးမယ်"

ရပ်ကွက်တွင်နေထိုင်ကြသူ မိတ်ဆွေ သူငယ်ချင်းများ၏ အကြောင်းအမျိုးမျိုးဖြင့် လာရောက် ငွေချေးကြသလို ကိုကိုထွန်း၏

www.burmeseclassic.com

www.burmeseclassic.com



အမများကလည်း အကြောင်းအမျိုးမျိုးဖြင့် ငွေချေးကြသည်။ ကိုကိုထွန်း နေအိမ်တွင်ပေးနိုင် ကျွေးနိုင်တော့လည်း လူစည်ကား လျက်ရှိနေပြီး မိမိနှမ်းပါးစဉ်အချိန်က ကိုကိုထွန်းနှင့်မဝါတို့ လင်မယားတို့အား မည်သူမျှ ဆေးပေါ်ကြောဖက်မပြုလုပ်ကြ။ ကိုကိုထွန်း စီးပွားရေးအောင်မြင်လာကြတော့ ဟိုက ဒီကလူများ ရောက်ရှိလာခဲ့ကြသည်။ ကိုကိုထွန်းဖခင်မှာလည်း လေဖြတ်ရောဂါ ဖြင့်အိပ်ယာထဲလဲကာ ဆေးကုသလျက်နေစဉ်မှာ ကွယ်လွန်သွား ခဲ့ရပြီး ကိုကိုထွန်းကိုယ်တိုင် ဦးစီးလျက်ဖခင်အလောင်းကိုမြေမြှုပ် သဂြိုလ်လိုက်ရ၏။

ဖခင်သေဆုံးပြီး (၁)နှစ်ကျော်ကာလတွင် ဖအေတူသား သစ်လောကတွင်ကိုကိုထွန်းဟု နာမည်တစ်လုံးအောင်မြင် ကျော်ကြားကာ ရန်ကုန်-မန္တလေးကားလမ်းမကြီးနဘေး နှစ်ထပ် တိုက် အိမ်ကြီးတစ်လုံးကို သိန်း ၃၀၀ဖြင့် ဆောက်လုပ်ကာ စည်းစိမ်အပြည့်၊နောက်ဆုံးပေါ် ကားများ ဝယ်ယူစီးနင်း နိုင်ခဲ့လေတော့သည်။ ကားတစ်စီးမှ တစ်စီးသို့ ဝယ်ယူခဲ့ရင်း သစ်များ တင်ဆောင်ရန် (၁၀)ဘီးကားကြီးများကိုပါ ပိုင်ဆိုင်လာ ခဲ့ချေတော့၏။ ယင်းနောက်ပိုင်းအစုရှယ်ယာများကိုထည့်ဝင်မည့် သူများကို လက်မခံတော့ဘဲ တစ်ဦးတည်းငွေကြေးဖြင့်မားမား



မတ်မတ် သစ်လောကတွင် ပြိုင်ဘက်မရှိ ဖြစ်စေခဲ့ကာ ဦးကိုကိုထွန်း၏ ကံကြမ္မာအလှည့်အပြောင်းကားထူးခြားအံ့သြ ဘွယ်ရာ အတိဖြင့် စီးပွားရေးဒီရေအလား တစ်ရိပ်ရိပ် တက်လာစေခဲ့ သည်မှာ ကြောက်စရာကောင်းလောက်အောင်ပင် ဖြစ်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အချစ်ကြီးလျှင် ရောဂထူ

စီးပွားရေးနယ်ပယ်တွင် ကိုကိုထွန်း တစ် ယောက် လိုက်မမှီအောင်ကိုဖြစ်ခဲ့ပြီး မည်သူကမှလည်း မယှဉ်ပြိုင်နိုင်၊ သစ်လုပ်ငန်းများကို တပည့်များဖြင့် လွှဲအပ်ထားသည်။ မျက်နှာလွှဲ လိုက်ယုံသာကြာတော့ ငွေကြေးချမ်းသာမှုဒဏ်ကို ကိုကိုထွန်း တစ်ယောက် မခံစားနိုင် အပျော်အပါးစုံမက်လာသည်။ မလုပ်ဖူး တာတွေလည်း လုပ်လေတော့သည်၊ အပေါင်းအသင်း မိတ်ဆွေများ ကမြှောက်ပေးကြသည်၊ ဒါကိုလည်း အဟုတ်ကြီးထင်သည်။ တစ်စ တစ်စ အမျိုးသမီးများ ဖြင့်ပါ ရှုတ်လာလေတော့သည်။

"ကိုထွန်း×× မရီမှာ ကိုယ်ဝန်ရှိနေပြီ"



"အဲဒါ××ဖျက်ချလိုက်ပေါ့×× ငွေဘယ်လောက်ကုန်မှာလဲ"

"မဖျက်ချပါဘူး ကိုထွန်းနဲ့ရတဲ့ခလေးဘဲ အရီတော့ ယူရ မယ်၊ မွေးရမယ်×××"

"ဟာ×××ဘယ်ဖြစ်မှာလဲ။ "

ဤသို့ဖြင့် မရီထံတွင်ကိုယ်ဝန်ရရှိလာခဲ့သည်။ အပျော်ကြီး ခဲ့မှုကြောင့် ကိုကိုထွန်းပတ်ဝန်းကျင်ကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ကြောင့် ကိုကိုထွန်း ကလိန်ခေ့ ငြမ်းဆင်ပြီး အလုပ်သမားဖိုးခွေး ဖြင့် တစ်ဘက်လှည့် မရီဖြင့်ပေးစားလိုက်ခဲ့တော့သည်။

"ဟား×××ဟား×××လောကကြီးမှာ ငွေရှိရင် ကြံသမျှ ပြီးမြောက်တယ်×××ဟား×××ဟား×××"

ကိုကိုထွန်းတစ်ယောက် သွေးနထင်ရောက်သည် စာနာမှု ကင်းမဲ့စွာ သားပျို သမီးပျိုများကို ဖျက်ဆီး၍ ပျော်ချင်တိုင်း ပျော်ကာအကြံပက်စက်စွာဖြင့် လှည့်စားသမျှ အကုန်ခံနေကြရ ရှာသည်။ မကောင်းမှုကို ပြုနေခဲ့ပါသော်လည်း သူလုပ်သမျှ အရာအားလုံးကောင်းသည်ပဲ တွက်ဆနေသည်၊ ဖျက်စီးခံလိုက် ရသည့် အမျိုးသမီးများ မျက်ရည်နှင့်မျက်ခွက်ပြုသမျှ နေကြ ရသည်။

တစ်နေ့ သာဂရမြို့က ဖြိုးဖြိုးသော်ကို ဂျင်အား

www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်နေရင်း ကိုကိုထွန်းလှမ်းတွေ့လိုက်ရသည်။ ဖြိုးဖြိုးသော် အလှကယဉ်သည်။ အလှတကာထိပ်ခေါင်မဖြစ်သေးသည့် ကိုယ်ခန္ဓာ အချိုးအဆစ်ကျသည်။

"အင်း ဒီမိန်းကလေးကို ငါကြည့်မိလိုက်မှ ဘာကြောင့် ရင်တွေတုန်နေရတာပါလိမ့် အခြားမိန်းက လေးတွေလို မဟုတ်ဘူး။ ငါ့နှလုံးသားက သူ့ကို မြင်မြင်ချင်းဘဲ ချစ်မိနေပြီလား"

ဟိုတွေးဒီငေးဖြင့်အချိန်ကုန်လွန်စေခဲ့သည်။ကိုကိုထွန်း စိတ်ပိုင်းဖြတ်ကာဖြိုးဖြိုးသော်ကိုချစ်မိနေပြီ၊ဒီတော့မရအရနည်းနဲ့ယူမည် ဟုစိတ်ပိုင်းဖြတ်ကာဖြိုးဖြိုးသော်မိဘများဖြင့်ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ကာဖြိုးဖြိုးသော်ရဲ့အချစ်ကိုတောင်းခံခဲ့သည်။ဖြိုးဖြိုးသော်က လည်းကိုကိုထွန်းလိုငွေချမ်းသာသူတစ်ယောက်ဆိုတာသိထားသူ။

"ဖြိုး×××ကိုထွန်းသိပ်ချစ်တာဘဲကွာ"

"ကိုထွန်း×××ချစ်ပါတယ်ဆိုတာ ဖြိုးမယုံပါဘူး။ အဲ့××× တစ်ခုတော့ရှိတာပေါ့ ဒီလိုဖြိုးကို ဖြိုးကိုချစ်ရင်လက်ထပ် ပေါင်းသင်း ယူနိုင်ပါ့မလား"

"ဟာ×××ဒါလေးများကွာ လက်ထပ်ပေါင်းသင်းယူနိုင် ပါတယ်"

"ပထမလူရှိပြီးဖြစ်တဲ့ ကိုကိုထွန်းအတွက် ဖြိုးဟာ ဒုတိယ



လူဖြစ်နေတယ်။ ပထမလူထက် ပိုချစ်နိုင် မချစ်နိုင်ဆိုတာက"

"ဖြိုးအချစ်က ပိုလိမ့်မယ် ဒီမှာကြည့်"

"သွား ××××××××× သူ ကဲတယ်"

အချစ်များဆိပ်ဆူးဝင်တဲ့အသည်းနှလုံးနုနုထဲ သို့စိုက်ဝင် သွားခဲ့လေသောအခါတွင်အချစ်ပျားရည်ဆမ်း ချစ်ခရီးလမ်းများဟု ဆိုကြလေသည်။ ကိုကိုထွန်းနှင့်ဖြိုးဖြိုးသော်တရားရုံးတက်လက်ထပ် ကြလေသည်။လူကြီးများကိုသာဂရုမြို့ဖြိုးဖြိုးသော်နေအိမ်၌ ဖိတ် ကြားကာ လွှတ်ရည်မုန့်ဖြင့်တိုက်ကျွေးသည်။ ပျော်ရွှင်၍ ပြုံးပန်း သီးလျှက်နေချိန် ကိုကိုထွန်း၏ဇနီးမဝါခမှာ ဘာမှမသိရှာ နေအိမ်သို့ မည်သည့်အချိန်ပြန်ရောက်လာလေမလား စောင့် စားရတာအမော ပြေစုယုယဘို့ကမိန်းမသားတိုင်းရဲ့တာဝန် ကိုယ့်လင်ကိုယ်ယောကျာ်း ကိုအမြဲတမ်းကြည့်နေခြင်းသည် အရိပ်တကြည့်ကြည့်ဖြင့်နေလာ ခဲ့ရာမှ ဟန်အမူအရာတွေ ကိုကိုထွန်းတစ်ယောက် ပျက်လာချေ သည်။အရှောင်လိုတော့မဟုတ်။ သို့သော်မဝါခစ်ယောက်လင်ဖြစ်သူ ကိုကိုထွန်းကိုတာမျှအထွေအထူး မမေးတော့ဘဲ အချစ်ပိုနေခဲ့သည်။ သို့ပါသော်ငြားလည်း ပတ်ဝန်းကျင်ရှိလူများက ကိုကိုထွန်းအပေါ် ဝေဖန်မှု ကိုယ်ကျင့်တရား မကောင်း မှုများက မဝါထံသို့မကြာမကြာ ရိုက်ခတ်လာဖန်များလေသော် မဝါမနေနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုထွန်းကို မဝါကြည့်နေတာကြာပြီ"

"ဘာကိုလည်း မဝါရယ်"

"မဝါကတော့ ကိုယ့်လင်ကိုယ်သားဆိုပြီး သား မှတ်မှတ် မယားမှတ်မှတ်ပေါင်းသင်းလာခဲ့ရသမျှအခုတော့ ကိုကိုထွန်း မိန်းကလေးတွေနဲ့ရှုတ်ချင်သလို ရှုတ် ပျော်ချင်တိုင်းပျော်နေတာ"

"ဟာ ဒါကတော့ကွာ ယောကျ်ားလေးဘဲ"

"ဟာ ဒါကယောကျ်ားလေးဆိုတာ လုပ်လို့မရဘူး မဝါက ကိုကိုထွန်းကို ချစ်လို့ ဆင်းရဲဒုက္ခခံပြီး ပေါင်းသင်းလာခဲ့တာ အလိုလိုက်ခဲ့တာ အခုတော့ ကိုကိုထွန်းဟိုသာဂရမြို့ကကောင်မနဲ့ လက်ထပ်ပေါင်းသင်းနေတယ်ဆိုတာသိရလို့ မဝါ အရမ်းဘဲအံ့သြမိတယ် ရှက်လည်းရှက်တယ်မဝါ ဒီအိမ်ကြီးမှာမနေတော့ဘူး"

"ဟာ...... မဝါ ဒီလိုတော့မလုပ်ပါနဲ့ကွာ မဝါ မကြိုက်ရင် အဲဒီကောင်မကို ကွာပစ်လိုက်ပါမယ်"

"တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့"

ဤသို့ဖြင့် သဘောထားကြီးစွာ မဝါအိန္ဒြေရရ နေထိုင်လာခဲ့ပြီးကိုကိုထွန်းကဖြိုးဖြိုးသော်ကိုဆက်လက် မပေါင်းသင်းနိုင်ကြောင်း ဖြိုးဖြိုးသော်ကို......ပြောဆိုပြပြီးရ.ယ.ကလူကြီး



များရှေ့တွင်ကိုကိုထွန်း နှင့်ဖြိုးဖြိုးသော်ကွာရှင်းပါကြောင်း ထို့အတူ ဖြိုးဖြိုးသော် နစ်နာကြေးအဖြစ်ငွေကျပ် ၁၀သိန်းပေးလိုက်သည်။ မဝါကမူမိမိလင်ယောကျ်ားကျွံကဲ့သို့ပြတ်ပြတ်သားသား ရှိခဲ့သည့် အတွက်ချစ်လင် ကိုကိုထွန်းအပေါ် အချစ်ပိုကာနေထိုင်ခဲ့စဉ် ကိုကိုထွန်းကား ခွေးမြီးကောက်ကျည်ထောက်စွပ် မဖြိုးဖြိုးသော် ရှိရာနေအိမ်သို့ ထပ်မံသွားရောက်ကာ

"မလွဲသာလို့ ဖြိုးကို ဒီလိုလုပ်ရတာပါကွာ တကယ်တမ်းကြတော့ ဖြိုးကို မခွဲနိုင်ပါဘူးကွာ"

ပြောဆိုပြီး ဖြိုးဖြိုးသော်ထံ မကြာခဏသွား ရောက်နေခဲ့သည်။ မဝါကလည်း ကိုကိုထွန်းတစ်ယောက် ဖြိုးဖြိုးသော်ထံ သွားရောက်နေခဲ့သည်ကိုသိခဲ့သော်လည်း ဘာမှလက်ဆုပ်လက်ကိုင် မရှိသဖြင့် ကိုကိုထွန်းအား

"ကိုကိုထွန်း ဟို ကောင်မနဲ့ ပြန်ဆက်သွယ်နေတယ် ဆိုတာကြားသိရတယ် ဒါဘဲနော်အပြတ်ပြော ထားမယ်မှတ်ထား လိုက်ပါဦး"

"လူတွေက အလကားလျှောက်ပြောနေကြတာပါကွ ကိုကိုထွန်းရဲ့ အချစ်အတွက် မဝါပေါ်မှာဘဲရှိတယ်"

"ထားလိုက်ပါလေယုံလိုက်ပါမယ် အဲ......မဝါမျက်စိနဲ့မြင်မှ


www.burmeseclassic.com

www.burmeseclassic.com



မမြင်သေးတော့ဘာမှမပြောလိုပါဘူး။ မြင်လာခဲ့လျှင်တော့မလွှယ်ဘူးမှတ်ပါ။ ကိုကိုထွန်းရောဟိုကောင်မကိုပါနှစ်ဦးစလုံးကိုရုပ်ပျက်ဆင်းပျက်ဖြစ်အောင်ကို လုပ်ပြစ်လိုက်မယ် ဒါကြေညာချက်၊ တစ်ရပ်ဘဲ"

"ဟာကွာ မဝါကလဲ ကိုယ်မလိမ်ပါဘူး"



× × × × × × × ×



## အချစ်ဟာမီးတဲ့လား

ကိုကိုထွန်းတစ်ယောက်မှာ သစ်လုပ်ငန်းကိုအကြောင်းပြလျှက် ကိုယ်ပိုင်ဝီလီဂျစ်ကားအား ကိုယ်တိုင်မောင်းနှင်လျှက်ဖြိုးဖြိုးသော်ဖြင့် မကြာခဏတွေ့ကြသည်။ အချစ်အတွက် ဆားငံရည်သောက်သကဲ့သို့ သောက်လေငတ်လေဖြစ်ကြရတော့သည်။

"ကိုထွန်း မိန်းမကို အပြီးကွာလိုက်ကွာ"

"ဟာ .... မဖြစ်တူးနဲ့တူတယ်.... သူနဲ့ပေါင်း သင်းလာခဲ့တာ (၁၀)နှစ်ကျော်နေပြီး နောက်သားတွေ သမီးတွေနဲ့ကွ"

"အော်....ဒီကမိန်းမကိုတော့ ကိုထွန်းဘယ်လိုသဘောထားတာလဲ။ ပြောစမ်းပါအုန်း"

"ဒီဟာလည်း....မိန်းမပါဘဲကွာ"

"သူဘဲ....တော်ကြာလက်ထပ်ယူ တော်ကြာ ကွာလိုက်အခုကြတော့ လာပြန်ပေါင်းနေပြန်ပြီဆိုပြီး ဖြိုးကို ပတ်ဝန်းကျင်ကလက်ညိုးထိုးနေကြပြီ။ ဒါ ဘယ်လိုလုပ်ရမှာလဲ"

"ပြောကြပါစေကွာ....အဲဒီ ပြောတဲ့သူတွေ တစ်နေ့ပါးစပ်ညောင်းသွားရင် တိတ်သွားမှာ"

"ဒါဘဲနော် မိန်းမကြီးကို ဖြတ်နိုင်ရင်လာခဲ့"

"ဒါလေးများဖြိုးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟီ........ဟီ........ဟီ........"

ကိုကိုထွန်း သာဂရမြို့သို့ လာရောက်ကာ ကွာရှင်းပြီးဟု ကြေညာထားသည်။ ဖြိုးဖြိုးသော်ထံ နေ့စဉ်ရက်စက်ရောက်ရှိနေခဲ့ပြီး အချစ်စံအိမ်တွင် ခိုနား နေခဲ့သည်။ ကံကြမ္မာအဆိုးအကောင်းကို မည်သူမျှ မသိရှိနိုင်ကြ။ တစ်နေ့ ဖြိုးဖြိုးသော်နေထိုင်သည့် ခြံရှေ့တွင် ကိုကိုထွန်း ဝီလီဂျစ်ကားအားရပ်လျှက် ဖြိုးဖြိုးသော် အခန်းထဲသို့ ကိုကိုထွန်းဝင်ရောက်သွားခဲ့ပြီး ဖြိုးဖြိုးသော်အားဖက်ကာ

"အရမ်းကို လွမ်းလိုက်ရတာကွာ"

"သွားပါ တွေ့ရင်အကဲပိုဘို့လောက်ဘဲသိတဲ့သူ"

"ကွာ ကိုထွန်း ဖြိုးကို မပစ်ရက်နိုင်ပါဘူး"

"ဖယ်ပါ....အပြင်မှာ မေမေတို့ရှိနေတယ်"

"ယောက္ခမကြီးက သဘောတူနေတာဘဲကွ"

"အိုး........ကိုကိုထွန်းကလည်းကွာ"

အချစ်သည်တားစီးမရ။ ဖိုနဲ့မစုံတဲ့အချစ်ပွဲကြီး နွဲ့ပျော်နေကြစဉ်။

"အော် ....ဟော့....နင်တို့နှစ်ယောက်က ဒီလောက်အထိ ချစ်နေကြတဲ့သူတွေတောင် ဖြစ်နေကြပြီလား ဟော့....ဒီမှာ ကြည့်စမ်း....ရော့...."



"ဖျန်း........"

ရုတ်တရက်ဘယ်ကနေ၍ ဘယ်လိုရောက်လာ မှန်းမသိသော မဝါတစ်ယောက် မဖြိုးဖြိုးသော်၏နေ အိမ်အိပ်ခန်းထဲသို့ ဝင်ရောက်လာကာ လက်ထဲတွင် ပလပ်စတစ်ရေခွက်ကြီးကိုင်လျှက် အချစ်ကျီဆယ်မြူးတူးနေကြသူ မဖြိုးဖြိုးသော်နှင့် ကိုကိုထွန်းတို့ အား ပက်ဖျန်းလိုက်တော့သည်။

"အား ပူလိုက်တာ အမလေးပူတယ်"

"မှတ်ထား နှစ်ယောက်စလုံး ငါ့ရဲ့အချစ်အတွက် အသည်းကိုဖျက်ကြတဲ့သူနှစ်ယောက်အတွက် ....အချစ်အတွက် လျှော်ကြေးဘဲ ဟား....ဟား.... ဟား...."

မဝါမှာ ပလပ်စတစ်ခွက်ထဲတွင်ရှိနေသောအပြင်းစား ရေမီးအက်ဆစ်များဖြင့်ပက်ဖျန်းလိုက်ကာဖြိုးဖြိုးသော်နေအိမ်ခြံဝန်း ထဲမှနေ၍ဌင်းစီးလာသည့်ကားဖြင့်မောင်းကာ ထွက်ခဲ့လေတော့၏။

"အမလေး လုပ်ကြပါ၊ ဦး ပူတယ်ဗျ"

"အမေရေ ကယ်ကြပါ၊ ဦး အသားတွေ လောင်ကုန်ပြီ ပူတယ်....ပူလိုက်တာ ကယ်ကြပါ"

ကိုကိုထွန်းနှင့်ဖြိုးဖြိုးသော်တို့ အကျိုပလာကျင်းလျှက်ရေမီး အက်ဆစ်ရေဖြင့်ထိမိသည့် အသားများပုံကြကာ လောင်ကျွမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဖြိုးဖြိုးသော်၏မိခင်မှာလည်း အော်ဟစ်နေကြသည်။ နှစ်ဦးသားရေများဖြင့်လောင်းချနေပါသော်လည်း ဖြိုးဖြိုးသော် မေ့လဲကျသွားခဲ့ပြီး အိမ်နီးနားချင်းအကူအညီဖြင့် နှစ်ဦးသားကို ဆေးရုံသို့ပို့အပ်ခဲ့လေတော့သည်။ သာဂရမြို့တွင် မယားကြီး လုပ်သူမှ ငရဲမီးဖြင့် ပက်ဖျန်းလိုက်ကြောင်းသတင်းကားချက်ခြင်း တောမီးကဲ့သို့ ပြန့်နှံ့သွားကာအံ့ဩသင့်ပြီးပါးစပ်ရာဇဝင်ဖြစ်၍ ကျန်ရစ်ခဲ့လေတော့သည်။

မဝါမှာမူ မိမိကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် မြို့လုံရဲတပ်ဖွဲ့ စခန်းသို့ သွားရောက်ကာ ကိုယ်တိုင်အဖမ်းခံ ဝန်ခံဖြောင့်ဆို ချက်ပေးပြီး မိမိဖြစ်စဉ်အကြောင်းအား အမှုစစ်အရာရှိဖြစ်သူကို မျက်ရည်များဖြင့်ရောပြွန်းစွာ ငိုယိုပြီးပြောကြားခဲ့တော့၏။

"အင်းဗျာ....ခင်ဗျားတို့ဖြစ်ကြရတဲ့အကြောင်းအရာတွေ အားလုံးကို ကျွန်တော်စိတ်မကောင်းပါဘူးဗျာ"

"ကျ...ပ....ကျမ အသည်းပျက်ခဲ့ရပါပြီ အဲ့ဒီ အသည်းပျက် ခဲ့ရတဲ့ လျှော်ကြေးကတော့ ကျမချစ်လင်ကို ချစ်လို့ပါဘဲရှင်"

"ကဲ........ခင်ဗျားကို အားတော့နာပါတယ်။ အမှုဖွင့်ပြီး ကျွန်တော်တို့လုပ်ထုံးလုပ်နည်းအတိုင်း စုံစမ်းစစ်ဆေး အရေးယူ ရမှာပေါ့"



"တရားဥပဒေရဲ့ ဆုံးမမှုကို ကျမနားခံပါ့မယ် ကျမ ကျူးလွန်ခဲ့တဲ့ပြစ်မှုပါ"

"ဆရာ....ဖြိုးဖြိုးသော်ရဲ့ ဆေးရုံတက်ရောက်ကုသနေ ရတာ အခြေအနေကဆိုးဝါးတယ်တဲ့ ဒါ ကြောင့် မြို့လုံဆေးရုံကနေ ပြီး ရန်ကုန်မြို့ဂျပန်ဆေးရုံ ကိုပို့ရမယ်တဲ့"

"အသက်အန္တရာယ်စိုးရိမ်ရသလား"

"အသက်အန္တရာယ်တော့ မစိုးရိမ်ရပါဘူး ဆရာ ဒါပေမယ့် အက်စစ်ငရဲမီးနဲ့ ပက်လိုက်မှုကြောင့်အသားတွေ ပဲ့ကျ တယ်လို့ပြောတယ်"

ရဲတပ်ကြပ်ကြီးမှအမှုစစ်အရာရှိအားပြောကြားပြီး မဝါကို ဆက်လက်စစ်ဆေးအရေးယူရန်ဆောင်ရွက်လျက် စခန်းမှူးထံတင် ပြကာ မဝါအားဖမ်းဆီးချုပ်နှောင်လိုက်လေတော့၏။

✕ ✕ ✕ ✕ ✕ ✕ ✕ ✕ ✕ ✕

စာကြွင်း မိမိ ချစ်ခင်ယုယကြပါကုန်သော လူသား ယောက်ျား လူသားမိန်းမများစွာကိုသတိပေးလိုပါသည်။ မြန်မာ့ မလေ့ နယ်ပယ်တွင် ဆူးပေါ် ဖက်ကျ ဖက်ပေါက်ရ၍ ဖက်ပေါ် ဆူးကျ ဖက်ပေါက်ရဟု ရှေးလူကြီးများဆုံးမခဲ့သည်။မြန်မာမှု နယ်ပယ်တွင် ထုံးတမ်းစဉ်လာရှိထားခဲ့သည်။ ထိုထုံးတမ်းများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယောကျ်ားများသည် ဆူးထိပေါက်ရ ဖက်ဘဝများ မဟုတ် ဖက်ကိုထွင်းပေါက် လိုရာရောက်စေသည်။ ဆူးဘဝပိုင်ရှင်များသာ အသဲစွဲအောင်မှတ်တမ်းပြုကျလျှက် အတင့်ရဲစွာ အပျော်ကြူးပြီး ကွယ်ရာနောက်တွင်အကဲပိုသည်။

ဇနီးမယားချစ်ရည်းစားများရှေ့တွင်မှာမူအသား မကြိုက်တတ်သည့်ကျားကြီး၊ရေ၌မပျော်ပိုက်သည့်ငါးပမာဟန်ဆောင်ကောင်းကောင်းဖြင့် ပျော်ပါးနေကြပါသော်လည်း အချစ်ပွဲများကြုံတုန်းကြုံခိုက် အချစ်စစ်ပွဲဆင်နွဲကြသူများမှာ ယောကျ်ားများလည်းရှိသည်၊ မိမိဂုဏ်သိက္ခာသမာဓိကိုထိမ်းသိမ်းနိုင်သူ ယောကျ်ားများလည်းရှိသည်။ တဏှာပေမ လောဘမဖက်ဘဲ ကျော့ပေးစွန့်ခွာ စက်ဆုတ်ရွံရှာကြသူ လည်းရှိနေကြသည်။သို့ကြောင့်....အချစ်နယ်ကျွံမိကြသူ ထိုယောကျ်ား ထိုမိန်းမ ....များအဘို့ ချစ်သူရည်းစားအခွင့်ရေးသမားကို့ အမြတ်ထုတ်ကာ အချစ်အတုက်ပေးဆပ်ချင်ကြသူမမြင်မျက်ကွယ့်အသိ ကျောခိုင်းနယ်တွင်မေတ္တာများဖြင့် အချစ်တွေကို ဝယ်ယူမိကြသူကိုင်းအတိုင်းအဆမရှိမေတ္တာလျှော့ကြေးမပေးနဲ့ဟူ၍သော်လည်းကောင်း၊ အသည်းပျက်လျှော်ကြေးမပေးနဲ့ဟူ၍သော်လည်းကောင်း၊တန်ပြန်အချစ်များစုဝင်ရှတတ်ပါသည်။အချစ်သွေးသစ်လောင်းချင်ကြသူ ကိုကို၊ မမ၊ ညီညီ၊ ညီမငယ်



တို့အတွက် အသိတရားရှိရှိဖြင့် သတိထားမိနိုင်စေရန်အန္တရာယ်များပြားလှသည့်မေတ္တာရေပြင်ထဲဝယ် သတိမှ ပြုမိပါလေစ ဟုယုံမှားသံသယ မဖြစ်ကြစေရန်မည်သည့်ပြစ်မှုမည်သည့်အတွက်ဘဲဖြစ်ဖြစ်၊ ဖြစ်ပေါ်လာခဲ့မည့်ပြစ်မှုအတွက် တရားဥပဒေကလုံးဝသက်ညှာထောက်ထားသီးခံလိမ့်မည်မဟုတ်ကြောင်း၊ အချစ်ကြီးကြသူ ချစ်ကြရသူများအတွက်ဆင်ခြင်သတိကြီးစွာပြုကာ ချစ်ခင်ပေါင်းသင်းနေထိုင်ခြင်းဖြင့် နေထိုင်ကြပါစေဟု ဆန္ဒတွေအလီလီပြုကာတရားဥပဒေဘောင်အတွင်းနေထိုင်ခြင်းဖြင့်ပျော်ရွှင်ကြပါစေဟုဆုပန်ချီလိုက်ရပါတော့သည်။ (အဖြစ်မှန်မှခင်းအားလုံးလူအမည်အားလွှဲပြောင်းထားလျှက်ရေးဖွဲ့ပါသည်၊ ညစ်ပြီးသောနွားနို့ရည်သည် အချဉ်မပေါက်ရသေးသကဲ့သို့ပင်ပြုပြီးကျူးလွန်ပြီးကာစဖြစ်သောမကောင်းမှုဒုစရိုက်မှုဆိုသည်ရှုတ်ချည်းအကျိုးမပေးနိုင်သေး။ အကျိုးပေးလာသောအချိန်အခါတွင်မူပြာအတိဖုံးလျက်ရှိနေသော မီးကျီခဲကဲ့သို့ပင် ထိုဒုစရိုက်သမားများ၊ထိုလူမိုက်အပေါင်းတို့ကို လောင်ကျွမ်းစေလျက် ယင်းသို့နောက်သို့အစဉ် လိုက်လျှက်သာရှိစေပါတော့သည်။)

www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပွဲ့အနိုင်ယူတဲ့ပွဲ





## လူမိုက်နဲ့ထောင်

လှအောင်ဆိုသည့်လူစားက မိုးကိုဒူးနဲ့တိုက်မဲ့သူ၊ ငယ်စဉ်မိဘများဖြင့် ကွဲကွာပြီးကတည်းက ဆွေမျိုးသားချင်းတွေထံ တစ်လည်လည်ဖြင့်နေထိုင်လာခဲ့ရင်း အငှားနွားကျောင်း၊ လယ်ထွန်၊ ပျို့နုတ်ကအစ မိမိဝမ်းစာရေးကိုရှာဖွေခဲ့သူ။ အုပ်ထိန်းသူမိဘမဲ့တော့ အကွပ်မဲ့ကြမ်း ဗရမ်းဗတာ၊ အသောက်မစားကလည်း ဖက်လိုက်သေးသည်။ မိမိဘဝကို ရွာဦးကျောင်းဆရာတော်က လိမ္မာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်ဖို့၊ လူ့ဘဝတွင် ယောကျ်ားပီပီနေထိုင်တတ်ဖို့ အမြဲဆုံးမသော်လည်း လှအောင်နားမဝင်။ ကွယ်ရာတွင် သူ့လုပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တာကိုပြုလုပ်တတ်သူ။ လှအောင်တို့နေထိုင်တဲ့ ကျေးလက်တောကလည်း မြို့နဲ့အလှမ်း အတော်ဝေးသည်။ မှွန်ပြည်နယ် ဘီလင်းမြို့နယ်၊ တောင်စွန်းမြို့၊ တောင်စွန်းမြို့နဲ့ အရှေ့ဘက်(၁၅)မိုင်ခန့် ဝေးလှသည့်ကျေးရွာ၊ ကျောင်းပညာကလည်း ဒုတိယတန်းနဲ့ကျောင်းထွက်လိုက်ရသည်။ လှအောင်အဖေကလည်း "သေစာ၊ ရင်စာဖတ်တတ်ရင် ပြီးတာပဲကွာ" ဟု ခပ်လွယ်လွယ်ပြောခဲ့သည်။

လှအောင်က ကျေးရွာထဲတွင်ရှိသည့် မိန်းကလေးများကိုတော့ အပျော်တမ်းပိုးသည်။ လှအောင်ကို ကျေးရွာအမျိုးသမီးများက လက်ကြောမတင်း ရွာရိုးကိုးပေါက်လျှောက်၊ ပြီးလျှင် အရက်သောက်၊ အရွယ်ရောက်သည့်တိုင် ဘုရားမသိ၊ တရားမသိဖြစ်နေတဲ့ သူ့ကို စိတ်မဝင်စား။ သူမှုးလား ရမ်းလားလုပ်ရင်တော့ ကျေးရွာသူ၊ ကျေးရွာသားများ ရေငုံနှုတ်ပိတ်နေလိုက်ကြသည်။

အမှန်တော့ အမူးသမားနှင့် စကားမပြောလိုချင်တာဖြစ်သည်။ ဒါကိုလှအောင်က သူ့ကိုကြောက်လို့ တစ်ရွာလုံးက သူ့ကိုကြောက်နေကြလို့ စိတ်ကြီးဝင်နေခဲ့သူဖြစ်ပြီး တစ်ရွာလုံးကို ထိမထင်ပြုခဲ့သည်။ ဒီတော့ ကျေးရွာသူ၊ ကျေးရွာသားများနှင့် လှအောင်၏ဆွေမျိုးမကင်းကြသူတွေက ရွာဦး



ဘုန်းတော်ကြီးကိုသာ တိုင်တန်းခဲ့ကြသည်။ ဆရာတော်က လှအောင်အားခေါ်၍ ပြောဆိုဆုံးမခဲ့သည်မှာ အကြိမ်ကြိမ်။ ရှေ့တွင် တင်ပါ့ဘုရား၊ ပြုပြင်ပါ့မယ်ဘုရားဆိုတာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးပမာ ဆရာတော်ကွယ်ရာရောက်ရင် ခွေးမြီးကောက်ခြေထောက်စွပ်။ ကျေးရွာသူ ရွာသားတွေက မနက်မိုးလင်းသည်နှင့် လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်နေချိန် လှအောင်မှာကကြက်တိုက်၊ အရက်သောက် တွေ့သည့်မိန်းကလေး ရည်းစားကစားပြော၊ အခုလည်းကြည့် လှအောင်ဆန်းရည်မူးပြီး ရွာလယ်လမ်းအတိုင်း လျှောက်လာတော့ ဦးဖုန်းတို့အိမ်ရှေ့ဘက်သို့ရောက်ရှိခဲ့သည်။ ဦးဖုန်းတို့အနောက်ဘက်ရေတွင်းမှာ နှင်းရီကောက်စိုက်ရာကပြန်လာပြီး ရေမိုးချိုးနေတာကို မြင်လိုက်သည်။ အသာရပ်ပြီးကြည့်နေလိုက်သည်။ သိပ်မကြာလိုက်၊ နှင်းရီတစ်ယောက်ရေမိုးချိုးပြီး နေအိမ်တဲအပေါ်သို့တက်သွားသည်။ လှအောင်ရင်ထဲ အပျော်ကြီးပျော်သွားကာ နှင်းရီတို့နေအိမ်တဲအပေါ် ရုတ်ချည်းတက်သွားသည်။ နှင်းရီကလှအောင်ကိုမြင်လိုက်သဖြင့်----

"နှင်-----နှင်-----ဘာလာလုပ်တာလဲ----"

"ငါဘာလုပ်ရမှာလဲဟ နှင့်ကိုချစ်နေတာ၊ချစ်ပါတယ်ဆိုတဲ့ ချစ်စကားလေးတွေကို ပြောပြချင်လို့ပါဟ ဟဲဟဲ "

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် အိမ်မှာက ဘယ်သူမှ မရှိဘူး။ ရှင်အိမ်ပေါ်က ဆင်းသွား၊ ကျွန်မအော်လိုက်မှာနော်"

"ဟား---ဟား--- ဟီး---ဟီး----၊ နှင်းရီက လည်းကွာ၊ ဘယ်သူ့မှမရှိကြတော့ တို့နှစ်ယောက်ပဲပြီး လွတ်လပ်တာပေါ့၊ မဟုတ်ဘူးလား"

လှအောင်မျက်လုံးတွေက နှင်းရီခန္ဓာကိုယ်အပေါ်သို့ ရွှေ့လျားနေပြီ။

"နှင်းရီရယ် နင့်ကိုငါသိပ်ချစ်တာဟာ၊ နင် ငါ့ကို ပြန်ချစ်ပါဟာ နော်"

"ရှင်လို လူရမ်းကားတစ်ယောက်ကို ကျွန်မစိတ်ကူးထဲတောင် မထည့်ဘူး ဖယ်ပါ။ ကျွန်မကိုမထိပါနဲ့"

ဟုပြောဆိုကာ လှအောင်လက်အား ပုတ်ချလိုက်တော့သည်။

"နင့်က မချစ်နိုင်လည်း ငါကချစ်နေရသူဆိုတော့ ငါချစ်တဲ့ အချစ်ကို မရ---အရယူရမယ် ကဲကွာ "

ထရံကြားတွင်ထိုးထားသည့် ဓားဦးရှည်ကို လှအောင်က ဆွဲယူလက်ထဲကိုင်ထားရင်း-----

"နင် အော်ရဲရင် အော်ကြည့်၊ ဒီမှာတွေ့လား၊ တစ်ခါထဲ အသေသတ်လိုက်မယ်၊ အော်စမ်း"ဟု ဓားကိုပြလျက်



ခြိမ်းခြောက်သည်။

"ဒီကိစ္စကို နင်ဘယ်သူ့ကိုမှမပြောနဲ့၊ အေး နင်ပြောခဲ့ရင် သတ်ပစ်မယ်။ ကဲ ငါသွားမယ်" ပြောကြားကာ နေအိမ်တဲအပေါ်မှ လျှင်မြန်စွာ ဆင်းသွားတော့သည်။ နှင်းရီ ငုတ်တုတ်ထိုင်လျက်မျက်ရည် တသွင်သွင်ဖြင့် အပေါ်ပြုကာ မိမိဘဝ ပျက်ဆီးရချေပြီ။

သည်နေ့ ကောက်ငိုက်ပျိုးနုတ်ပြီး ခေါင်းမူးနေသဖြင့် နှင်းရီရွာထဲသို့ စောစောပြန်လာခဲ့သည်။ အိမ်တွင်မိဘများနှင့် ညီအစ်ကိုမောင်နှမတွေကလည်း လယ်ယာလုပ်ငန်းခွင်သို့ ဆင်းသွားကြသည်။ နှင်းရီက သားသမီးများထဲတွင် အကြီးသမီး၊ လုံးကြီးပေါက်လှ အသက်(၂၀)ထဲဝင်လုလု အရွယ်အထိ မိဘ ညီအစ်ကိုမောင်နှမတွေနဲ့ လက်ရေတပြင်တည်း ရိုးသားစွာနေထိုင်သူ။ အနုကိစ္စ ဘယ်လိုရှင်းမလဲ မထူးဟုစိတ်ကို ပိုင်းဖြတ်ကာ မိဘများပြန်လာသောအချိန် နှင်းရီ တစ်ယောက် နေ့ခင်းပိုင်းက လှအောင်စော်ကားခဲ့သည့် အကြောင်းကို ဖွင့်ပြောပြပြီး ကျေးရွာလူကြီးတွေထံ တိုင်ကြားခဲ့သည်။

ကျေးရွာလူကြီးတွေက ယှအောင်ကိုခေါ်ယူသည့်အခိုင် လှအောင်တစ်ယောက် ဂရုမစိုက်ရှောင်နေသည်။ ကျေးရွာလူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေက နှင်းရိမ်ဘမျှားဖြင့် တောင်ဖွန်းရဲစခန်းသို့ သွားရောက်ကာ တိုင်ကြားခဲ့သဖြင့် လှအောင်ကို ရဲတပ်ဖွဲ့စခန်းမှ ဖမ်းဆီးကာ တရားစွဲဆိုတင်ပို့လိုက်ကာ ဘီလင်းမြို့နယ် တရားရုံးတော်က တရားခံလှအောင်အား ပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၇)နှစ် အမိန့်ချမှတ်လိုက်တော့သည်။

**ပျော်စရာကျေးရွာ**

စမ်းချောင်းကျေးရွာတွင် ဆိုးသွပ်ရမ်းကားနေသောလှအောင်တစ်ယောက်ထောင်ထဲရောက်သွားကတည်းက ပူညံဆူညံဖြင့် မရှိတော့။ လှအောင်အားလည်း တဏှာဘီလူးနာမည်ကင်ပွန်းတပ်၍ တပ်ခေါ်လိုက်ကြသည်။ လှအောင်တစ်ယောက် ကျေးရွာ၏တုံ့ပြန်ချက်စကားကိုကြား အံ့မထင်။ ဝင်းဆွေ၊ အောင်ငြိမ်း၊ အုန်းရီတို့မှာကလည်း လှအောင်နှင့်ဆွေရိပ်မျိုးရိပ်မကင်းကြသူ။ သို့သော် လှအောင်ကို ဆွေမျိုးတော်သလိုဆိုရင်လည်းရသည်။မတော်ချင်သည်လည်းရသည်။

ဝင်းဆွေ၊ အောင်ငြိမ်းတို့အိမ်သို့လှအောင်သာရောက် အိပ်စက်စဉ် ဝင်းဆွေမှ အစ်ကိုကြီးသဖွယ် ညီငယ်အားဆုံးမခဲ့သော်လည်း လှအောင်နားမဝင်၊ ယခုလည်းလှအောင်ပြုကျင့်သည့် လုပ်ရပ်က ဆွေစဉ်မျိုးဆက်အထိ နာမည်ပျက်ရမည်။



ဝင်းဆွေ နှင်တို့အမျိုးတွေက ဒီလိုပဲလားဆိုလိုက်လျှင် မရှိ ရင်ထဲနာသည်။ ဝင်းဆွေတို့က လူအေး လူရိုး အလုပ်ကို ကြိုးကြိုးစားစားနှင့် လယ်ယာလုပ်ငန်းခွင်တွင် အလုပ်နှင့်လက်အပြတ်အောင်ပြုနေသူ၊ မိသားစုကလည်း အများသား။ သားသမီး(၂)ဦးကလည်း ငယ်သေးသည်။ သားအကြီးကောင်က (၁၅)နှစ်ထဲ ရောက်နေကြပြီ။ တစ်ခါတစ်ခါ မြို့တက် နွားရောင်းလိုက်၊ နွားဝယ်လိုက် နွားပွဲစားလုပ်လိုက်သေးသည်။ နွားပွဲစားဆိုတော့လည်း သူများတကာလို လိမ်လည်ဖြီးဖျန်းရောင်းဝယ်ခြင်းကို မပြုလုပ်ဘဲ ဈေးမှန်မှန်ကန်ကန်နှင့်သာ ရောင်းဝယ်သူမို့ ဝင်းဆွေဆီကိုသာ နွားများကိုအဝယ်များသည်။ အပေါင်းအသင်းဆံ့သည်။ အောင်ငြိမ်း၊ အုန်းရီတို့ကလည်း နှစ်ဝမ်းကွဲညီတွေ ဖြစ်ကြသည်။ ထိုအတူ လှအောင်ဆိုရင် နှစ်ဝမ်းကွဲတော်သည့်ညီ၊ အောင်ငြိမ်း၊ အုန်းရီတို့ ဆိုလည်း ဒီအတိုင်းပဲ ဆွေမျိုးစပ်တော်ကြသည်။ တစ်ဦးမရှိလျှင် တစ်ဦး ဖေးဖေးမမဖြင့်သာ ကူညီတတ်ကြပြီး ကိုဝင်းဆွေ စကားကိုဆိုရင် ဆွေမျိုးများ ဆောက်ခံကြသည်။ မီးပွားရေးကလည်းကောင်းတော့ ပေးကမ်းထောက်ပံ့မှုကို အစ်ကိုကြီးအဖရာ ကဲ့သို့ ဝင်းဆွေကလက်မနှေးခဲ့။

ဝီရိယ ဇွဲရှိရှိဖြင့် မိသားစုကို ရိုးသားစွာ ရှာဖွေကျွေး

www.burmeseclassic.com

www.burmeseclassic.com



မွေးသူဆိုတော့ စီးပွားရေးက အုတ်ပေါက်ကျေးရွာထဲမှာ အိမ်ကြီးအိမ်ကောင်းကောင်းနဲ့ ပင်းဆွေတို့ နေထိုင်နိုင်ကြသည်။

ဝေါမြို့ဘက်က မာလာတို့၊ ဘုတ်ဆုံမတို့ ညီအစ်မဝမ်းကွဲတွေက အစ၊ အစ်ကိုကြီးဝင်းဆွေ ရွာကို ရောက်လာပြီး လယ်ယာလုပ်ငန်းထဲတွင် ကူညီလုပ်ကိုင်ပေးသည်။ ညီအစ်မနှစ်ဦးစလုံးကလည်း အိမ်ထောင်မရှိ၊ အပျိုတွေဆိုတော့ ဝင်းဆွေတို့ရဲ့ နေအိမ်အပေါ်တက်မှာ နေကြစားကြ ဝိုင်းလုပ်ဝိုင်းစား။ တစ်နှစ်တစ်ကြိမ်ဆိုသလို စပါးရိတ်သိမ်းပြီးစီးမှ ဝေါမြို့သို့ ပြန်ကြလေသည်။ နယုန်၊ ဝါဆိုရောက်လျှင် အုန်းပေါက်ကျေးရွာကို ပြန်ရောက်လာကြပြီး ကောက်စိုက်၊ ပျိုးနုတ်၊ စပါးရိတ်နှင့် တစ်နှစ်ပတ်လုံး အလုပ်ဖြင့် လက်မပြတ်လုပ်ရအောင် လုပ်ကြရမြဲဖြစ်သည်။

**ယောင်ထွက်လူမိုက်ပြန်လာပြီ**

လှအောင် အကျဉ်းဦးစီးဌာနမှ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့တော့သည်။ လှအောင် ကျေးရွာသို့ပြန်ရောက်ရှိလာသည်။ အစ်ကိုဝင်းဆွေ၏နေအိမ်တွင် ခွင့်တောင်းကာနေထိုင်သည်။ ယခင်ထက် လှအောင် လေသံကပိုပြင်းထန်နေသည်။ ဒီကြားထဲ ကာယသိန္ဓိ၊ တုတ်ပြီးဆေး ဓားပြီးဆေး ဝက်ကုန်း ဆေးမှင်ကြောင်ထိုးထားသည်



ကို ခဏခဏ ပြရသည်မှာလည်း အမော။ တုတ်ပြီးဆေး၊ ဓားပြီးဆေးကို အကြောင်းပြုပြီး မိုက်ဂုဏ်ပြသည်။ စိန်ခေါ်သည်။ ရန်စသည်။ ကြာတော့ရွာမှာ ယောင်ထွက် လှအောင်ကို ယခင်ကထက် ပိုကြောက်ရွံ့လာခဲ့ကြသည်။

ဓားဖြင့်ခုတ်ပါက ဓားပြီးကြောင်း တုတ်နဲ့ရိုက်ပါကလည်း တုတ်ပြီးကြောင်း ဆိုသောစကားတွေကြောင့် ကျေးရွာအတွင်းလှအောင်ကို ပို၍မျက်နှာချိုသွေး ဆက်ဆံကြသည်။ တစ်နေ့ကုန်၍ တစ်မိုးရောက် ဆောင်းအကုန် နွေအကူး တာတန်ခူးလ သင်္ကြန်ကျခဲ့သည်မှာ (၂)နှစ်ပင်ဖြစ်ခဲ့သည်။ လှအောင်ရဲ့အပြုအမူ၊ အနေအထိုင်အရင်ကထက်မိုက်တိ မိုက်ကန်း။

“ဟော့ ---- ဒီရွာမှ မိုက်တဲ့ကောင်ထွက်ခဲ့၊ မင်းတို့မိန်းမတွေ အကုန်မုဆိုးမဖြစ်ကုန်မယ်”

အော်ဟစ်ဆဲဆိုသော်လည်း ဘက်ပြိုင်ရန်ပြု ယှဉ်ပုံ့သူရှားမှရား၊ တစ်နေ့ ကိုဝင်းဆွေ၊ ကိုအောင်ငြိမ်း၊ ကိုဘုန်းရှိ၊ လှအောင်တို့ အရက်အတူသောက်ကျရင်း ကိုဝင်းဆွေက လှအောင်အား-----

“လှအောင်---- မင်းလည်းထောင်ကထွက်လာကတည်းက ပိုမိုက်ကြောင်းတွေကြီးပဲထပ်နေတယ်။ မင်းနောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်လိမ်လိမ်မာမာမနေဘဲ ဒီအတိုင်းနေရင် တစ်နေ့ ပြဿနာ ပေါ်လိမ့်မယ်ကွ" ပြောလိုက်ရာ---

"အံ့မာ ဟား ---ဟား---- ရယ်တောင်ရယ်လိုက်ချင်သေး။ ခင်ဗျားတို့ လူအ လူကြောက်တွေက ထောင်ကို လန့်ဖြန့်နေမှာပေါ့ဗျာ၊ ကျုပ်ကထောင်ကို ခြင်ထောင်လို လုပ်အိပ်တဲ့လူစား၊ ခင်ဗျာ မှတ်ထား၊ ထောင်စော်နံလို့ ပြန်လာတာ။ ပျင်းတောင်ပျင်းသေးတယ်ဗျ"

"မဟုတ်ဘူးလေကွာ၊ မင်းအတွက် ကောင်းကောင်းမွန်မွန်နဲ့ မိမိဘဝရေ့ရေး၊ မင်းအခု ဘာလုပ်ကိုင်စားမလဲ၊ ဒီအတိုင်းကြီးပဲ မင်းနေတော့မလား"

လှအောင် တောချက် အရက်ကို တစ်ကျိုက်မော့သောက်ပြီး မျက်နှာတစ်ချက် မဲ့စွာဖြင့် ကိုဝင်းဆွေကိုကြည့်လိုက်ပြီး ------

"ကျုပ် ဘာလုပ်ရမှာလဲ၊ ခင်ဗျားပါးစပ်ပေါက်ကို ပိတ်ထား၊ ဒီမှာ ဘာနဲ့စားမလဲဟုတ်စ"

"ဟုတ်တယ်လေကွာ"

"ဘာနဲ့စားမယ်၊ ကျုပ်ကိုမမေးနေနဲ့ အခု ဘယ်သူကျွေးသလဲ ပြောစမ်း" လှအောင်က ဝင်းဆွေအား မေးလိုက်ရာ-----



"ဟာ--- မင်းငါ့အိမ်နေ၊ ငါပဲမင်းကို ကျွေးနေရတာပဲ"

"ကျုပ်ခင်ဗျားကို ပြောလိုက်မယ်၊ အခု ခင်ဗျားအိမ်မှာရှိနေတဲ့ ဝေါမြို့က ညီအစ်မနှစ်ယောက်စလုံးကို ကျုပ်ယူမယ်ဗျာ။ အဲဒီတော့ ခင်ဗျား အိမ်သားဖြစ်သွားပြီပေါ့၊ မဟုတ်ဘူးလား"

"ဟာ---လှအောင် မင်းစော်ကားလာပြီကွ"

လူရိုးလူအေး ဝင်းဆွေ ဒေါသထောင်းကနဲဖြစ်သွားကာ-----

"စော်ကားတော့ ဘာဖြစ်သေးသလဲ ပြောစမ်း၊ ထပ်ပြောလိုက်ဦးမယ်။ အဲဒီ ညီအစ်မနှစ်ယောက်စလုံးကို ကျုပ်မရအရယူပြမယ်။ ဒါကို ခင်ဗျားတို့မကျေနပ်ရင် ခင်ဗျားအပါအဝင် ညီအစ်ကိုတွေရဲ့ ခေါင်းပြတ်ပစ်မယ် မှတ်ထား၊ လှအောင်က ပြောရင်ပြောသလို လုပ်ရဲတယ်နော်"

အဲဒီနေ့က လှအောင်ကို မည်သူကမျှ ခွန်းတုံ့ပြန်လှန် စကားမပြောဖြစ်ခဲ့ကြ။ လှအောင် မူးလို့ပြောသည်ပဲဆိုတာ လွယ်လွယ်တွေးလိုက်သည်။ တစ်နေ့ ဘုတ်ဆုံမ မဖုံးနိုင် မဖိနိုင် ကိုယ်ဝန်(၄)လရှိလာချေတော့ ကိုဝင်းဆွေဇနီးဖြစ်သူက တိုးတိုးတိတ်တိတ် မေးမြန်းလိုက်သည့်အခါ လှအောင်၏

www.burmeseclassic.com

www.burmeseclassic.com



အတင်းအဓမ္မ စော်ကားခံရကြောင်း၊တခြားသူတွေကိုလျှောက်ပြောရင် သတ်ပစ်မယ်ဆိုကြောင်း၊ နောက်တော့ ကိုယ်ဝန်ကိုလွယ်ရသည်ထိ ဖြစ်လာရသည်။ မထူးတော့ ဒီအခြေအနေကျမှ လင်မယားအဖြစ် ဇနီးမောင်နှံအဖြစ်သာ သွပ်သွင်းလို့မဂ်လာမဆောင်၊ ရပ်ရွာလူကြီးတွေ အကြောင်းမကြား၊ မြန်မာရိုးရာမင်္ဂလာဆွမ်းကပ်ဖို့ဆို ဝေလာဝေးဖြင့်သာအကြင်လင်

မယား ဘုတ်ဆုံနှင့် လှအောင်ပေါင်းစေသတည်းဟုသာကိုဝင်းဆွေ ရှက်ရှက်ဖြင့် အိမ်ပေါ်တင်ကျွေးရရှာတော့သည်။ ပြဿနာအေးစေလိုသောသဘော၊ ထို့အတူ ကိုယ့်မိန်းမနှင့်ကိုယ်ဆိုတော့ မယားပြောစကား တစ်ညမို့ လှအောင်ရဲ့ဘဝ ကောင်းချင်ကောင်းလာလိမ့်မည်ဟု ထင်ခဲ့ပါသော်လည်း လှအောင်က

"ကိုဝင်းဆွေ ကျုပ် ဘုတ်ဆုံမကို ယူပြပြီးပြီနော်၊ဟဲဟဲ တစ်ယောက်၊ အင်း တစ်ယောက် ကျန်ရှိနေသေးတယ်ဗျ"

" ဟာကွာ လှအောင် မင်းလွန်လွန်လာပြီကွာ၊ မင်းသိပ်လွန်လာပြီကွ"

"ကောင်းပြီလေဗျာ၊ ကျုပ်လွန်တယ်ဆိုရင် ခင်ဗျားကြီး ကျုပ်ကို ဘာလုပ်မှာလဲ ပြောစမ်း၊ကျုပ် ခင်ဗျားနော်သတိထား၊ ကျုပ်ရည်မှန်းချက် မပြည့်သေးခင် ဘာမှ ခင်ဗျားကိုမလုပ်ချင်ဘူး"



လူရိုးလူအေးဝင်းဆွေ ဘာမှ မပြောရဲ၊ မိုက်ရူးရဲသည့်လူမိုက်ဖြင့် ပြိုင်မိုက်နေပါက ကိုယ့်မှာက သားနှင့်သမီးနှင့်မိသားစုလေးပြိုကွဲပြီး ထောင်ထဲဝင်နေလိုက်ရရင်ဘာမှအကျိုးမရှိကြောင်းတွေးတောရင်းဖြင့်သည်းခံခြင်းဖြင့်သာနေခဲ့သည်။

တစ်နေ့ ကိုဝင်းဆွေ နွားပွဲစားရှိရာ တောင်စွန်သို့အောင်ငြိမ်းနွားဝယ်ရန် မြို့တက်ခဲ့သည်။ နွားပွဲဈေးမှာဝင်းဆွေဖြင့် တွေ့ရှိပြီး တောအရက်ဆိုင်လမ်းဘေးတဲတွင် အရက်သောက်ကြပြီး ဝင်းဆွေက----

"မင်းနဲ့ကွာ နွားလိုချင်ရင်လဲငါ့ကိုမှာလိုက်ရင်လည်းရသားပဲ။ သက်သက် မြို့ပေါ်ထိ တက်လာတယ်"

"ဟာ ကိုဝင်းဆွေ အဒီ ဥစ္စာ အရေးကြီးတဲ့ကိစ္စ ကျွန်တော်ကြောက်ပြီး မနေရဲလို့ဗျ"

" ဘာလဲကွ၊ မင်းကိစ္စက"



www.burmeseclassic.com

www.burmeseclassic.com








"ဟိုကောင် လှအောင်လေဗျာ"

"အေး ဘာဖြစ်သလဲ ပြောစမ်းပါ"

"ဘာဖြစ်ရမှာလဲ ဒီကောင် မာလာကို နိုးပြေးသွားပြီး လယ်ကွင်းပြင် တောစပ်မှာ ပေါင်းသင်းနေတယ်ဗျ၊ ဒီကောင် စကားအတိုင်း ညီအစ်မနှစ်ယောက်ကိုတော့ ရအောင်ဒီကောင် ယူပြလိုက်တာပဲ။ ဒီကောင် စကားအတိုင်းဆိုရင် ကျွန်တော်တို့ ဦးခေါင်းကို ဒီကောင်ဘာဝနေ့နေ့ ဖြတ်ပစ်မှာ သေချာနေပြီဗျ"

"ဟေး---ဗုဒ္ဓေါ"

ကိုဝင်းဆွေကြားလိုက်ရသည့်စကားကြောင့် လန့်သွားလေတော့သည်။

## သတင်းခြေရာ

လှအောင် စမ်းချောင်းကျေးရွာတွင် ပျောက်ခြင်းမလှ ပျောက်ဆုံးနေသည်။ လှအောင်ပျောက်ဆုံးကြောင်းကို အမှုဖွင့် တိုင်ကြားမည့်သူ မည်သူမျှမရှိကြ။ သို့သော် တောင်ကြီးကျေးရွာနေ ဦးတိုးက တောင်ဇွန်း ရဲတပ်ဖွဲ့စခန်း ရဲအုပ်မြင့်အေးဖြင့် တွေ့ဆုံကာ ဦးတိုးက-----

"စခန်းမှူးကြီးကို အကူအညီ တောင်းခံချင်လို့ပါ"

"ကျွန်တော်တို့အမြဲ ပြည်သူနဲ့ရဲ လက်တွဲပြီးကူညီ

www.burmeseclassic.com

www.burmeseclassic.com





မကောင်းမှုဟူသည်ဆိတ်ကွယ်ရာမရှိ



နေတာပါဗျာ၊ ကူညီဖို့ အဆင်သင့်ပါပဲ။ ကဲပြောပါ ဘာကူရမလဲဆိုတာ"

စခန်းမှူးရဲ့အုပ် ယဉ်ကျေးသိမ်မွေ့စွာ ဦးတိုးအား ပြုံးရွှင်သော မျက်နှာဖြင့် ဆီးကြိုမေးလိုက်ရင်း ဦးတိုးမှာ ကြောက်လန့်နေသည့်ပုံသဏ္ဍာန်ကြောင့် စခန်းမှူးရဲ့အုပ်မြင့်အေးက–

"ဦးတိုးကြည့်ရတာ တစ်ခုခုကြောက်လန့်နေပုံပဲဗျာ"

"ဒီလိုပါ စခန်းမှူးကြီးရယ်–––ဟို––ဟို––ဟို"

"ကဲ အေးအေးဆေးဆေး စိတ်ချလက်ချ ပြောပါဦးလား"

"ဒီလိုပါ စခန်းမှူး၊ တုတ်ပြီး၊ ဓားပြီးတဲ့ လူမိုက် ကျွန်တော်တို့ရွာရဲ့ အရှေ့ဘက် အုတ်ပေါက်ကျေးရွာက လှအောင်ကိုသတ်ပြီးကျွန်တော့်လယ်ကွင်းထဲမှာလာမြှုပ်ထားကြကြောင်းကြားသိရလို့ တကယ်လို့ ဒီအလောင်းမြှုပ်ထားရင်လည်း စခန်းမှူးကြီးတို့က ဖော်ပြီး ထုတ်ပေးဖို့ အကူအညီတောင်းတာပါ"

" ဘယ်လို ဦးတိုးရဲ့ ဒါရာဇဝတ်မှုပဲ––ဒါ––ဒါ ဦးတိုး ဘယ်ကရတဲ့သတင်းလဲ၊ တဆိတ်ပြောပါဦး"

"ဘယ်သူကသတ်သလဲဆိုတာတော့ကျွန်တော်လည်း မသိရပါဘူး စခန်းမှူးကြီးရယ်၊ ကျွန်တော့်လယ်ကွင်းထဲ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကြီးမရှိရင် ပြီးတာပါပဲ။ ရွာထဲမှာပြောနေကြလို့ပါ"

"ကဲ ကောင်းပြီဗျာ၊ ဒါဟာ သိပ်ကောင်းတဲ့သတင်းပဲ၊ ကျွန်တော်တို့ အခုပဲ လိုက်ခဲ့ကြမယ်"

တောင်ခွန်ရဲတပ်ဖွဲ့စခန်းမှ ရရှိသတင်းပေးပို့ချက်အပေါ် သုံးသပ်ချက်တို့ဖြင့် ရဲအုပ်မြင့်အေး၊ဒုရဲအုပ်လှအောင်၊ နယ်ထိန်းတပ်ကြပ်ကြီး မောင်မောင်တင်၊ ကျော်ထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ စုစည်းကာ ဦးတိုးနေထိုင်သည့် တောင်ကြီးကျေးရွာသို့လိုက်သွားကာ ကျေးရွာဥက္ကဋ္ဌအိမ်တွင် ဝင်ရောက်နားလိုက်ရင်း လှအောင်၏ သတင်းများကို စုံစမ်းရတော့သည်။ စခန်းမှူးရဲအုပ်မြင့်အေးက-----

"ဆရာ ကိုလှအောင်ရေ----သေဆုံးတဲ့သူကလည်းလှအောင်၊ အမှုလိုက်တဲ့သူကလည်းလှအောင်ဆိုတော့ ဟဲ-ဟဲ ဘယ်လိုပြောမလဲဗျ။ ဟိုလေဗျာ၊ ဓာတ်တူနံ့တူဆေးဘက်ကူ နံ့ကူထပ်တော့ ဒီအမှု အမြန်ဆုံးပေါ်လိမ့်မယ်ဗျ၊ ဒီတော့ လှအောင် တည်းခိုနေထိုင်ခဲ့တဲ့ အိမ်ရှင်ကိုဝင်းဆွေနဲ့ အောင်ငြိမ်း၊ အုန်းရီကို ဒီကနယ်ထိန်းတပ်ဖွဲ့ဝင်တွေနဲ့အတူ ခေါ်ဗျား သွားခေါ်လိုက်ဗျာ၊ ကျွန်တော် ဒီမှာ လိုအပ်တာဆက်လက်ပြီး သတင်းစုံစမ်းမယ်"

"ဥက္ကဋ္ဌတို့ ကြားတဲ့သတင်းက ဘယ်နေ့ကကြား



ထားတာလဲ"

"ဘယ်လိုပြောရမလဲ စခန်းမှူး၊ အုတ်ပေါက်ကျေးရွာသားတွေက လူမိုက်လှအောင်တစ်ယောက်ကိုဝိုင်းသတ်ပြစ်လိုက်ကြလို့ သေသွားပြီ၊ အဲဒီလှအောင်အလောင်းကို တောင်ကြီးကျေးရွာနားမှာမြှုပ်နှံထားတယ်ဆိုတာတော့သတင်းထွက်နေတာ (၂)ရက်(၃)ရက်ရှိနေပြီ"

"ဝိုင်းပြီး သတ်တယ်ဆိုတော့ ဘယ်သူတွေလဲဗျ"

"အဲ---ဒါတော့ ကျွန်တော် ကျွန်တော်တို့လည်း မသိတာ အမှန်ပါ"

"မဟုတ်ဘူးလေ၊ ဥက္ကဋ္ဌတို့ တစ်ခုခုကိုကြောက်လန့်နေကြတဲ့ ပုံတွေ ကျွန်တော်မြင်နေရတယ်"

"ဟို-------ဟို------ဟို "

"ကျွန်တော်တို့က ဥပဒေဘောင်အတွင်းက ဥပဒေသမားတွေပါ။ ကျွန်တော်တို့ကိုလည်း ဥက္ကဋ္ဌ ဘာမှ ကြောက်လန့်နေစရာမလိုပါဘူး။ ရဲတပ်ဖွဲ့ကို ပြည်သူက ကြောက်စရာမလိုသလို ဒုစရိုက်မှု ကျူးလွန်တဲ့သူတွေသာလျှင် ကြောက်ရမှာပါ။ လှအောင်သေဆုံးကြောင်း၊အလောင်းဖျောက်ဖျက်ထားကြောင်းကို တာဝန်သိစွာနဲ့ ကျွန်တော်တို့ကို ကူညီနေတာကိုပဲ ဝမ်းသာလှပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်တို့က တောင်သူလယ်သမားတွေဆို တော့ စခန်းမှူးကြီးရယ် ဟို အန္တရာယ်ပြုမှာလည်း ကြောက်ရ သေးတယ်"

"ဒီအတွက် မပူပါနဲ့၊ သိသလောက်လေးသာပြောပြ ပေးပါနော်"

"ကျွန်တော်တို့ ကြားမိတာကို ပြောမှာနော်စခန်းမှူး"

"ဟုတ်ကဲ့ ကြားမိတာကို ကျွန်တော် ခြေရာကောက် စုံစမ်းဖော်ထုတ် အရေးယူရမှာပါ"

တောင်ကြီးကျေးရွာဥက္ကဌ ရေနွေးကြမ်းခွက် ပန်းကန် အား ဒခန်းမှူး ရဲအုပ်မြင့်အေးထံ လှမ်း၍ပေးကာ-----

" ဒီလို စခန်းမှူးကြီးရဲ့ ------------------ --------ကြားမိတာပါပဲ။ ရွာထဲမှာလည်း နံ့နေပြီ"

ဥက္ကဌ အဖွဲ့နဲ့ ဦးတိုးတို့ ပြောပြချက်၊ ကျေးရွာသား တွေရဲ့ ပြောကြားချက်အရဆိုရင်တော့---

"အင်း----"

စခန်းမှူးရဲအုပ်မြင့်အေး ခေါင်းမော့ကာ အမှု အသွား အလာကို ဆန်းစစ်လိုက်ကာ ခေါင်းတစ်ချက်ညိတ်၍----

"ဗိုလ်ကြီး ဒီမှာ ဝင်းဆွေတို့ ညီအစ်ကိုတွေ ရောက် လာပါပြီ"



"ကောင်းပါပြီဗျာ၊ သူတို့ကိုလက်ထိပ်ခတ်လိုက်တော့ ဗျာ"

" ဟာ စခန်းမှူး ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ ဖမ်းတာလဲ"

" ဟုတ်ကဲ့ ကိုဝင်းဆွေ ကျွန်တော်ခင်ဗျားရဲ့ ရိုးသား မှုကို ဂုဏ်ယူပြီး အသိအမှတ်ပြုပါတယ်။ သို့သော်လည်း ကျွန် တော့်မှာက တာဝန်ထမ်းဆောင်နေရသူမို့ ကျွန်တော့်အပေါ် ခွင့်လွှတ်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေကြားထဲမှာ သိတွေ့ဆက်ဆံနေရတော့ လူမှားဖွာ ဖမ်းလို့မရဘူး။ ပြစ်မှု ကျူးလွန်ပဲ ကျွန်တော်ဖမ်းလိုက်တယ်ဆိုပါတော့ဗျာ။ သူ့ နောက်မှာ မှီခိုနေကြတဲ့ မိသားစုကြီး၊ဆွေမျိုးအားလုံး ဒုက္ခ ရောက်ကြရတာပါပဲ၊ ဒါတွေကို သေချာ စိစစ်စုံစမ်းထောက် လှမ်းပြီး နိုင်လုံမှ ဖမ်းရခြင်းဖြစ်ပါတယ်"


"စခန်းမှူးကြီး ပြောတာ လက်ခံပါတယ်။ ဒီလူမိုက် လုအောင် အသတ်ခံလိုက်ရတယ်၊ သတ်တယ်ဆိုတာ ကျွန် တော်တို့ မဟုတ်ပါဘူး"

"ကဲ ကိုလှအောင် ခင်ဗျားက အနီးရှိကို စစ်ဆေးဗျာ၊ ကျန်တဲ့သူတွေကို ဟိုနားက မကျည်းပင်ရိပ်မှာ နယ်ထိန်းအ ဖွဲ့နဲ့ လွတ်လွတ်လပ်လပ်ထိုင်နေကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com








ဟုပြောဆိုလိုက်သဖြင့် ဒုရဲအုပ်လှအောင် အုန်းရီအား ဥက္ကဌနေအိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားကာ စစ်ချက်ရေး မှတ်ယူနေတော့သည်။ စခန်းမှူးရဲအုပ်မြင့်အေးက ရှေ့တွင် ခုံတန်းရှည်တွင် ထိုင်နေသည့် ဝင်းဆွေအား တစ်ချက်စိုက် ကြည့်ကာ လက်ဖက်တစ်ဇွန်းခပ်စားလိုက်ရင်း----

“ကိုဝင်းဆွေ လက်ဖက်စားဦးဗျာ၊ရေနွေးကြမ်းလည်း ချလိုက်ပါဦး၊ ခက်တယ်ဗျ၊ ပြစ်မှုကျူးလွန်ကြတဲ့သူတိုင်း အပြစ်ကိုဖုံးကွယ်တတ်ကြတယ်။ သို့သော် ကျွန်တော်တို့က စုံစမ်းဖော်ထုတ်လိုက်ကြတဲ့အခါ ကျူးမှုများပါကြောင်းဝန်ခံတတ် ကြတာဗျ၊ ဩော် ကိုဝင်းဆွေကို ပြောတာ မဟုတ်ဘူးနော်၊ ဟိုတစ်ခါ တရားခံတုန်းက၊ အခုကိုဝင်းဆွေက ရိုးသားတဲ့ တောင်သူလယ်သမားဆိုတော့လိမ်ညာမှာတော့မဟုတ်ပါဘူး”

ပြောဆိုလိုက်ရင်း စခန်းမှူးရဲအုပ်မြင့်အေးက အပြုံး မပျက် အေးတိအေးစက်ဖြင့် လှို့ဝှက်မှုဆန်သည့် မျက်စိဖြင့် ကိုဝင်းဆွေကိုကြည့်လိုက်သည်။

**မိုက်ချူနီဂုံး**

ထိုအချိန်တွင် နေအိမ်အပေါ်ထပ်မှ ဒုရဲအုပ်လှအောင် တစ်ယောက်ဆင်းလာကာ စခန်းမှူးရဲအုပ်မြင့်အေးအား အလေးပြု၍ စခန်းမှူးရဲအုပ်မြင့်အေးက----

www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ်ကဲ့ စခန်းမှူး"

"ကဲ ------ ဥက္ကဋ္ဌ အဖွဲ့နဲ့ အုန်းရှိ၊ အောင်ငြိမ်းတို့အဖွဲ့တွေ ဒီကို ခေါ်လာလိုက်လေဗျာ၊ ဥက္ကဋ္ဌ အဖွဲ့က သက်သေထား၊ ကိုဝင်းဆွေ တိုးတိုးလေးသာ ပြောပါ။ ခင်ဗျား မလိမ်တတ်ဘူး ရိုးသားစွာ နေထိုင်ကြောင်း ကျွန်တော် သိထားပြီးပြီပဲဗျာ"

ကျေးရွာ ဥက္ကဋ္ဌနှင့် အသိသက်သေများ ရှေ့မှောက်တွင် ဝင်းဆွေတို့ လူသိုက်အား စုပေါင်းမထားဘဲ ခွဲ၍ တစ်နေရာစီတွင် တစ်ယောက်ကျော်တွင် ကျေးရွာလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်အချို့အား ထိုင်ခိုင်းကာ---

"ကိုဝင်းဆွေ စလို့ရပြီးဗျာ၊ ကိုလှအောင်ကလည်း အားလုံးလိုက်မှတ်ထားပြီး သေချာ နားထောင်နော်"

"ဟုတ်ကဲ့ စခန်းမှူး"

"အဖြစ်က ဒီလိုပါ စခန်းမှူး။ ကျွန်တော် ပထမပိုင်းတော့ ကျွန်တော်နဲ့ ဆွေမျိုးတော်စပ်တဲ့ လှအောင်ကို ကျွန်တော်ကိုယ်တိုင် တင်ကျွေးခဲ့တယ်။ ဒါလည်း ကျွန်တော့်ညီ တစ်ယောက်လို ချစ်ခဲ့ရတာပါ"

"လှအောင်က အမြဲပဲ ကျွန်တော်တို့ကို ညီအစ်မ နှစ်



ယောက်စလုံးကို ရအောင် ယူပြမယ်။ ပြီးရင် ကျွန်တော်တို့ ညီအစ်ကို လေးယောက်စလုံးရဲ့ ခေါင်းဖြတ်ပစ်မယ် ကြိမ်းဝါးနေခဲ့တဲ့အတိုင်း ညီအစ်မ (၂)ဦးစလုံးကို ရအောင်ယူပြီးသွားပြီ။ တို့ရဲ့ခေါင်းကို လှအောင် ဖြတ်ပစ်တော့မှာပဲဆိုပြီး တွေးမိလာခဲ့တယ်။ ကျွန်တော်တို့ သိပ်ကြောက်သွားတယ်"

ဝင်းဆွေမှ မောသွားဟန်ဖြင့် ခဏ နားလိုက်ကာ စခန်းမှူးရဲ့အပ် မြင့်အေးအား ကြားဖြတ်ကာ ----

"ဒါဆိုရင် ဒီတောင်ကြီးကျေးရွာက ဦးတိုးလယ်ကွင်းကစဥ်းရိုးနားမှာ လှအောင်အလောင်းမြှုပ်ထားတာ ကျွန်တော်တို့ သွားရှာတာ မတွေ့ပါလား"

မေးလိုက်ရာ ဝင်းဆွေက----

"စခန်းမှူး အလောင်းကို ရှာဖွေနေကြမှန်း ရွာထဲမှာ ကြားနေခဲ့ပါတယ်။ အခုလည်း ဒီကောင်တွေက ဖော်လိုက်လို့ အမှန်အတိုင်း ကျွန်တော်ဖွင့်ပြောနေတာ။ စခန်းမှူးတို့ ရှာတဲ့နေရာ အလောင်းမြှုပ်ထားတဲ့ နေရာ မဟုတ်ပါဘူး"

"ဒီကောင် လှအောင် ၈၀၀ ကျော်ကွင်းထဲမှာ မာလာနဲ့ ပေါင်းသင်း နေထိုင်ခဲ့တယ်၊ ကျွန်တော်တို့ ညီအစ်ကို စုပေါင်းပြီး တုတ်ပြီးဓားပြီးတဲ့ လှအောင်ကို ဘယ်လိုသတ်ဖြတ်ရမလဲဆိုတာ တိုင်ပင်ပြီး စုပေါင်းပြီး ဓား၊ လှံ၊ မှိန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ထွက်လာခဲ့ကြတယ်။ လှအောင်နေတဲ့ တဲအနီး ကိုက် ၃၀၀ မရှိတရှိမှာ ကျွန်တော်တို့ ဆွေမျိုးညီအစ်ကိုတွေ တဲကို ဝိုင်းပြီး-----

"ဟေ့ ----- လှအောင်။ မင်းကို ဒီည အသေသတ်မယ်။ မင်း တဲအပြင်ဘက်ကိုထွက်ခဲ့ကွ"

ဝင်းဆွေမှ လက်ထဲတွင် ကျစ်ကျစ်ပါ ဆုပ်ကိုင်ထားသည့် ဓားဦးရှည်ဖြင့် အမှောင်အောက် ကြီးစိုးချိန် ရဲဝံ့စွာဖြင့် တုတ်ပြီး ဓားပြီးလှအောင်ခေါ်လိုက်ရာ တဲအတွင်းမှ လှအောင်ကဓားဆွဲလျက် အပြင်သို့ထွက်လာကာ----

"မင်းတို့ သေချင်နေကြပြီနဲ့တူတယ်။ ဟေ့ကောင်တွေ အရင်ဆုံးသေချင်တဲ့ကောင် ရှေ့တက်ခဲ့ကွ၊ လှအောင်တဲ့ကွာ၊ ဟား ---- ဟား ---- ဟား"

အမှောင်ထုအောက်တွင် လှအောင်မှာရယ်မော၍ စိန်ခေါ်လိုက်သည့် လမိုက်ညမို့ အမှောင်ကအင်အားကြီးနေကြသလို အမိုက်မှောက်ဖုံးနေကြသည့်လူတစ်စုနှင့် စကောလောက်မှ ဇောက်မနက်သည့် လူမိုက်တစ်ဦး စိန်ခေါ်သံကား ၁၈၀၀လယ်ကွင်းပြင်တွင် ဟိန်းသွားလေတော့သည်။ ထိုစဉ် ဝင်းသိန်းမြင့်မှ အမှောင်ထုအတွင်း တွားတက်လာကာ လူမိုက် လှအောင် ခြေထောက်ကိုဝါးရင်းတုတ်ဖြင့် တအားလွှဲရိုက်



လိုက်လေတော့သည်။

"အား---မလေးဗျာ"

ဟုအော်ဟစ်ရင်း ပက်လက်လန် လဲကျသွားစဉ် ဝင်းဆွေနှင့်အဖွဲ့ ရောက်ရှိလာကြသည်။

"ဟေ့ကောင်လှအောင် တုတ်ပြီးဓားပြီးတဲ့မင်းကို အရည်ခွံဆုတ်ပစ်မယ်၊ ဒီကောင့်ဓားကိုကောက်ယူထား"

"ဆွေမျိုးသားချင်း; နှမကိုတောင်မှ စည်းမစောင့်တဲ့ကောင်-----ကဲကွာ"

"ခွေးမသား မင်းနဲ့သားချင်းတော်ရတာ တို့နာမည်ပျက်တယ်"

ယခုတော့ တုတ်ပြီးဓားပြီး လှအောင်တစ်ယောက် ညီအစ်ကိုဆွေမျိုးသားချင်းများ၏ ဒေါသ, မာန်မာနကို ယှဉ်ပြိုင်အံတုဖက်ရန် မစွမ်းသာတော့၊ လူမိုက်ဇာတ်သိမ်းရတော့မည်။

တစ်ချက်သာ လှအောင်အော်သွားနိုင်သည်။ မလှုပ်တော့။ ငမိုက်သားတို့သွားရာလမ်းဖြစ်သည့် အသေဆိုးသေရခြင်းဖြင့် နောက်ဆုံးနိဂုံးချုပ်ရလေ၏။

"ကဲ---ဒီကောင်သေပြီ၊ ဆန်ကုန်မြေလေး ရွာမှာရှိလည်းအပိုပဲ။ ဒီကောင့်အလောင်းကို ဆွဲလာခဲ့ကွာ၊ ဝိုင်းဆွဲကြ၊ ပြီးရင် ၁၈၀၀လယ်ကွင်းက စဉ်းရိုးနားမှာ မြေကျင်းတူး

www.burmeseclassic.com

www.burmeseclassic.com




မြှုပ်လိုက်ကြရအောင်။ မင်းတို့ အားလုံးနှုတ်လုံးကြပါစေ။ အဲဒီ လိုနဲ့ လှအောင်အလောင်းကို မြေမြှုပ်ပျောက်ဖျက်ထားပြီး မြေ မြှုပ်ထားလိုက်ပါတယ် စခန်းမှူး"

"ကဲ---ကဲ--- သူတို့အဖွဲ့ကို ဒုရဲအုပ်လှအောင်က ပဲ ထိန်းသိမ်းလိုက်ပါ"

စခန်းမှူး ရဲအုပ်မြင့်အေးမှ မနက်ဖန် မနက် ဆက် လက်ဆောင်ရွက်စရာများကို ပြောဆိုမှာကြား၍ နယ်ထိန်း တပ်ဖွဲ့ဝင်များဖြင့် တောင်ဇွန်း ရဲတပ်ဖွဲ့စခန်းသို့ ပြန်လာခဲ့ တော့သည်။

နံနက်မိုးသောက်အလင်းရောက်သောအခါ တရားခံ ဝင်းဆွေနှင့်အတူ အပေါင်းပါးများ ဘီလင်းမြို့နယ် တရားရုံး တော်တွင် ဖြောင့်ချက်များပေး၍ ဝန်ခံထွက်ဆိုခဲ့သည်။

မြို့နယ်တရားသူကြီး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ် တပ်ဖွဲ့မှူး၊ စခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ နယ်မြေခံတပ်မတော်





သားများဖြင့် ပူးပေါင်းကာ လှအောင်အလောင်းမြေမြှုပ် ဖျောက်ဖျက်ထားခဲ့သည့်နေရာတွင် ပြန်လည်တူးဖော်စစ်ဆေး တော့သည်။

လှအောင်ဝိုင်းဝန်းရိုက်သတ်ခဲ့သည့် လူသတ်မှုကြီး အား တောင်ဇွန်းရဲတပ်ဖွဲ့စခန်းမှ (ပ) ၁၁၈၆/၉၈ ပြစ်မှုဆိုင် ရာဥပဒေပုဒ်မ ၃၀၂/၂၀၁/၃၄တို့အရအမှုကို တည်ဆောက် နိုင်ခဲ့ရတော့သည်။ ဥပဒေအပြင်ဘက်မှ ဒေါသကိုဒေါသချင်း တုံ့ပြန်ရာတွင် အမှားကြီးအမှား၊ အရှုံးကြီးရှုံးနေရသည်က ဝင်းဆွေတို့လူတစ်သိုက် မိုက်နှောင်တပြင့်သာ တစ်ဦးနှင့်တစ် ဦး သံဝေဂ ရလျက်ဖြင့် ရှိချေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com








ရာဇဝတ်ဘေးပြေးမလွတ်



www.burmeseclassic.com

www.burmeseclassic.com








# ကိုယ် ချင်း စာ နာ

"ဟီး--ဟီး--ဟီး"

" ဟဲ့ အိမ်ရှေ့မှာလာပြီး ငိုနေတာဘယ်သူလဲ"

"ဟီး--ဟီး--ဟီး"

" ပြောနေတာ အကြားဘူးလား"

မကွေးတိုင်း၊ သရက်မြို့၊ အနောက်ဘက်ရပ် မြောက်ပိုင်းရပ်ကွက်၊ ဝါးတန်းလမ်းတွင် ကြက်ဝက်များ မွေးမြူကာ ကြက်ဥများရောင်းဝယ် ဖောက်ကားလျက်ရှိနေသည့် ဒေါ်ထားညွန့် တစ်ယောက် ဥစားကြက်ဥများ ကောက်နေရာမှ မိမိအိမ်ရှေ့တွင် မည်သူမှန်းမသိရှိသဖြင့် ကြက်ဥကောက်နေရင်း လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ ငိုနေသူထံမှ အဖြေမရသဖြင့် ဒေါ်ထားညွန့် ကြက်ဥဆွဲခြင်းအား ဆွဲလျှက်နေအိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ မိမိအိမ်ရှေ့တွင် အသက်အရွယ် ၁၃ နှစ်ခန့်ရှိ မိန်းကလေးတစ်ဦး ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကို တွေ့လိုက်ရ၍-

" ဟဲ့ ကလေးမ ဘာလို့ငိုနေရတာလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟီး--ဟီး--ဟီး"

" ကဲပါကွယ် တိတ်တော့ မငိုပါနဲ့၊ ဘာဖြစ်လို့လဲ"

ဒေါ်ထားညွန့်က အမျိုးသမီးငယ်ကို မေးမြန်းနေပါသော်လည်း အမျိုးသမီးငယ်က ပြန်မဖြေ။ မငိုရန် အားပေးစကား ပြောကြားကာ အမျိုးသမီးငယ်ရဲ့ မျက်နှာပြင်အား သေချာ စူးစိုက်ပြီးကြည့်လိုက်မိမှ အမျိုးသမီးငယ်မျက်နှာတွင် အညိုအမည်းများ ဖူးရောင်လျက်ရှိနေကြောင်း တွေ့ရှိလိုက်ရပြီး ကြင်နာသော စိတ်များ ယိုဖိတ်ကာ မြေမဆည်နိုင်လောက်အောင် ဒေါ်ထားညွန့်တစ်ယောက် မတားဆီးနိုင်သော မျက်ရည်များကျလာကာ အော်ဟစ်ငိုကြွေး လိုက်တော့၏။

" အမယ်လေး အရပ်ကတို့ရယ် မကယ်နိုင်ကြတော့ဘူးလား ဒီကလေးမ မိန်းကလေးတစ်ဦး ဒဏ်ရာဒဏ်ချက်တွေနဲ့ လူစိတ်မှ ရှိကြသေးရဲ့လားဟဲ့"

ဒေါ်ထားညွန့် အမျိုးသမီးငယ်နှင့်အတူ ရော၍ ငိုလိုက်မှုကြောင့် အိမ်နီးချင်း နေထိုင်ကြသူ ဒေါ်မှူမှူချို၊ ဒေါ်ခွေးမ၊ ဒေါ်ဘုတ်ဆုံ အိမ်နီးချင်းများ ရောက်ရှိလာကာ အမျိုးသမီးငယ်တို့သော်လည်းကောင်း ဒေါ်ထားညွန့်တို့



လည်းကောင်း ဝိုင်းဝန်းမေးမြန်းကြလေ၏။

"ဒေါ်ထားညွန့်ကြီးလည်းတိတ်တော့၊ ဒီကသမီးက ဘယ်ကဘဲကွယ် မငိုနေနဲ့တော့ ကြီးကြီးကူညီပေးမယ်။ ဘာဖြစ်လို့ငိုနေတာလဲ ပြောပါဦးကွယ်" မေးမြန်းလိုက်ရာ ဒေါ်ထားညွန့်က-

" ဒီကလေးမလေး ငါ့ဆီမှာ ကြက်ဥလာလာပြီး ဝယ်နေကျ တလေးပါ။ သူ့မျက်နှာ မှာ ကြည့်စမ်းပါဦး အရှိုးရာတွေနဲ့ ကောန်န ဒါ ဟို အိမ်ရှင်ကောင်မ နုနုဝင်း လူမဆန် ရိုက်လား တန်လား ကြောက်လား လုပ်မှာပေါ့အေ"

"ကဲသမီး အန်တီတို့၊ ကြီးကြီးတို့ကို ပြောပါဦး ဘယ်လိုက ဘယ်လို ဖြစ်တာလဲ မငိုနဲ့တော့ ဟုတ်လား"

ငိုယိုနေသည့် အမျိုးသမီးငယ်သည်ရှိုက်ကြီးတငင် ငိုနေရာမှတိတ်ကာ စကားပြောလာသည်။

"သမီးကို အန်တီအိမ်ရှင် ဒေါ်နုနုဝင်းက လွန်ခဲ့တဲ့ ၃ လခန့်ကစပြီး အိမ်ဖော်လုပ်ဖို့ စရောက်ကတည်းက အိပ်ရာတွေစောင်တွေ မခေါက်လို့ဆိုပြီး မကြာခဏ အရိုက်ခံ နေခဲ့ရပါတယ် ကြီးကြီးရယ် ပြီးတော့ တံမြက်စည်းနဲ့ ရိုက်လိုရိုက်၊ သူ့ရဲ့ပါးစပ်ကြီးနဲ့ကိုက်လို့ကိုက်၊ ဆဲလို့ဆဲနဲ့၊ တွေ့ရာ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပေါက်လို့ပေါက်ခံခဲ့ရပါတယ်"

"လူမဆန်လိုက်ကြတဲ့သူတွေပဲ၊ ကဲ ဆက်ပြောစ
ပါဦးသမီးရယ် နာမည် ကဘယ်လိုခေါ်သလဲ"

"သမီးနာမည် ခင်မာကြိုင် လို့ခေါ်ပါတယ်ရှင့် သမီးရဲ့
အာကိုလဲဆွဲဖြဲ၊ လက်သည်းတွေနဲ့လည်း ကုတ်ဖဲ့ပါ တယ်၊
သမီးဆံပင်ကိုကိုင်ပြီးကြမ်းပြင်နဲ့ဆောင့်၊ သမီးငိုတော့ မငိုနိုင်
အောင်၊ မအော်နိုင်အောင်သမီးရဲ့ပါးစပ်ထဲကို အဝတ် ဆို့ပြ
ရိုက်တယ်၊ အာခေါင်ကို တုတ်ထောက်ထားပြီး ရိုက်ေ
တယ်ရှင် ဟီး --- ဟီး"

မခင်မာကြိုင်က ငိုယိုပြောဆိုနေသည့် စကားများကို
ဝိုင်းနားထောင် နေကြသူများမှာ မျက်ရည်မဆည်နိုင်အောင်
ဖြစ်ကြကာ မျက်ရည်များကို လက်ဖမိုးဖြင့် ခေါ်မှုမှုချ
သုတ်လိုက်ရင်း-

## ကိုယ်ချင်းစာနာ



"ဒါဆိုရင် သမီး အဲဒီနေအိမ်က ထွက်ပြေးလာ
ာလား"

"သမီး ရှေ့ဆက်ပြီး သည်းမခံနိုင်တော့ပါဘူး ကြီးကြီး
ို့ရယ်၊ နှိပ်စက်မှု မခံနိုင်လို့ သူ့အိမ်က ထွက်လာခဲ့ပြီး ဘယ်
ွားရမှန်း မသိလို့ ကြက်ဥဝယ်တဲ့ ကြီးကြီးအိမ်ရှေ့မှာ သမီး
နေတာပါ"

"ကောင်မလေးမျက်နှာမှာ ကြည့်စမ်းပါဦး ဒဏ်ရာ
တွေက အများကြီး"

"ဒီကောင်မလေး အကျီကိုချွတ်ပြီး ကြည့်ကြရ
အာင်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍ လာရောက်ကြည့်ရှုကြသည့် အမျိုးသမီးကြီးတစ်သိုက်မှာ စာနာမှု၊ ထောက်ထားလိုမှု၊ ကူညီပံ့ပိုးပေးလိုမှုဖြင့် ဒေါ်မှုမှုချိုက ခေတ္တထိန်းသိမ်း စောင့်ရှောက်ကာ စာနာမှုအပြည့်ဖြင့် မခင်မာကြိုင် ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားရှိသည့် အင်္ကျီများကို အများရှေ့တွင် ချွတ်ချလိုက်သောအခါတွင် -

"ဟယ်တော့ နောက်ကျောမှာ ညိုမည်းနေပါလား ရင်ဘတ်တွေရော၊ ဝဲယာလက်မောင်းနှစ်ဖက်စလုံးလဲ ဒဏ်ရာတွေနဲ့ပါလားကွယ်။ ဒဏ်ရာနဲ့ လူနဲ့ မလိုက်လိုက်တာ၊ ကဲ မဘုတ်ဆုံ ဒီကလေးမလေးကို ထုံးဆနွှမ်းနဲ့ရောပြီး လိမ်းပေးကြ ရအောင်"

"အေးပါဟယ်၊ ဒါ အဲဒီ အိမ်ရှင်ကို ဒေါသထွက်နေတာ၊ ပရုတ်ဆီနဲ့ လိမ်းပေးရင် ပိုကောင်းမယ်"

"အား သမီးနာတယ် ကြီးကြီး"

"အေး အဲဒီဆေးလိမ်းလိုက်ရင် ပျောက်သွားမှာ ခဏလေး သည်းခံလိုက်နော်၊ ဒါနဲ့ သမီးတို့က ဘယ်မှာ နေကြတာလဲ ပြောပြပါဦးကွယ်"

"သမီး နေတာက နတ်မောက်မြို့မှာပါ"



မတ်တတ်ရပ်လို့ လမ်းမှာငို

"ကိုရင်သာညြ ရှင့်ကလေးတွေ တစ်ယောက်ပြီး တစ်ယောက်မွေးခိုင်းပြီး အခုတော့ ရှာမကျွေးနိုင်ဘူး မဟုတ်လား၊ တော်ဟာလေ အသုံးမကျတဲ့လူပိုသက်သက်ပဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ အညွန့် သားသမီး (၈) ရောက်စလုံးရယ်၊ နင်ရယ်၊ ငါရယ် ပေါင်းလိုက်ရင် (၁၀)ရောက်စာ ငါ့ဝင်ငွေလေးနဲ့ ဘယ်လောက်ပဲ့မလဲကွ၊ ကလေးတွေက အချိန်တန်ရင်တော့ ဘယ်နေမလဲ စားချင်သောက်ချင် မှာပေါ့၊ ကြံစမ်းပါဦး အညွန့်ရာ"

ရှင်တို့ ယောကျ်ားတွေ ဒါပဲ၊ နောက်ဆုံးတော့မိန်းမရဲ့ အကြံဉာဏ်ကို ယူရ တာပဲမဟုတ်လား"

" အညွန့်ရာစကားမရှည်ပါနဲ့ တို့မိသားစု ဘယ်လို ဖြေရှင်းကြမလဲဆိုတာ အရင်းအနှီးငွေကလဲ မရှိဘူးကွာ၊ ငွေရှိရင် ဟာင်း ရင်းလို့ရသား"

မကွေးတိုင်း၊ နတ်မောက်မြို့နယ်တွင် နေထိုင်သည့် ကြံရာကျပန်း တစ်နေ့လုပ် တစ်နေ့စားလုပ်နေသော ဦးကျော်သောင်း ဒေါ်လှညွန့်တို့တွင် ဝင်ငွေ ထွက်ငွေ ရှာဖွေငွေကြေး မလုံလောက်လို့ သားသမီးရှစ်ဦးထဲမှ မခင်မာကြိုင်က ဆဌမသမီး အသက် (၁၅) နှစ်ထဲ ဝင်နေပြီး နတ်မောက်မြို့နှင့် အလှမ်းကွာဝေးလှသည့် ပိတ်ချင်းစမ်းကျေးရွာတွင် သက်ငယ်ကိုးတိုးကျဲတဲ ထရံကာ စုတ်ပြတ်လျက် ကြယ်ရောင်လရောင် အတိုင်းသာ မြင်တွေ့ရသည်။



သရက်မြို့နေ ဒေါ်နုနုဝင်းက နတ်မောက်မြို့သို့ လွန်ခဲ့သည့် ၃လခန့်က ရောက်ရှိပြီး ယင်းနေအိမ်တွင် အိမ်ဖော်လိုအပ်သဖြင့် မိသားစုစိတ်ဓါတ်ဖြင့် ဗိုင်းကူဗိုင်းစား အမျိုးသမီးငယ်တစ်ဦး လိုချင်ကြောင်း ပြောသဖြင့် မခင်မာကြိုင်၏ အမေ ဒေါ်လှညွန့်၏ သူငယ်ချင်း ဒေါ်ခွေးမက ဈေးစပ်ပေးသဖြင့် သမီးဖြစ်သူ မခင်မာကြိုင်ကို တစ်လလျှင် ၂၅၀ ကျပ်နှုန်းဖြင့် တစ်နှစ်စာ ငွေ ၃၀၀၀ ကျပ် ကြိုတင်ယူကာ သမီးကို အိမ်ဖော်လုပ်ရန် ထည့်လိုက်တော့သည်။

မခင်မာကြိုင် သရက်မြို့ ရောက်တော့ အိမ်ရှင် ဒေါ်နုနုဝင်း အိမ်ရာမထခင် ထမင်းချက်ရသည်။ ပြီးနောက် ရေခပ်ထည့် အဝတ်လျှော်၊ ကြမ်းတိုက်၊ ပန်းကန်ဆေး၍မှ မပြီးသေး၊ ကလေးကို ချော့ရသည်။ အိမ်ရှင်ကလေးကလဲ ဂျိကျလွန်းသည်။

မခင်မာကြိုင် ကလေးထိန်းရာတွင် ကလေးက မတိတ်၊ ငိုသထက်ငိုသည်။ ကလေးငိုရ ကောင်းလားဟု မခင်မာကြိုင်၏ ဆံပင်ကိုဆွဲလျက် ကြမ်းပြင်နှင့် နဖူးကို ဆောင့်သည်။ နေ့စဉ် အရိုက်အနှက်က မလွတ်၊ အထုအထောင်း အဆဲ အဆိုကလဲ အဆက်ပါသည်။ ဒေါ်နုနုဝင်း

www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ လာလည်ကြသည့် ဧည့်သည်များရှေ့တွင် -

"သမီးလေးက သိပ်လိမ္မာတာပဲ။ ကျွန်မက သူတို့ မိသားစု စားဝတ်နေရေး အဟွက် ချောင်လည်အောင်လို့ ခေါ်ပြီး ပြုစုပျိုးထောင်ပေးတယ်။ ကျောင်းလဲ ထားပေးမယ်။ တောရပ်တောရွာမှာနေတဲ့ တောသူတွေဆိုတော့ မြို့ကြီးသူ တွေလို ဖနေတတ်တော့ ညင်ညင်သာသာနဲ့ ပုံစံသွင်းရတာ ပေါ့။ အတတ်နိုင်ဆုံး တော ခလေ့ တောအထာ ရွာခလေ့ကို ဖျောက်နေရတယ်။ မစန်းကြည်ရေ့ ကျွန်မက သားသမီးချင်း ကိုယ်ချင်းစာတာ" ဟု ပြောဆို အမှတ်ယူကာ နောက်ကွယ် ရာတွင် -

" သေချင်းဆိုးမ ငါ့ပိုက်ဆံငွေ ၃၀၀၀ိ နင့်အမေက ယူထားပြီဆိုတော့ တန်အောင်ခိုင်းရမယ်၊ ပန်းကန်တွေ ဆေးပြီးရင် အိမ်ရှေ့က ကြမ်းပြင်ကို အုန်းဆံနဲ့ သေသေ ချာချာတိုက်၊ နင့်မျက်ခွက် မပြောင်ချင်နေပါစေ၊ ကြမ်းပြင်ကို ပြောင်လက် နေအောင်တိုက်၊ ဘယ်နဲ့တော် နင်တို့ရွာမှာလို စည်းမရှိကမ်းမရှိ လုပ်ချင်သလို လုပ်နေလို့မရဘူး ကောင်မရဲ့ သတ်ပစ်လိုက်မယ်"

"နင်နော် ဗိုက်ကြောပြတ်သွားမယ်"



"ကြောက်ပါပြီ၊ အန်တီရယ်"

ခွေးမ၊ အသံမထွက်နဲ့ နင်အသံကြောင့် ပတ်ဝန်းကျင် က လူတွေသိကုန်ရင် ငါသိက္ခာကျတယ် တိတ်စမ်း၊ မသာမ"

နေ့စဉ်နေ့တိုင်း အိမ်ရှင်ဖြစ်သူ ဒေါ်နုနုဝင်းရဲ့ ဆဲဆို သံဖြင့် အိပ်ရာမှ အမင်္ဂလာဖြင့်အတူ ထခဲ့ရပြီးနေ့စဉ် တာဝန် တွေ အကုန်သိမ်းကြုံးလုပ်ကာ ညဘက်ကျပြန်တော့ အနင်း အနှိပ်ကလေး လုပ်ပေးရတယ်။ ကံမကောင်းချင်တော့ တံမြက်လှည်းတဲ့ တံမြက်စည်းနဲ့ အရိုက်ခံရပြီးမှ မခင်မာကြိုင် မောပန်းမှုဖြင့် မေးစက်အနားယူခဲ့ရသည်။ ရိုက်လို့ ငိုယိုပြန် တော့ ငို၍ဟုဆိုကာ မခင်မာကြိုင်၏ ပါးစပ်ကို ဟစေလျက် တုတ်တစ်ချောင်းဖြင့်ထောက်ကာ ရိုက်သည်။ ငိုချင်ပါသော် လည်း ထောက်ထားသော တုတ်ကြောင့်ငို၍ မရ အလျဉ်း သင့်လျှင် အာကိုဆွဲဖြဲ ထိလိုက်သေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ အစေခံ ကျွန်မ နင့်ကိုအိမ်သာဆေးပါလို့ ပြောထားတာ နားမလည်ဘူးလား၊ လာစမ်း၊ လာစမ်း၊ ကဲဟယ် - ကဲ"

"အန်တီရယ် ကြောက်ပါပြီ"

"ဘာကြောက်ပါပြီလဲ နင်တို့ ငါ့ပိုက်ဆံ ယူသုံး ထားတာကျတော့ကောင်းသလား တန်အောင်ကိုခိုင်းရမယ်"

ဆံပင်စကို ကိုင်၍ သံမံတလင်းဖြင့် ဆောင့်ချလိုက်မှုကြောင့် နဖူးဆံပင် ကြားမှ သွေးများယိုစီးကြလာလေသည် မခင်မာကြိုင် သွေးများကျလာသည်ကို သုတ်လိုက်ရင်း -

"အန်တီရယ် သမီးကြောက်လှပါပြီ"

"သွား အိမ်နောက်ဖေးမှာ ဆန္ဒမ်းနဲ့ ဆားသွားထည့်၊ နင့် မျက်နှာကို ငါမကြည့်ချင်ဘူး၊ အစုတ်ပလုတ် တောသူမရဲ့ သွား--သွား"

"ဟီး--ဟီး--ဟီး"

"နင့်အမေလင် ဒီအိမ်မှာ သေနေတာမဟုတ်ဘူးနော်၊ ငိုမနေနဲ့၊ ငါလုပ်လိုက်မှာ" ဒီနေ့ (၁၂-၁၂-၉၉) ရက်နေ့ မခင်မာကြိုင် အိမ်ရှင်၏ အဆူအပူကို ကြောက်လန့်တကြားဖြင့် နေထိုင်လာခဲ့ပြီး ယင်းနေ့ မနက်ပိုင်းတွင် ကလေးထိန်း



ခိုင်းရာမှ ကလေးလဲချော်၍မရ ငိုသထက်ငိုနေသဖြင့် ငို့ရ ကောင်းလားဟု ပြောဆိုကာ ဒေါ်နုနုဝင်း တံမြက်လှည်းသည့် တံမြက်စည်းရိုးဖြင့် မခင်မာကြိုင်အား ရိုက်နှက်နေတော့သည်။

"ကြောက်ပါပြီ အန်တီရယ်၊ သမီး ကလေးကို တိတ်အောင် ထိန်းပေးပါ့မယ် ဟီး--ဟီး"

"ကောင်မ ဘာအခုမှ ကြောက်ပါပြီလဲ၊ တုတ်မြင်မှ ကြောက်တယ် တဲ့လား။ ကဲဟယ် ကြောက်ဦးဟယ်၊ ကဲ-ကဲ"

"အမလေး ကြောက်ပါပြီအန်တီရဲ့ သမီးကို မရိုက်ပါနဲ့တော့"

"ဗိုလောက်တောင် အသံပြဲပြီး အော်ရသလား၊ ဖျန်း -ဖျန်း"

"ဒုတ်-ဖျန်း အော်ရဲအော်ကြည့်စမ်း ကောင်မ"

အိမ်ရှင်ဒေါ်နုနုဝင်း မခင်မာကြိုင်အား ပါးများကို စိတ် ကြိုက်ရိုက်ချ လိုက်သလို ဆံပင်ဆွဲလျက် မျက်နှာနှင့် နံရံအား ဒုတ်ခနဲမြည်အောင် လူမဆန်အကြင်နာမဲ့စွာ တိုက်ချ နေလိုက်တော့သည်။

"သွား အိမ်နောက်ဘေးက ရေအိုးထဲရေ အပြည့် ထည့်ပြီးရင် အဝတ်တွေ လျှော်၊ ကျက်သရေမရှိတဲ့ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ငိုမနေနဲ့နော်၊ ကောင်မ အသက်ထွက်မယ် သာမှတ်”

ဒေါ်နုနုဝင်း သားသမီးချင်း ကိုယ်ချင်းမစာနိုင် မိမိရဲ့ နေအိမ်တွင် ခိုင်းစေရတာလဲ၊ ငါ့ပိုက်ဆံ ကြိုတင်ပေးပြီး ခိုင်းတာပဲဟု ဆိုကာ ကျွန်ကဲ့သို့ ပြုမူနှိပ်စက်ခြင်း၊ ရက်စက်ခြင်းများကို ကမ်းကုန်အောင် နေ့စဉ်ပြုကျင့်နေခဲ့ခြင်း ကြောင့် မခင်မာကြိုင်သည် ဒေါ်နုနုဝင်း အလစ်တွင် ထွက်ပြေးလာခဲ့သည်။ မိမိကို ရိုက်နှက်ထားသော ဒဏ်ရာဒဏ်ချက်များမှာ နာကျင်လွန်းလှ၍ သော်လည်း ကောင်း၊ ဘယ်ကိုမှ မသွားတတ်၊ မလာတတ်ဖြစ်နေတာ ကြောင့်သော် လည်းကောင်း၊ နေ့စဉ် ကြက်ဥသွားရောက် ဝယ်ယူနေခဲ့သည့် ဒေါ်ထားညွန့် နေအိမ်ရှေ့တွင် မတ်တပ်ရပ်၍ ငိုနေချေတော့၏။

## စာနာမှုကင်းသူ


အမျိုးသမီးပျို၏ ဒဏ်ရာဒဏ်ချက်များကိုကြည့်၍ ကြင်နာမှုဖြင့် ဒေါ်နုနုဝင်း ပြုသမှုနှခဲ့ရသည့် မခင်မာကြိုင်အား လူသားချင်းစာနာ ထောက်ထားကြသည်၊ ဒေါ်မူမူချိုနှင့် အမျိုးသမီးကြီးများအဖွဲ့က ဝိုင်းဝန်းကာ ဆေးလိမ်းပေးကြပြီး မခင်မာကြိုင်ပြန်လည်ပြောပြနေခဲ့သည့် အကြောင်းအရာ



များကို စိတ် မကောင်း ဖြစ်မိနေချိန်တွင် အိမ်ရှင် ဒေါ်နုနုဝင်းမှာ ဒေါ်မူမူချို နေအိမ်သို့ ရောက်ရှိလာပြီး -

“သမီးရယ် ဘယ်ပျောက်နေတာလဲ၊ အန်တီမှာတော့ သမီးအတွက် စိတ်ပူပင်လို့ လိုက်ရှာနေတာကွယ်”

ချိုသော မျက်နှာဖြင့် ပြောကြားလာသည့် အိမ်ရှင်၏ စကားကို ကြားလိုက်ရပြီး အိမ်ရှင်ကိုပါ မမျှော်လင့်ဘဲတွေ့ လိုက်ရသော မခင်မာကြိုင်မှာ ကြောက်လန့်တုန်လှုပ်နေပြီး ထပြေးကာ ပုန်းအောင်းနေသည်ကို ဝိုင်းဝန်းကြည့်ရှုနေကြသည့် အမျိုးသမီးကြီး (၁၀) ဦးခန့်က ဖြေမဆည်နိုင်အောင် ဖြစ်မိလေတော့၏။ အိမ်ရှင် ဒေါ်နုနုဝင်းက -



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ အိမ်ဖော်ကလေးကို ပြန်ခေါ်သွားမယ်"

"ရပါတယ် ပြန်ခေါ်သွားရင် ခေါ်သွားပါ။ ဒါပေမယ့် ကိုယ်ချင်းစာတရားလေးတော့ ရှိသင့်ပါတယ်"

"ကျွန်မရဲ့အိမ်ဖော်သမီးလေးကိုသိပ်ချစ်တာပါရှင်"

ဦးရဲဝင်း၏ ဇနီး ဒေါ်မူမူချိုနှင့် အမျိုးသမီးကြီးများ အိမ်ဖော် မခင်မာကြိုင်ကို ချော့မော့လျက် တွေ့ဆုံပေးခဲ့ပါ သော်လည်း -

"အန်တီတို့ရယ် သမီး ပြန်မလိုက်သွားပါရစေ နဲ့နော်။ သမီး ထိုင်ကန်တော့ပါတယ်။ သမီးလိုက်သွားရင် အိမ်ကြရင် သမီးကို အငြိုးနဲ့ အသေရိုက်တော့မှာ မလိုက် ပါရစေနဲ့နော်၊ သမီးကို ကယ်ပါရှင်"

"ကဲ ဒီတော့ မနုနုဝင်းလဲ သူ့မလိုက်ဘူးဆိုတော့ ကလေးစိတ်ချမ်းသာအောင် ထားရစ်ခဲ့ပါလို့ ကျွန်မတို့ အမျိုးသမီးတစ်သိုက်က မေတ္တာရပ်ခံ ပါရစေရှင်"

"မကြိုင် မလိုက်ရင် နုနုလဲ မပြန်တော့ဘူး ဒီမှာပဲ နေတော့မယ်"

ဒေါ်နုနုဝင်း တစ်ယောက်မှာ ကလေးတစ်ဦးကဲ့သို့ ခြေဆောင့်ငြင်းဆန်ပြီး မကြိုင်ပါမှ ပြန်မယ်။ ကလေးတို့ တကယ်စေတနာဖြင့် ချစ်ကြောင်းတွင်တွင် ပြောကြားကာ



ဒေါ်မူမူချိုတို့ အမျိုးသမီးတစ်သိုက်ကိုအကျပ်ကိုင် နေချေတော့၏။

"နုနု မကြိုင်မပါရင် မပြန်ဘူး"

"ကျွန်မတို့က တောင်းပန်တာပါ။ ဒီကလေးမှာလဲ ဒဏ်ရာတွေက ဗလပွနဲ့မို့ ကျွန်မတို့က ကြားက ဆေးလိမ်း ဆေးကု ပေးနေရတာ အကယ်၍ ကျွန်မတို့ ပြောမရရင် တော့ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းကို အကြောင်းကြားလိုက် ရမှာပဲ"

ရဲတပ်ဖွဲ့စခန်း အသံကိုကြားလိုက်ရသောဒေါ်နုနုဝင်း ချက်ချင်းမျက်နှာပြောင်းလွဲသွားလျက် -

"ဒါဆိုရင် နုနု ပြန်ပါ့မယ်နော်"

ပြောဆို ထွက်သွားခဲ့ချေတော့၏။

အမျိုးသမီး အိမ်ဖော် မခင်မာကြိုင်နှင့် ပတ်သက်၍ ရပ်ကွက်အတွင်းရှိ အမျိုးသမီးများ ဒေါ်မေကြည်၊ ဒေါ်မူမူချို တို့မှာ စာနာသနားကြသော အမျိုးသမီးများဖြင့် စုပေါင်း လျက် ရပ်ကွက်ရယကအဖွဲ့ရုံး သို့သော်လည်းကောင်း၊ နယ်ရုံးသို့သော်လည်းကောင်း၊ ထိုမှတဆင့် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ရေးရာ ကော်မတီရုံးသို့ အဆင့်ဆင့်ဆက်သွယ် သတင်းပေးပို့ခဲ့ကြသည်။

အမျိုးသမီးရေးရာကော်မတီ အကြီးအကဲက သရက်ရဲတပ်ဖွဲ့စခန်းသို့ အရေးယူဆောင်ရွက်ရန် အမှုဖွင့်ခဲ့လေတော့၏။ သရက်မြို့နယ် အမျိုးသမီးရေးရာ ကော်မတီကလည်း အိမ်ဖော်မခင်မာကြိုင်အား ဖြစ်စဉ်အား သေချာစုံစမ်းကာ အိမ်ရှင် ဒေါ်နုနုဝင်းအား အရေးယူ ဆောင်ရွက်လေ၏။ ဆေးစာတွင်လည်း မခင်မာကြိုင်၏ ခန္ဓာကိုယ်နေရာအနှံ့အပြားတွင် ဒဏ်ရာဒဏ်ချက် အဟောင်းများ၊ အသစ်များ၊ စစ်ဆေးတွေ့ရှိရကြောင်း၊ ကုတ်ဖဲ့ရာများ၊ တုတ်ရာများဒဏ်ရာများကို စိစစ်တွေ့ရှိရကြောင်း အကြောင်းပြန်ကြားလာခဲ့သည်။

ထို့အတူ သရက်မြို့ ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်ခင်မောင်တင့်နှင့် အမှုစစ်အရာရှိ ဒုရဲအုပ် သိန်းစိုးတို့နှင့် နယ်မြေခံ နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေး ဖော်ထုတ်ချက်အရ အိမ်ဖေါ် မခင်မာကြိုင်မှာ (၁၂-၁၂-၉၉) ရက်နေ့ မနက်ပိုင်းတွင် အိပ်ရာမသိမ်းခြင်းကို အကြောင်း ပြုလျက်



ဒေါ်နုနုဝင်းမှာ မခင်မာကြိုင်အား ပါးစပ်ထဲ တုတ်ထောက်လျက် ရိုက်နှက်ညှဉ်းပန်းကြောင်း၊ အရင်နေ့များကလဲ ဤကဲ့သို့ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း အကြိမ်မြောက်များစွာ ရိုက်နှက်ခြင်းကို ခံနေရကြောင်း မခင်မာကြိုင်မှာ တောင်သူအလုပ် ကျပန်းလုပ်ကိုင် စားသောက်နေရှာသော မိခင်ဖခင် အတွက် ကြိတ်မှိတ်၍ ခံစားခဲ့ရပါကြောင်း၊ ထို့အတူ မိခင်ဖခင်တို့က အိမ်ရှင်ထံတွင် ကြိုတင်ဝယ်ယူထားရှိသော ငွေပြန် မပေးနိုင်သဖြင့် ယင်းငွေကျေသည့်အထိ သားသမီးချင်း ကိုယ်ချင်းမစာသော အိမ်ရှင် ဒေါ်နုနုဝင်းထံတွင် အသည်းခိုက်အောင် နာကြည်းမှု ဆဲဆိုမှု ညှဉ်းပန်း နှိပ်စက်မှုများကို အိမ်ဖေါ်အလုပ်ဖြင့် ပေးဆပ်နေပါကြောင်း အိမ်ရှင်နေအိမ်တွင် ရိုးရိုးသားသားဖြင့် အလုပ်များစွာကို ပြုလုပ်နေထိုင်ခဲ့ပါသော်လည်း တစ်နေ့ထက်တစ်နေ့ ပိုမို ရိုက်နှက်ခြင်းများ လာသဖြင့် ဒဏ်မခံနိုင်ဖြစ်ရပါကြောင်း၊ ထို့ကြောင့် အိမ်ရှင်၏ ကလေးငယ် အိမ်သာတက်နေစဉ် အခွင့်အလမ်းသာသဖြင့် အိမ်ရှင် ဒေါ်နုနုဝင်း၏ နေအိမ်မှ ထွက်ပြေးလာခဲ့ရကြောင်း စုံစမ်းစစ်ဆေး ပေါ်ပေါက်ခဲ့လေ၏။ အိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုဝင်းအား ဖမ်းဆီးလျက် သရက်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ (ပ) ၆၁၇/၉၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ဖြင့်အသျှောစိစစ်လျက် မြို့နယ်တရားရုံးတော်တွင် တရားစွဲဆိုခဲ့လေတော့၏။

အိမ်ဖော်မလေး မခင်မာကြိုင်မှာလည်း ဒေါ်နုနုဝင်း၏ ညှဉ်းပန်းနှိပ်စက် ရိုက်နှက်မှု မတရားပြုမှုတွေကြောင့် ဒဏ်ရာဒဏ်ချက်များ ပြင်းထန်စွာ ခံစားလျက် သရက်ခရိုင်ဆေးရုံကြီးတွင် တက်ရောက်ကုသနေရရှာ၏။

## လူသားများ၏ စာနမှု

အိမ်ဖော်မလေးတစ်ယောက် မခင်မာကြိုင်လေး၏ အဖြစ်ကို ကြားမိသူတိုင်း လူမဆန်လှသော အိမ်ရှင် ဒေါ်နုနုဝင်းကို ဒေါသဖြစ်နေကြ၏။ မြို့လူထုမှာ လည်း ယင်းသတင်းကို ကြားသိရသူ ကြင်နာမှုရှိကြသည့် လူသားများ၊ မိခင်၊ ဖခင်ပေါ်တွင် အရိုက်အနှက်ခံ လုပ်ကျွေးသူ မခင်မာကြိုင်အား အချိုတင်ကဲ ဖြစ်ကြလျက် မျက်ရည်အဝဲသားဖြင့် ဆေးရုံသို့ လူအများလာရောက် တွေ့ဆုံကြလေသည်။



"သမီးရယ် အမေတို့ရဲ့သမီးဖြစ်လိုက်စမ်းပါကွယ်"

"မိခင်ဖခင်အပေါ် ဒီလောက်အနစ်နာခံရှာတဲ့အာဂ သမီးပါလား"

"သမီး၊ အိမ်ဖော်မလုပ်ပါနဲ့၊ အန်တီတို့ ပြုစုပျိုးထောင်ပေးပါ့မယ်၊ သမီးဘဝက ကြမ်းတမ်းပါဘိသနဲ့"

"သမီး ဒဏ်ရာက နာသော်လည်း အန်တီတို့ရယ်။ သမီး အဖေနဲ့အမေ အတွက် သမီး အသက်သေတဲ့အထိ လုပ်ကျွေးချင်ပါတယ်။ သမီး မခံနိုင်လွန်းလို့ ထွက်ပြေးလာခဲ့ရတာ၊ သမီး အမေ အဖေ ဟို့အပေါ် တာဝန်မကျေသလို ဖြစ်နေပါတယ် အန်တီတို့ရယ်"

"အို ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ ဒီလောက် လူမဆန်ပြုမူနေတဲ့ လူ့တိရစ္ဆာန်တွေ့ရဲ့ အိမ်မှာ သမီးဆက်နေသင့်တာ အမှန်ပဲ။ ကဲ သမီးနေကောင်းသွားရင် မုန့်ဝယ်စားဖို့ အန်တီကငွေငါးထောင်ပေးခဲ့မယ်၊ ယူထားနော်"

"အန်တီကလဲ သမီးအတွက် ကျပ်တစ်သောင်း၊ သမီးလေးရဲ့ စိတ်ဓါတ်ကို ချီးကျူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သမီး- သမီး အန်တီတို့ ကူညီပြီးပေးကြတဲ့ငွေကို သမီး မသုံးရက်ပါဘူး။ သမီးတို့ဟာ တောသူတွေဖြစ်ပါတယ်၊ ဒီငွေတွေ သမီးဖေဖေနဲ့ မေမေတို့ သမီးရဲ့ အစ်မ၊ မောင်လေးတွေအတွက် ပေးပါမယ်၊ သမီး မေမေကို သမီးဆီ ခေါ်ပေး ပါလား အန်တီ"

"သမီးမေမေတို့ကို အကြောင်းကြား ထားပြီးပြီးနော်၊ သမီးဘာမှ အားမငယ်နဲ့ အန်တီတို့ရှိတယ်"

အိမ်ဖော် မခင်မာကြိုင်၏ စိတ်ဓါတ်၊ ခံစားရမှု သတင်းကြောင့် ဆေးရုံ တွင် လူစည်းကားလျက် ရှိနေချေတော့သည်၊ မခင်မာကြိုင်မှာ ရရှိထားသော ဒဏ်ရာများကို ကြိတ်မှိတ်ခံစားလိုက်ရင်း မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ စီးကျကာ မခင်မာကြိုင်လေး၏ ဆင်းရဲနွမ်းပါးလှသော မိသားစု မပြည့်စုံနိုင်မှုကိုအရှယ်နှင့်မမျှအောင် ခါးစည်းရင်နင့်အောင် ခံစားပြီး -

"သမီးကို ခွင့်လွှတ်လိုက်ပါ အမေရယ်၊ သမီး အဲဒီနေအိမ်ကြီးမှာ ခါးစည်း ခံစားပြီး မိသားစုအတွက်ပဲဆိုပြီး နေခဲ့ပါတယ်၊ ဒါပေမယ့် သမီး ထွက်ပြေး လာခဲ့ရော့ မေမေ



ဖေဖေတို့အပေါ် သမီးတာဝန်မကျေသလို ဖြစ်နေပြီလား"

အိမ်ဖော်မလေး မခင်မာကြိုင် ရင်မှလှိုက်ပိုမောပန်းစွာ မျက်ရည်များ တသွင်သွင် စီးကျလျက် ရရှိထားသော ဒဏ်ရာ အရှိန်ကြောင့် မေ့မြောသွားလေ တော့၏၊ ဝိုင်းကြည့်နေကြသည့်လူအများ စို့တက်လာသော ရင်ကိုဖိလျက်မျက်ရည်များ ရစ်ဝိုင်းကာ -

"ဟယ် လုပ်ကြပါဦး"

"ဆရာမ လာပါဦး"

"ဒေါက်တာကို သွားခေါ်၊ ဆရာဝန်ကို ခေါ်ခဲ့ပါ"

ကြည့်နေကြသူ အပေါင်း ဗျာယာခတ်ကာ မျက်ရည်ကျသူကျ ငိုသူငို ကိုယ်ချင်းစာတရားရှိကြသူ လူသားတိုင်း အသည်းအရည်ပျော်ကာ မစဲမိုးရေကဲ့သို့ မျက်ရည်မိုးများ ရွာသွန်းချလိုက်ကြလေတော့သတည်း။

---------------------II---------------------

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုပြုသည်ဆိတ်ကွယ်ရာမရှိ





# အရေးကြုံနေတဲ့အေးဘုံ


## အရေးကြုံနေတဲ့ အေးဘုံ

www.burmeseclassic.com

www.burmeseclassic.com



# အရေးကြုံနေတဲ့အေးဘုံ



## အရေးကြုံနေတဲ့ အေးဘုံ



ပဲခူးတိုင်းဆိုသည်က အလွန်ကျယ်ဝန်းလှသည်။ ထို့အထဲတွင် သဲကုန်းမြို့နယ်တစ်ခုအပါအဝင်၊ သဲကုန်းမြို့နယ်လေးကိုတော့ဖြင့် ပြည်ခရိုင် ရုံးစိုက်ရာထဲတွင်ရှိနေသော မြို့နယ်လေး၊ အဲဒီမြို့နယ်လေးရဲ့အပိုင် ဆင်မြီးဆွဲက တရားဥပဒေဖြန့်ကျက်ရာဒေသရောက်ရှိသည့်မို့ ဆင်မြီးဆွဲရဲတပ်ဖွဲ့စခန်းအပိုင်နယ်နိမိတ်၊ ဆက်လက်ပြီး တရားဥပဒေစက်ကွင်းက ဘောလက်ကျေးရွာများအထိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအာဏာ၊ သက်ရောက်ပါသည်။ နယ်မြေက အေးချမ်းသာယာလှပသည်။ ဆင်မြီးဆွဲ၏ အနောက် တစ်မိုင်ခန့် လေါက်သွားရောက်လိုက်လျှင်တော့ဖြင့် ကြို့ရပ်သာဆိုသည့် အိမ်ခြေ(၂၀၀)ခန့်ရှိ လယ်ယာလုပ်ငန်းခွင်လုပ် စပါးစိုက်ပျိုး၊ တောင်သူအလုပ်များ လုပ်ကိုင်ကြသည့် ကျေးလက်တောရွာရှိသည်။ မနက်စောစော လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်ကာ လယ်ထွန်ယက်စိုက်ပျိုးပြီး၊ တောင်သူ ဓါးမခုတ်လယ်လုပ်ခြင်း ဖြင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ကြ၍၊ စပါး ရိတ်သိမ်းပြီးပြီဆိုလျှင် တော့ဖြင့် အလှူပွဲက၊ အငြိုင်အဆိုင် လေါစပီကာဖွင့်ပြီး ကပွဲ၊ပျော်ရွှင်ပွဲများဖြင့် လှူဒါန်းကြသော "ကြို့ရပ်သာ ကျေးရွာ" ပင်ဖြစ်ပါတော့သည်။ တစ်နေ့ ဆင်မြီးဆွဲ ရဲတပ်ဖွဲ့စခန်းအတွင်း မြို့နယ်မှူးထံ သတင်းတင်ပြရန်အတွက် အစီရင်ခံစာ ရေးနေသော စခန်းမှူးရဲ့အုပ်အောင်ခင်မှာ စာကိုင့်လျှက် ရေးနေလျှက်ရှိနေသည် "ဗိုလ်ကြီး ကြို့ရပ်သားမှာ အမျိုးသမီးတစ်ဦး ပျောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားကြောင်း သတင်းလာပို့နေပါတယ် အဲဒါ × × " × ×

"အော်ရဲတပ်ကြပ်ကြီး! အင်းလေဗျာ…သေချာ မေးမြန်းပြီးတော့ လူပျောက်မှု ဖွင့်လိုက်ပါ ထူးခြားချက် ဘာရှိသေးသလဲဗျ"

"ထူးခြားချက်ကတော့ ဘာမှမရှိပါဘူး။ အဲဒီ ပျောက်ဆုံးသွားတယ်ဆိုတဲ့ အမျိုးသမီးကလည်း၊ ရွာထဲက ဗီဒီယိုဇာတ်ကားသွားကြည့်ပြီး ပြန်မလာတာ၊ ပျောက်ဆုံး နေတာနဲ့ လူပျောက်ဆုံးကြောင်း လာတိုင်တန်းတာပါဘဲခင်ဗျာ"

"ကောင်းပြီလေ အဲဒီတော့ ကာယကံရှင်တွေရဲ့ မိဘတွေကို သေသေချာချာ မေးမြန်းပြီး လူပျောက်မှုနဲ့ အမှုဖွင့်လိုက်ပါ ဟုတ်လား။"

"ဟုတ်ကဲ့"

"ကောင်းပြီ ဆက်လုပ်စရာရှိတာ ဆက်လုပ်ပါ"

"ဟုတ်ကဲ့"

လူပျောက်မှုဆိုတာကလည်း လွယ်မယောင်နဲ့ ရှုတ်သည် ရှုတ်မယောင်နဲ့လည်း နောက်ဆုံး လင်နောက်လိုက်ပြေးသွားကြသည်ကများသောအားဖြင့် ရဲတပ်ဖွဲ့ဝင်တွေ ဝေ့ကြုံခဲ့ရသည် အမှုမျိုးတစ်ခါ လင်နောက်လိုက်သွားပါသည်ဆိုပြီး ရေထဲခုန်ချဆွဲကြိုးချကာ သေဆုံးတတ်သော အမှုမျိုးကလည်းရှိပြန်သေးသို့မဟုတ်အသတ်ခံလိုက်ရသည့် အမှုမျိုးကလည်းရှိပြန်သေးသို့မဟုတ်အသတ်ခံလိုက်ရသည့်အမှုမျိုး၊ အမှုတွေက များပြားဆန်းကြယ်ပါသည်။ ရဲတပ်ကြပ်ကြီးစာရေး မိမိစခန်းမှူး



ရုံးခန်းထဲကထွက်ခွာသွားပြီး ရဲအုပ်အောင်ခင်မှာလည်း အစီရင်ခံစာကို ဆက်လက်ရေးသားလျှက်ရှိနေပါတော့သည်။

ရဲတပ်ဖွဲ့ဘဝဆိုတာကလည်း မလွယ် အချိန်နှင့်အမျှ(၂၄)နာရီ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြရသည်။ ခိုး၊ ဆိုး၊ လုယက်၊ တိုက်ခိုက်မှုများမရှိစေရေး၊ မှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်တားစီးရန် ထိုင်ကင်း၊ ရပ်ကင်း၊လှည့်ကင်း၊တို့ဖြင့် စီမံချက်ရေးဆွဲပြီး ဖြစ်ပေါ်လာသည့် အမှုကြီးငယ်မဟူ ကျူးလွန်ကြာမှုမရှိစေဘဲ တရားခံများကို မိမိရရ ဖမ်းဆီးကာ အရေးယူနေကြရသည်။

ဤသို့အလုပ်တာဝန်တွေ ဘဲသိကြီး ဖြင့် အမှုပေါင်းသောင်းခြောက်ထောင်ကြားထဲမှ ရ-ယ-က လူကြီး ဦးစောထွန်းနှင့် အဖွဲ့ စခန်းမှူးရုံးခန်းထဲသို့ ဝင်ရောက်လာသောကြောင့် ရဲအုပ်အောင်ခင်က ပြုံးရွှင်စွာဖြင့်

"ဟော × × ဦးစောထွန်းတို့ပါလားဗျ × × လာလာ အဲဒီမှာ ထိုင်ကြဗျာ ဆရာမောင်ဝင်းရေ × ဒီမှာ ဥက္ကဋ္ဌတို့အဖွဲ့ကို လဖက်ရည်လေးနဲ့ ရေနွေးကြမ်းစီစဉ်ကွာ"

ဟု ရဲဒုတပ်ကြပ် မောင်ဝင်းအား တဆက်တည်း စေခိုင်းလိုက်ရင်း စခန်းမှူးရုံးခန်းထဲရှိ စားပွဲထိုင်ခုံများတွင် နေရာချ ထိုင်ခိုင်းလိုက်ပြီး

"ကဲ ဦးစောထွန်း၊ ကျွန်တော့်အကူအညီပေးရမလဲ ခြွင်းထူးခြားဖြစ်စဉ်ရှိလို့ ဗိုလ်ကြီးထံချက်ခြင်း ကျွန်တော်တို့

www.burmeseclassic.com

ရဲတပ်ဖွဲ့စခန်းကို အမြန်ဆုံးပြေးလာခဲ့ကြရတာ"

"အလို ဘုရား × × ဘုရား"

ရဲအုပ်ဘအောင်ခင် အသံမထွက်ဘဲ ရင်ထဲက ဘုရားတမိလိုက်သည် လူသတ်မှုလား။ မါးပြတိုက်မှုလား၊ သိချင်နေသည်။

"ကဲဗျာ × × × ဘာထူးခြားမှုဖြစ်လာခဲ့တယ်ဆိုတာ ပြောစမ်းပါအုန်းဗျ"

"ဒီလိုပါ ဗိုလ်ကြီး ကြို့ရပ်သာ ကျေးရွာရဲ့ အနောက်ဘက် ဗိုလ်ကြီး သိတယ်နော်"

"သိပါတယ် ရွာရဲ့အနောက်ဘက်မှာ အင်းတိုင်းတော ရှိတယ် ဘာဖြစ်လဲပြောပါ"

"အဲ့ဒီအင်တိုင်းတောရဲ့ မလှမ်းမကမ်းဖြစ်တဲ့ ဖွဲ့ကျချောင်းလေးတစ်ချောင်းထဲမှာ လူသေအလောင်းတွေ့လို့ ကျေးရွာသားတွေက လာရောက်ပြီး၊ ကျွန်တော့ထံလာအကြောင်းကြားပြီး ချက်ခြင်း ဗိုလ်ကြီးတို့ထံ လာရောက်ရတာပါခင်ဗျ။"

"လူသေအလောင်း ဟုတ်လား !"

"ဟုတ်ပါတယ် ယောက်ျားအလောင်းလား၊ မိန်းမအလောင်းလားဗျ"

" အဲ့ဒါတော့ ကျွန်တော်တို့ သေသေချာချာ မသိဘူး ဗိုလ်ကြီးတို့ စစ်ဆေးရင် ခြေရာလက်ရာ ပျက်ပြီး သဲလွန်စ မရမှာစိုးလို့ အယ်သူ့ကိုမှ မသွားခိုင်းဘူး"

"အိုကေ ကောင်းတယ် ကောင်းတယ် ကဲဥက္ကဋ္ဌတို့




လဖက်ရည်သောက်လိုက်ကြအုန်း"၊

" မောင်ဝင်းရေ"

"ဗိုလ်ကြီးပြောပါ ခင်ဗျ နားထောင်နေပါတယ်"

"နယ်ထိန်းခေါင်းဆောင် ကိုဦး (ဒုရဲအုပ်)နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်တွေကို ကြို့ရပ်သာ ရွာကို သွားမယ်အသင့်ပြင်လို့ ပြောလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com



သံဝေဂယူစရာ မှခင်းတစ်ပုဒ်ကို

ထုတ်နုတ်တင်ပြလိုက်ပါ၏။

အရေးကြုံနေတဲ့အအေးဘုံ





ကြို့ရပ်သာကျေးရွာ ရ-ယ-ကနှင့် အဖွဲ့များ လဘက်ရည်သောက်ပြီး သိပ်မကြာလိုက် စခန်းမှူးရဲအုပ်အောင်ခင် အီကျေးမင်ခါးပတ်ကို ပတ်ကာသေနတ်ကို ခါးတွင်ထိုးထည့်လိုက်ပြီး အိပ်ကပ်ထဲက စီးကရက်ဘူးကိုထုတ်၍ စီးကရက်ကို မီးညှိကာ အားရပါးရ ဖွာရှိုက်လိုက်သည်။ ၎င်းဦးနှောက်ထဲအတွေးမျှင်တန်းနေကြောင်း စီးကရက်မီးခိုးတန်းဖြင့် အတူ လွှင့်စင်နေစဉ် ဒုရဲတပ်ကြပ် မောင်ဝင်းက

"မှိုကြီးအားလုံးအဆင့်သင့် ဖြစ်နေကြပါပြီ"

"ကောင်းပြီ ကြို့ရပ်သာ ကျေးရွာကို သွားကြမယ်၊ ကဲ လာကြ၊ ကျေးရွာလူကြီးတွေကကျွန်တော်နဲ့အတူ လိုက်ခဲ့ကြဗျာ သွားကြမယ်"

"ဟုတ်ကဲ့ ဒိုလ်ကြီး"

ရဲအုပ်အောင်ခင်သည် ရဲအရာရှိပီပီ လျှင်မြန်ဖြတ်လတ်သွက်လက်သည်။ ယင်းလိုက်လံခဲ့ရဘူးသည့်အမှုမျိုးစုံ ဘရားခံကို ချက်ခြင်းဖေါ်ထုတ်ကာ တရားစွဲဆိုနိုင်ခဲ့သည်။ ဝိတ်ကလည်း မြန်သလားမပြောနဲ့၊ ဘယ်အလုပ်ကိုမဆို ရဲအရာရှိ စခန်းမှူးမဖြစ်ခင် ကတည်းက၊ ထကြွ လုံးလ ဝီရိယ၊ ဇွဲ၊ သတ္တိ နှင့် ထိုးထွင်းဉာဏ်ပညာရေကို၊ ဒုစရိုက်သမားများအား အသက်စွန့်ကာ အနိုင်ယူခဲ့ရဖူးသည်။ ဖြစ်ပေါ်လာခဲ့ရသည် မှုခင်းတိုင်း စိတ်ဝင်တစားသေချာစေ့ငုံအောင်ကို လေ့လာပြီး ဖေါ်ထုတ်သူ၊ ပြည်သူ့ရဲ့ အခက်အခဲဟူသမျှ ဖြေရှင်းပေးပြီး၊ လူချစ်လူခင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါမျှားပါသည်။

"ဗိုလ်ကြီးအဲ့ဒီအင်တိုင်းတောရဲ့ ညာဘက်ကလမ်းအတိုင်း ချိုးကွေ့လိုက်ပြီးရင် ချောင်းတွေ့လိမ့်မယ် အဲ့ဒီရှေ့နားလောက်မှာပါဘဲ"

ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များဖြင့် အတူထွက်လာကြပြီး ကြို့ရပ်သာ ကျေးရွာရောက်သည်နှင့် ဆက်သွားကြသည် ရွာ၏ အနောက်ဘက်အင်တိုင်းတောထဲ အရောက် ကျေးရွာလူကြီး ဦးစောထွန်းက ရှေ့မှလမ်းပြခေါ်ဆောင်ရာ နောက်က ရဲအုပ်အောင်ခင်လိုက်ပါ လာခဲ့ပြီး ဇွဲကျချောင်းသို့ ရောက်သည် ဒီချောင်းက နွေမှာရေမရှိခမ်းခြောက်နေသည်။ မိုးတွင်းဆိုလျှင်တော့ ရေဘဖေါဖေါဖြင့် ရေစီးသန်သည် ဇွဲကျချောင်းလေး–

"ဟိုးရှေ့မှာ လှမ်းမြင်နေရတာ အလောင်းပါဘဲ ဗိုလ်ကြီး"

"အော် × × × ဟုတ်ကဲ့ အနားကို ရောက်အောင်သွားပါဗျာ"

တပ်ဖွဲ့ဝင်တွေဆက်လျှောက်လာကြသည်။ အလောင်းအနီးသို့ ရောက်ရှိသောအခါ၊ ရဲအုပ်အောင်ခင်နှင့် ဒုရဲအုပ်များနယ်ထိန်းတပ်ဖွဲ့ဝင်များ ကြည့်ရှု စစ်ဆေးနေကြတော့သည်။

"ဟာဗျာ ဒီအလောင်းက သေနေတာ ၄–၅ရက်လောက်တော့ ရှိနေပြီ ခြေထောက်အသားတွေ ခန္ဓာကိုယ်က အချို့တစ်ဝက်အသားတွေတောင်မရှိတော့ပါလား"

"ဟုတ်တယ်ဗိုလ်ကြီး"

"အမျိုးသမီး တစ်ဦးရဲ့အလောင်းဘဲဗျ"



"ဟင်း × × ဒါ× × ဒီအလောင်းက × × × ကျွန်တော်တို့ ကျေးရွာထဲက ဦးထွန်းစိန် ဒေါပန်းဥတို့ရဲ့ သမီးမအေးဘုံ × × မအေးဘုံလေးဘဲ ဗိုလ်ကြီး ဟိုတစ်ခါ ပျောက်သွားတယ်ဆိုတာသဘဲ × × သဘဲခင်ဗျ"

ရဲအုပ်အောင်ခင်စကားတစ်ခွန်းမှ မဟား မိမိပြုကျင့်ပြုလုပ်အပ်သော ဒိုင်ယာရီတွင် အချက်အလက်ရေးမှတ်ကာ

"ဟိုးပြည်မြို့ ဘရုပ်ခုက သတင်းထောက်ကိုမင်းလွင်"

"ဟုတ်ကဲ့ ဗိုလ်ကြီးပြောပါ"

ဒီအလောင်းအနေအထားကို မှခင်းဓါတ်ပုံကို အကွက်စိအောင်ရိုက်ဗျာ ဟုတ်လား။ ဒုရဲအုပ် ကိုကိုဝင်နဲ့ အမှုကအလောင်းရဲ့ အနေအထား မှုခင်းမြေပုံကြမ်းရေးဆွဲ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

မြေပုံရေးဆွဲသူ ဓါတ်ပုံမှတ်တမ်းတင်သူနှင့် အလောင်းအား အသေးစိတ်ကြည့်ရှုစစ်ဆေးနေကြသည်။ သေဆုံးနေသည့်အလောင်း၏ လည်ပင်းတွင် ပေါင်းနွယ်ကြိုး(၁၀)ပေခန့်ရှိ ရစ်ပါတ်ထားကြောင်းကိုလည်း စစ်ဆေးတွေ့ရှိရပြီး၊ အလောင်းမှာ မြင်ရက်စရာမရှိ ပုတ်ပွ၊ နံစော်၍ နေပါသည်။ ယင်းအလောင်းပုတ်စော်နံသည်ကို တပ်ဖွဲ့ဝင်များ ဂရုမစိုက်နိုင် သံလွန်စရ ရေးသည်အဇိက အချက်အလက်နှင့် အမှုအစကို ဖေါ်ထုတ်နိုင်မည်။ ဤသည်ကား ရဲတပ်ဖွဲ့ဝင်တွေပြုကျင့်ဆောင်ရွက်ရမည် ဝတ္တရားပါပေသည်။ ရဲအုပ်အောင်ခင်နှင့် တပ်ဖွဲ့ဝင်များ ရဲ့လုပ်ထုံးလုပ်နည်းကုန်စင်အောင် ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးစီးသောအခါတွင် ရဲအုပ်အောင်ခင်က

"ကဲ အားလုံးပြီးစီးကြရင် နယ်ထိန်း ရဲတပ်ကြပ်ကြီးနှင့် အဖွဲ့ ကြို့ရုပ်သာ ကျေးရွာသားတစ်ချို့အကူအညီနဲ့ အလောင်းကို သဲကုန်းဆေးရုံပို့လိုက်ကြ ဒီမှာ ဆေးစာ ယူပြီး ဆေးစစ်ဖို့လုပ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ဦးစောထွန်းရေ"

"ဗျာ ပြောပါ ဗိုလ်ကြီး"

"အခုသေဆုံးသွားခဲ့တဲ့ ကောင်မလေးအကြောင်းကို ဥက္ကဋ္ဌက ပိုသိမှာပေါ့ဗျာ ဒီတော့နည်းနည်း အဲ့ဒီမအေးဘုံဆိုတဲ့ ကောင်မလေးအကြောင်းပြောပြစမ်းပါအုန်းဗျာ"

"ဟုတ်ကဲ့ အခုသေဆုံးသွားတဲ့ မအေးဘုံက ဦးထွန်းစိန် တို့ရဲ့ တစ်ဦးတည်းသော သမီးဖြစ်ပါတယ် × × × ×"

× × × × × × × × × × × × × × × × × × × × × × ×

"ဟေ့ ဘယ်သူတွေပါရဲ့ ရွှေနန်းတော်ရှေ့က နေပြီး ဘာကို ဆူညံဆူညံလုပ်နေကြတာလဲ! ငါ့ရွှေနားတော် ညီးလှတယ် သွားကြစမ်း သွားကြစမ်း!"

" ဟေး× × ဟေး အေးဘုံရေ စိန်ပလိမ်တိန် မုန့်ကြိုးလိမ် × × × အေးဘုံ× × မစာဥ× × × တဥ-အေးဘုံ"

ကြို့ရုပ်သာ ကျေးလက်တောရွာမှာ အလှတွင်အယဉ်ဆင့်သည်၊ ရှည်လျားနက်မှောင်သော ဆံကေသာ တကောက်ကွေးအထိ ကျပြီး ပိတုံးရောက်ကဲ့သို့ မျက်နှာတွင် လေးထောင့်ကျ



မလိုလိုနှင့် မေးစေ့အထိ ချွန်းကြသွားပြီး၊ တောက်ပရွှန်းလဲ့သော မျက်လုံးကို ပိုင်ဆိုင်ထားသည်။ အချောအလှတွင် အယှဉ်ဆင့်ပြီး ငွားငွားစွင့်စွင့်ဖြင့် အဖို့အမောက်ရှိသည့် မျှစ်ဆို့ကြီးသဏ္ဌာန်ဖြင့် အသက်(၁၉)နှစ်တိုင် အပျိုကြီးဖားဖား ဖြစ်နေလေသည့်အရွယ်၊ ရွာ့ထဲက ကုလသားများ အချစ်မေတ္တာပိုးပမ်းကြသည်။ ပိုးပမ်းလိုကြပါသော်လည်း အေးဘုံ၏ဘဝက ဘယ်ဝင့်ကြွေးကြောင့်မသိ ငယ်စဉ်တောင် ကျေး ခလေးဘဝတည်းကိုက စိတ်နောက်နေရှာသူ၊ တစ်ရွာလုံးနှင့်မတည့်၊ အမြဲတွေ့တဲ့သူတိုင်းကို တောင်စဉ်ရေမရ ကြမ်းတမ်းစွာ ဆဲဆိုပစ်လိုက်သည်၊ ဖခင်နှင့်မိခင်တို့က သမီးဖြစ်သူ အေးဘုံကို ဖျောင်းဖျပြောဆိုပြီး အချစ်တွေသာ ပုံခဲ့ရှာသည်။ အေးဘုံကလည်း မိဘဆိုရတော့ သိသည် မိဘကိုတော့မဆဲ၊ ရန်းရင်းရိုင်းဆိုင်းမှုကိုလည်းမလုပ် မိဘစကားကို ကောင်းကောင်းနားထောင်တတ်သည်။ ထို့အတူ ကြို့ရုပ်သာ ကျေးရွာထဲတွင် ငယ်ငယ်ထဲက ကစားဖော် ကစားဘက် ဖြစ်ခဲ့သူ မောင်ခိုင်ဝင်း ဆိုလျှင်တော့ သူ့စကားကို ပုံ၍နားထောင်တတ်သည်၊ မောင်ခိုင်ဝင်းကလည်း အေးဘုံကို ညီအမအရင်းကဲ့သို့ သဘောထားကာ အမြဲ ပြောဆို ဆုံးမတတ်သူလည်းဖြစ်သည်။ ဒီမဟာ အေးဘုံကို စကားကောင်းကောင်းပြောလို့ရတဲ့သူ၊ ဒီကျေးရွာထဲတွင် ဒီ(၃)ဦးသာရှိသည်။ ကျန်ရှိကြသည့် မည်သူမဆို အေးဘုံက မထင်လျှင်မထင်သလို ဆဲဆိုအော်ဟစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com








တစ်ရွာလုံးက အေးဘုံအကြောင်းကို သိထားပြီး ဝေဝေး ရှောင်ရှားသည်။

"ကိုထွန်းရယ်ရှင့်သမီးကိုလည်း × × × ဟိုးရန်ကုန်မြို့ကြီးက ဆေးရုံမှာ သွားပြပြီး ကုသရရင် မကောင်းဘူးလား၊ ရှင့်သမီးအေးဘုံရဲ့ဘဝက ဘယ်အထိုရေစက်ကြောင့်လဲ မသိဘူး၊ ကျမသမီးကို ကြည့်ပြီး အမြဲစိတ်မကောင်းဘူး ကိုထွန်းရယ်။"

"ဟဲ့ ပန်းဥကလည်းကွာ နင့်သမီးကို ငါ့လည်းချစ်ရတဲ့ အဖေတစ်ယောက်ပါပဲကွ၊ ဒို့မှာက မြို့တက်ပြီး ကုသဘို့က ဘယ်မှာလည်းငွေ × × × ငွေရှိမှ မြို့တက်လို့ရမှာပေါ့။ သမီးအေးဘုံကုသိုလ်ကံကလည်း ဆိုးပါတယ်ကွာ၊ အင်း ဘယ်လိုဘဲပြောပြောပေါ့ကွာ ကျိုးကျိုးကန်းကန်း သမီးရဲ့ဝဋ်ဘဲ ရှိရှိမရှိရှိချစ်ရမှာဘဲ တစ်ဦးတည်းသော သမီးဘဲကိုးကွဲ ကဲ× × × ကဲ မျက်ရည်ကျပြီးငိုမနေနဲ့ တိတ်စမ်းပါ ပန်းဥရယ် တိတ်တော့"

ချစ်သမီးအတွက် ဘဝအရေးစိတ်လေးစွာဖြင့် ပြောကြားနေစဉ် အေးဘုံတစ်ယောက်ရွာထဲက နေအိမ်သို့ ပြန်ရောက်လာခဲ့ပြီ။

"ဟောတော့ ငါရဲ့ခမည်းတော်နဲ့ မယ်တော်နှစ်ပါးက ဘာတွေ တစ်တွတ်တွတ်နဲ့ တိုင်ပင်နေကြတာလဲ သံတော်ဦး လျှောက်တင်စမ်း"

"ဟဲ့ × × × သမီးစိတ်ကို ငြိမ်ငြိမ်ထားစမ်းပါအုန်းကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ အေးဘုံ သတိရသွားသူပမာ

"အမေ သမီး ဘာတွေ ဖြစ်နေတာလဲ × × ဟင် × × ဘာ ဖြစ်နေတာလည်း"

"ဘာမှမဖြစ်ပါဘူးသမီးရယ် ဒီမှာ သမီးဖေဖေကြီးနဲ့ တိုင်ပင်နေတာ သမီးကလှလည်းလှ × × အလှအပကလည်း ကြိုက်တော့ ဟိုးတီဗီကြော်ငြာထဲက နိုင်သင်းကြည်တို့ ထက်ထက်မိုးဦးတို့ ဝတ်တဲ့ ပါတိတ်ကို သမီးကို ဝယ်ပေးဘို့ အတွက် ပြောနေတာ"

အမေဖြစ်သူ ဒေါ်ပန်းဥ စီးကျသွားသည် မျက်ရည်များကို သုတ်လိုက်ရင်း သမီးအတွက် ပြုံးပြုံးလေးဖြင့် ပြန်ဖြေနေစဉ်

"အေးဘုံရေ × × ဟေး× × အေးဘုံ"

"ဟော× × × ဒါမောင်တော်နိုင်ဝင်းရဲ့ အသံဘဲ"

"ဟေး အေးဘုံ နင့်ဆီလာလည်တာ၊ ကဲဘာကျွေးမှာလဲ ပြောစမ်း"

"ကျွေးရမှာပေါ့ မောင်တော်အတွက် နမတော်ကပြုစု ကျွေးမွေးရမှာ မောင်တော်ဘယ်ကို ခြေစကြာဖြန့်ကျက် နေပါသလဲ မောင်တော်ဘုရားရဲ့ ပြောစမ်းပါအုန်း"

ငယ်သူငယ်ချင်း နိုင်ဝင်း ရောက်လာလေတိုင်း မော်တော်နမတော်တွေ ထီးသုံး၊ နန်းသုံးစကားတွေကို တစ်သွင်သွင်သုံးကားပြောနေသူ အေးဘုံအား နိုင်ဝင်းမှ ကြည့်ကာ စိတ်မကောင်းဖြစ်သွားလျှက် ဦးထွန်းစိန် ဒေါ်ပန်းဥတို့ မျက်နှာဆီသို့ နိုင်ဝင်းလှမ်းကြည့်မိလိုက်သည်။ မိဘများကလည်း



နိုင်ဝင်းအား မေးဆတ်ပြီး ကြည့်လိုက်ထိမ်းလိုက်ဆိုသည် အထာဖြင့် ပြောဆိုကြရာ

"အေးဘုံကလဲဟယ် နင်သတိလေးဘာလေးထားစမ်းပါအုန်း ဘယ်ကလာ မောင်တော်ရမှာလဲ! နင့်ရဲ့ငယ်ငယ်ထဲက သူငယ်ချင်း နိုင်ဝင်းလေဟာ သေချာကြည့်စမ်းပါအုန်း"

"ဟာ နိုင်ဝင်း နင့်ဘယ်တုန်းက လာတာလဲဟ နင့်ကို ငါမျှော်နေတာကြပြီဟ"

"အေးပါဟ ငါက နင်မျှော်နေမယ်ဆိုတာသိလို့လာတာ"

"ကဲဒါဆိုရင် ငါ့ကို မုန့်ဝယ်စားဘို့ ပိုက်ဆံတစ်ကျပ်ပေး၊ အေးဘုံရ ငွေတစ်ကျပ်နဲ့ ဘာဝယ်စားလို့ရမှာလဲ ကဲရော့ဒီမှာ ဒီနေ့ လယ်ရှင်ဆီက ပိုင်ဆံထုတ်လာခဲ့တယ်၊ နင်သုံးဘို့ ငွေ၅၀ကျပ်တန် ယူထား"၊

" သွားစမ်းပါ ဒီငွေ၅၀ကျပ်တန်က ဘာမှ သုံးလို့ရတာ မဟုတ်ဘူး ငါသိလည်းမသိဘူး ငါသိတာ ဒိကျပ်တန်ဘဲ၊ ဒိကျပ်တန်ဟာ အများကြီးအများကြီးတန်ဘိုးရှိတယ်ဟာ နိုင်ဝင်း နင့်ရဲ့စိတ်တွေ မှန်ရောမှန်ရဲ့လားဟင်"

"အော် × × အေး × အေးပါ ကဲတစ်ကျပ်ဆိုရင်လဲ တစ်ကျပ်တန်ရော့"၊

"နင်မှတ်ထား ငွေ၅၀၀တန် ၂၀၀တန် ၅၀၀တန် ဆိုတာကဘာမှ ဝယ်လို့ရတာမဟုတ်ဘူးသိလား ဒီတစ်ကျပ်တန် ကမှ ဝယ်ခြင်တာကို အားလုံး × × အားလုံး ဝယ်လို့ရမယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ အေးပါ နင်ပြောသလိုပါဘဲဟာ"

အေးဘုံ ဘယ်တော့လောက်အရွက်ကြီးကြီးပိုက်ဆံဟုမမြင် အဖေအမေက ပေးသည် ၂၀၀၀၊ တန်ကိုလည်းမယူ အဲ့သူတောင်တသည်က တစ်ကျပ်တန်၊ တစ်ကျပ်တန်က အဘိုးတန်ပါသတဲ့ ကဲကြည့်အဲ့ဒီလိုမျိုး အေးဘုံသည်သာ နောက်တော့လည်းကြို့ရပ်သာ ကျေးရွာ တစ်ရွာလုံးက ခလေးလူကြီးများသိကြသည် ခလေးတွေကစ အေးဘုံက တွေ့ရာနဲ့ပေါက် လိုက်တမ်းပြေးတမ်း ကစားသည်နယ် ခိုင်ဝင်းကလည်း လယ်ယာလုပ်ငန်းခွင်တွင် သူရင်ငှားဖြင့် လယ်ထွန်၊ စပါးရိတ်ဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင် ကြီးပြင်းလာသူ အေးဘုံကိုလည်း ငယ်သူငယ်ချင်းမို့ သနားစိတ် ပိုကာ ညီအမကဲ့သို့ ချစ်ခင်ရှာသည်။ တစ်နေ့တစ်နေ့ အဲ့ဒီတစ်နေ့ ဦးထွန်းစိန်၊ဒေါ်ပန်းဥ တို့အပူလုံးကြွနေကြသည် သမီးဖြစ်သူ ညပိုင်းတီဗီသွားကြည့်ခြင်တယ်ဟု ဆိုသဖြင့် ရာလယ်က ချက်ကြီးဗီဒီယိုရုံတွင် အေးဘုံတစ်ယောက် သွားကြည့်နေရာမှ ပျောက်ခြင်းမလှပျောက်ဆုံးသွားခဲ့တော့သည်





ကျေးရွာသားအချို့နှင့် ခိုင်ဝင်းတို့ နှင့်အတူ လူငယ်များထဲ ဝိုင်းဝန်းရှာဖွေကြသည်။ မတွေ့လုံးဝမတွေ့ခြေရာလည်းပျောက် ဘယ်လိုမှ မတွေ့တော့သည် အဆုံးဆင်ခြေဆွဲရဲတပ်ဖွဲ့စခန်းသို့ လူပျောက်မှုဖြင့် တိုင်ကြားခဲ့ရတော့သည်။ ရဲတပ်ဖွဲ့စခန်းက တပ်ဖွဲ့ဝင်တွေစုံစမ်းတော့လည်း ရရှိသည်သတင်းက မအေးဘုံတစ်ယောက် သာယာဝတီဘက်က အမျိုးသား တစ်ဦးနဲ့ တွဲသွားကြောင်းကို ကြားသိရသည် အေးဘုံ ပျောက်ဆုံးပြီး (၅)ရက်ခန့်အကြာ "အဲ့ဒါပါဘဲ ဗိုလ်ကြီးရာ ဘယ်သူတွေက ဒီဇာတ်မပေး အေးဘုံကို ရက်ရက်စက်စက် သတ်သွားရတာလဲမသိဘူး"

"ကဲ ကျွန်တော်တို့ရွာကိုပြန်မယ် ဥက္ကဋ္ဌအိမ်မှာ ခဏ နားကျတာပေါ့ လိုအပ်သကို ဥက္ကဋ္ဌနဲ့ ကျေးရွာသူရွာသားတွေ ကျွန်တော့်ကိုကူညီပေးပါ ဒါမှလည်း သဲလွန်စရဲ့ခြေရာကို ခံပြီးဖော်ထုတ်နိုင်မှာပါ ကဲသွားကြရအောင်ဗျာ"

"ဟုတ်ကဲ့ အားလုံး ကျွန်တော်တို့ရွာက ကူညီမှာပါ ကျွန်တော်နှင့်အတူ ရ-ယ-က အဖွဲ့တွေရယ်ကျေးရွာ သားတွေ ရယ်အစွမ်းကုန် ကူညီသွားမှာပါ ဗိုလ်ကြီး"၊

"ဟုး-နေကလည်း ပူခြစ်တောက်နေတာဘဲဗျာ၊ အရမ်းကို ပူလွန်းလို့ ချွေးတွေ ဒောင်ကျပြီး တစ်ကိုယ်လုံးရွှဲရွှဲကိုဆိုနေပြီ၊ ကဲတပ်ဖွဲ့ဝင်တွေ အားလုံး ပြန်ကြမယ်"၊

"ဟုတ်ကဲ့"၊

ရဲအုပ်အောင်ခင်ဦးကိုစွပြင့် ကြို့ရပ်သာ ကျေးရွာအထိ

www.burmeseclassic.com

www.burmeseclassic.com



ဉနောက်အသိဉာဏ်ကို တွေးတောလျှက် တရားခံမည်သူလဲဘာအတွက်သတ်တာလည်း ဒီတရားခံတွေရဲ့ အပြုအမူ တရားခံများရဲ့ အားနည်းချက် ရဲတပ်ဖွဲ့ဝင်များတို့၏ အားသာချက် ရဲတပ်ဖွဲ့ဝင်များ၏ စံနစ်သစ်ရဲတပ်ဖွဲ့ဝင် လုပ်ငန်း ဒုစရိုက်မှုကျူးလွန်ကျသည်။ ဒုစရိုက်သမားများ၏ လုပ်ရပ်ဟုတ်ပြီ တွေးတောစဉ်းစားလိုက်ပြီး ရတ်ချည်း ပိုင်ပိုင် ရဲအုပ်အောင်ခင် စိတ်ကို ဆုံးဖြတ်ချက်ချလိုက်တော့သည်။

"ဗိုလ်ကြီးဒါ ကျွန်တော်အိမ်ပါဘဲ ကြွပါခင်ဗျ"

ရ–ယ–က ကျေးရွာဥက္ကဌ ဦးဆောထွန်းမှ ပြောကြားလိုက်သော စကားကြောင့် အတွေးမျှင်ပြတ်သွားသည် နေအိမ်အောက် ကုလားဖျင်တဲတွင် ခံ့တန်းရှည်ပေါ် ထိုင်ချလိုက်ပြီး စိတ်ညစ်ဟန်ဖြင့် လက်ကိုင်ပုဝါကို ထုတ်ကာ မျက်နှာတွင် နဖူးပြင်မှစီးကျ လာသည့် ချွေးများကို သုတ်နေလိုက်သည်။ မအေးဘုံ သေဆုံးသွားပြီးဖြစ်ကြောင်း ရွာရိုးကိုးပေါက် အကုန်သိသွား ကြပြီး ဥက္ကဌနေအိမ် အပြင်ဘက်တွင် ကျေးရွာသူ ကျေးရွာသားများ စုရုံးစုရုံးဖြင့် မအေးဘုံလေးအား သနားဂရုဏာ စိတ်ဖြင့် ဝိုင်းနားထောင်ကာ ရဲတပ်ဖွဲ့ဝင်များ ဘာများဆက်ပြောမည်လဲ ဆိုသည့်စကားကို ငေါ်လင့် နေကြသည် ကျေးရွာ ရ–ယ–က ဥက္ကဌမှ ရေနွေးကြမ်းအိုးထဲမှ ရေနွေးကို ငှဲ့လိုက်ရင်း ရဲအုပ်အောင်ခင် အား

"ဗိုလ်ကြီး အမောပြေ ရေနွေးကြမ်းနဲ့ လဘက်ကလေး



စားလိုက်ပါဗျာ။ တစ်ဆက်ထဲ မေးချင်တာက အေးဘုံရဲကိစ္စက ဘယ်လို ဗိုလ်ကြီးသုံးသပ်သလဲ။ ဘာကူညီပေးရမလဲပြောပါ။"

ဤသို့မေးလာမည့်စကားကိုလည်း ရဲအုပ်အောင်ခင်က တစ်ယောက်ကြိုတင်သိထားပြီးပြီ နောက်ရွာသူရွာသားတွေက လည်း အများကြီး ခေတ္တခဏမျှ စဉ်းစားလိုက်ပြီး ရဲအုပ်အောင်ခင်က

"ကျေးရွာသူကျေးရွာသားတွေ နေပူပါတယ်ဗျာ အေးဘုံရဲ အကြောင်းကတော့ သေမှုသေခင်းဖြစ်တဲ့ အမှုပါဘဲ မဆန်းကျယ်ပါဘူး ကျွန်တော်လည်း မစဉ်းစားတတ်အောင် ဖြစ်နေပြီ ဒါကြောင့်သူကိုယ်သူ ဆွဲကြိုးချ သေတယ်ဘဲ ထားပါတော့ဗျာ။"

"အော်ဟုတ်× × ကဲ့ခင်ဗျ"

"ဟီး× × ဟီး × × ဟီး ခခန့်မှုကြီးရယ် ကျမကျမသမီးလေးအေးဘုံ တစ်ယောက်အပြစ်ဆိုးလိုက်တာရှင် ဘယ်လိုသေရတာလဲ ပြောပြပါအုံး ဟီး× × ဟီး × × ဟီး "

ကြိုရပ်သာ ကျေးရွာတစ်ရွာလုံး မအေးဘုံ တစ်ယောက် သေဆုံးကြောင်း သူဟာနဲ့သူသေကြောင်း သတင်းက ကျေးရွာတွင် မောင်းခတ်မကြေငြာဘဲ ပြည့်စုံသွားကာ ယင်းသတင်းအတွက် အေးဘုံ၏ ဖခင်နှင့်မိခင်ဒေါ်ပန်းဥတို့ ရ–ယ–က ဥက္ကဌ နေအိမ်သို့ရောက်ရှိလာကြပြီး ဝမ်းနည်းပက်လက်ဖြင့် မျက်ရည်တစ်သွင်သွင်စီးကျကာ ငိုနေသဖြင့် ဥက္ကဌ ဦးအောင်စိုးက–

www.burmeseclassic.com

www.burmeseclassic.com








"ကိုထွန်းစိန် ကျွန်တော်တို့နဲ့အတူ တစ်ရွာလုံး မအေးဘုံလေးရဲ့ ဖြစ်အင်ကို ယူကြုံးမရပါဘူးဗျာ မပန်းဥကလည်း စိတ်ကိုထိန်းပါ သေတဲ့သူကလည်း သေပြီဘဲ၊ သူ့အကြောင်းနဲ့သူ့ ရေစက်အတိုင်း ကံပါလာတာကိုး ကဲတိတ်တိတ် အိမ်ပြန်ပြီးစိစဥ်ရောရှိတာ စီစဥ် ကျေးရွာကာလသားခေါင်းဆီမှာ လိုအပ်တာ မှာပါ ဟုတ်ပြီပေါ့နော်"

"အမလေး သမီးအေးဘုံရဲ့ အမေတို့ကို ထားရစ်ခဲ့ပြီ အခုတော့ သွားပြီပေါ့နော် သမီးလေးရဲ့ အဖြစ်ဆိုးတယ်ကွယ်"

ဒေါ်ပန်းဥ ငိုယိုကာ ဥဏ္ဏဥဒြဲထဲက ထွက်ခွါသွားကြလေသည်။ လာရောက်ကြည့်ရှုနေကြသည့် ပရိသတ်ကြီးကလည်းဖြေမဆည်းနိုင် မျက်ရည်ကျသူကျ ၊ ငိုသူငို နေ့အလည်မှာ အပုလွှန်ကဲ ငိုပွဲကြီးပင် မည်သူ့အသဲမာမာဖြင့် မျက်ရည်မကျဘဲရှိနိုင်ပါအံ့နည်း၊ မအေးဘုံ၏ ဘဝ အဖြစ်သနစ်က ဒဏ္ဍာရီ ပုံပြင်လိုလို၊ နွေအိပ်မက်ရေပွက်ပမာ လူ့ဘဝခဏလေး နေမြင်ညပျောက်ရသည့် အစိုးမရပါသော ဤသြကာသြ အတောမသတ်နိုင်ပါပေသည်။

"ဟဲ! ကောင်မရေ အေးဘုံလေး သူ့ဟာနဲ့သူသေတာတဲ့တော့"၊

"ဟုတ်လား အေးလေ စိတ်ကမနှံ့တော့လည်း လုပ်ချင်ရာလုပ်ပြစ်လိုက်မှာပေါ့ဟယ်"

ကျေးရွာထဲ ဟိုနားအုပ်စု ဒီနားအုပ်စုဖြင့် ဒီလေး အငယ်ကို ခါးတွင်ကထစ်ခွပြီးလက်ကပိုက်လျှက်ဖြင့် တောမလေ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝေဖန်နေကြချိန် ရဲအုပ် အောင်ခင်က ဥက္ကဋ္ဌ ဦးအောင်စိုးအား

"ဥက္ကဋ္ဌရေ"

"ဟုတ်ကဲ့ ဗိုလ်ကြီးပြောပါခင်ဗျ"

"အေးဘုံရဲ့ ဟိုးငယ်သူငယ်ချင်းဆိုတဲ့ ကောင်လေးက နံမည်ဘယ်သူ"

"အော် - ဦးပန်းကြိုင်ရဲ့သား နိုင်ဝင်ပါခင်ဗျ"

**ဥပဒေဘောင်တွင်း**
**နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ**
**ပြည်သာယာ**



"အေးဗျာ ဒီကောင်လေး နိုင်ဝင်းကို အေးဘုံရဲ့ အကြောင်း နည်းနည်းမေးကြည့်ချင်တယ်။"

"ရပါတယ်- ရပါတယ်- ဟောမြင့်မောင် နိုင်ဝင်းကို သွားခေါ်ခဲ့ကွာ သူ့ရဲ့သူငယ်ချင်း အေးဘုံအကြောင်းမေးချင်လို့ ခဏ လိုက်ခဲ့ပါလို့ ဟုတ်လား သွား× ×"

တစ်ခါတစ်ခါ မုဆိုးကို သားကောင်က ပြန်လှည့်ပါတ်သည်ကို မုဆိုးခံပြီး၊ မုဆိုးလှည့်စားလိုက်သည်အခါ သားကောင်မှာလည်းခံလိုက်ရသည့် သာဓကတွေက အများကြီးရှိသည်။ ဒုစရိုက်မှု ကျူးလွန်ကြသူတွေသည် ရဲတပ်ဖွဲ့ကို သူတို့၏ တစ်ထွာတစ်မိုက်ဉာဏ်စွမ်းလေးဖြင့် လှည့်စားသည်ကို ကွက်ကျော်မြင်တတ်ရမည်။ တစ်ကွက်ကျော် နှစ်ကောင်စားပြီး ကင်းဝင်ရဘို့အတွက် ကျားကွက်ရွှေ့သလို ဉာဏ်ကို လှာကာသုံးရမည်။ လောကြီး၍မရ လောကြီးလျှင် တရားခံခြေရပျောက်သွားနိုင်သည်။ တရားခံဆိုသည်က တကောင်သားများကို ရဲတပ်ဖွဲ့ဝင်များဖြင့်ယှဉ်ကာ ခုသတ်ကစားရသည့်ပွဲ၊ တရားဥပဒေ ဘက်တော်သားနှင့် တရားဥပဒေကို ကျော်နိုင်းကျူးသူ သားကောင်နှင့် မုဆိုးသာပ။

"မောင်ခိုင်ဝင်းရောက်ပါပြီ ဗိုလ်ကြီး"၊

"အော်ဟုတ်ကဲ့"၊

"ထိုင်ပါ မောင်နိုင်ဝင်း"၊

"ဟုတ်ကဲ့"

"ဒီလိုကွယ့် မင်းလည်းကြားပြီးသွားပြီပေါ့ မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့ အေးဘုံ အကြောင်း"

"ဟုတ်ကဲ့ သိပြီးပါပြီ ကျွန်တော်လည်း စိတ်မကောင်း ဖြစ်နေရပါတယ်။"

"အေးကွာ ဘာရယ်လို့တော့မဟုတ်ဘူး၊ အေးဘုံအကြောင်းကို ငယ်စဉ်ထဲက အခုထိ ခင်မင်လာကြတဲ့ မင်းတို့ အေးဘုံတို့ အကြောင်း နည်းနည်းပြောပြပါလား"

"ဟုတ်ကဲ့ ပြောပြလို့ရပါတယ်။"

"ကဲဒီမှာတော့ တို့လည်း ပင်ပန်းနေကြပြီ စခန်းကြမှဘဲ အေးအေးဆေးဆေး ပြောပြစမ်းပါ။ ဒါနဲ့ အေးဘုံလေးက စိတ်မနဲ့ဘူးဆို"

"ဟုတ်ပါတယ် သူငယ်စဉ်ခုဘွေးဘဝထဲကပါ။"

"ဒါဆိုရင် မောင်ခိုင်ဝင်းနဲ့ မောင်လိုနမလို ခင်မင်နေကြ သူတွေ မဟုတ်ဘူးလား။"

"သိပ်ခင်တာပေါ့ တစ်ရွာလုံး သူနဲ့စကားပြောလို့ရတဲ့သူက သူ့အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်ပါဘဲ။"

"အေးကွာ တို့အရမ်းကို မင်းသူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်မိပါတယ်ကွာ၊ မင်းလည်း စိတ်ထိခိုက်ပြီး တို့လိုဘဲ စိတ်မကောင်းဘူးဆိုတာ သိပါတယ် ဒါကြောင့် အေးဘုံလေးရဲ့ အကြောင်းကို မင်းသိသမျှ တို့ကိုပြောပြ ပေးဘို့ပါကွာ၊ တစ်ခြားထွေထွေထူးထူးမရှိပါဘူး။ မင်း ကူညီပေးတဲ့သဘောပေါ့။"

"ကူညီပေးမှာပါ ကျွန်တော့်သူငယ်ချင်းရဲ့အကြောင်းကို



ကျွန်တော်တို့ ဘယ်လိုခင်မင်ကြတယ် ဇာလေးဘဝထဲက ဘယ်လိုကျောင်းအတူတက်ခဲ့ရတယ်ဆိုတာ အားလုံး ဖြေကြားပေးပါမယ်"

"ကဲ-ဒါဆိုရင် မောင်ခိုင်ဝင်း စခန်းလိုက်ပြီးပြောပြပေးပါ၊ ငါ့ရဲ့အထက်အရာရှိကြီးတွေက အေးဘုံလေးရဲ့အဖြစ်ကလေး ဖြစ်အင်တွေကို မေးရင် ပြန်ပြောတတ်အောင်လို့ပေါ့။"

"ဟုတ်ကဲ့"

ပြုံးရွှင်အေးဆေးစွာ မောင်ခိုင်ဝင်း ပါးခွဲကို ရဲအုပ်အောင်ခင်မှ ကြင်နာစွာ ကိုင်ရင်း ဆင်ခြိမ်းဆွဲ စခန်းသို့ ပြန်ခဲ့ကြ[illegible]တော့သည်။ [illegible]င်ပြီးဆွဲ ရဲတပ်ဖွဲ့စခန်းမှူး ရုံးခန်းထဲအရောက် မောင်ခိုင်ဝင်းအား ကုလားထိုင်ခုံတွင် ထိုင်ခိုင်းလိုက်ပြီး ရဲစာရေးကြီးအားလမ်းခေါ်ကာ မအေးဘုံ၏ သေဆုံးခြင်းကို သေမှုသေခင်းအမှတ်စဉ် ၁/၉၈ဖြင့် ဖွင့်ရန် အေးဆေးစွာပြောကြားလိုက်ပြီးနောက် စားပွဲခုံအား လက်ဖြင့် ရိုက်လျှက်

"ဘုန်း"၊

"ကဲကွာ မင်းကိုငါအေးအေးဆေးဆေးဘဲမေးမယ် မင်းမှန်မှန်ဖြေပါ လိမ်မယ် × × × ညာမယ်ဆိုရင်တော့ မင်း ငါ့အကြောင်း ကောင်းကောင်း သိမယ်"၊

"ကျွန်× × × တော်× × × ကျွန်တော် ဘာဖြေရမှာလဲ ခင်ဗျာ × × ဗျာ× × "၊

"အေးဘုံသေတဲ့ကိစ္စမှာ မင်းပါဝင် ပါတ်သက်နေတယ်

www.burmeseclassic.com



ဆိုတာ ငါသိတယ် အဲ့ဒါကြောင့် မင်းမှန်တာကို ဖြေရင် သက်သာမယ်။ မမှန်တာဖြစ်လာရင်တော့ ငါ့လက်သီးက ဥပုတ်သီလ စောင့်မနေဘူး! ပြော မင်းအေးဘုံကို ဘာလုပ်သလဲ ဘာ့ကြောင့် သတ်သလဲ!"

"ဟိုး × × × ဟိုး× × × ဟိုးလေ"

အပြောင်းအလဲမြန်ဆန်လိုက်သည့် ရဲအုပ်အောင်ခင်ကြို့ရပ်သာကျေးရွာမှာတုံးက ခန်းရောက်သည်အထိ ပြုံးရွှင်လို့ ရှိရှိမောမော အခုကြတော့ မာကြောခက်ထန်လိုက်သည်မှာ သံချောင်းပမာ ထိုင်နေသည့် မောင်ခိုင်ဝင်း ကြက်သီးမွေးညင်းထသွားရသည်အထိ ကြောက်လန့်သွားရသည်။ အအကြီးတောင်ဖြစ်သွားပြီး စကားကိုတောင် ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်ဘဲ တောင်တစ်လုံး မြောက်တစ်လုံး ထွက်ပေါ်လာတော့သည်။

"အေးဘုံနဲ့မင်းနောက်ဆုံးတွေ့ရှိခဲ့တဲ့ နောက်ဆုံးအချိန် မင်းဘယ်မှာလဲ!"

"ကျွန်တော်အမှန်အတိုင်းပြော × × × ပြောပါ့မယ် ခင်ဗျ။"

"မင်း ဘာကို အမှန်အတိုင်းပြောမှာလဲ"၊

"ဟိုး အေးဘုံကို သတ်တာ × × × သတ်တာ"

"အေးလေးမင်းကို ငါမေးနေတာက အေးဘုံအကြောင်း မင်းအဲ့ဒါတွေကို သိလျှက်သားနဲ့ မသိချင်ဟန်ဆောင်နေတယ် မင်းက တို့ကို ပညာပေးနေတာယ်ဆိုတာငါသိတယ် ကဲပြောစမ်း



ဟုတ်တယ်မဟုတ်လား"၊

"ဟုတ်× × × ဟုတ်ပါတယ်× × ဟုတ်ပါတယ် ဒါပေမဲ့ ကျွန်တော်× ကျွန်တော်မဟုတ်ပါဘူး"၊

"ဟုတ်ပါတယ်၊ မဟုတ်ပါဘူးဆိုတဲ့ စကားက ဘာစကားလဲကွ၊ တစ်ခုတော့ရှိတယ်နော် ထပ်လိမ်ညာမယ် အကြံအစည်ကို မင်းတွေးဘို့မကြိုးစားနဲ့ အမှန်ကိုပဲ ငါသိချင်တယ် အဲ့ဒါကို မင်းဆန္ဒအရ ထုတ်ဖော်ပြောတာကိုပဲ ငါလိုချင်တယ်။"

"အမှန်က ကျွန်တော့်ကြောင့်ပါ ကျွန်တော်အပြစ်တွေပဲ ပါ ပါတယ်"

"ကောင်းပြီ၊ မင်းအမှန်အတိုင်း မင်းပြုလုပ်ခဲ့တာကို ဝန်ခံဖြောင့်ချက်ပေးမယ် မဟုတ်လား၊ အဲ့ဒီလိုမှပေါ့ကွဲ ခဏနေအုန်း၊"

"ဟို မောင်ဝင်း ရပ်ကွက် ရ-ယ-က အဖွဲ့တွေ ခဏခေါ်လိုက်ကြကွာ ခန်းမှူးကြီးက ခေါ်ခိုင်းလိုက်လို့ သက်သေအဖြစ်လာရောက် ကူညီပေးပါဆိုတာ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ရဲဒုတပ်ကြပ် မောင်ဝင်း ထွက်ခွာသွားပြီး မိနစ်(၃၀)ခန့်အကြာ ရ-ယ-က အဖွဲ့ဝင်များရောက်ရှိလာကြပြီး နေရာချထားပေးကာ နယ်ထိန်းတပ်ဖွဲ့ဝင်များ ရဲတပ်ကြပ်ကြီး ဘရေးကြီးတို့ ကိုယ်စီကိုယ်ငှ ထိုင်လိုက်ကြပြီး မောင်ခိုင်ဝင်းအား ဝိုင်း၍ ကြည့်နေလိုက်သည် မျက်လုံးများဖြင့် ရဲအုပ်အောင်ခင်က

www.burmeseclassic.com

www.burmeseclassic.com







"ကဲ မင်းဖြစ်ခဲ့ရတဲ့ အေးဘုံ သေဆုံးခဲ့ရတဲ့အဖြစ်ကို အစအဆုံး ပြောလို့ရပြီ"

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်နဲ့ အေးဘုံနဲ့က ငယ်ငယ်ထဲက သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေ အတူကြီးပြင်းလာတဲ့ သတွေပါ သူနဲ့ ရိုးရိုးခင်မင်နေကြရင်ကတစ်နေ့ × × ×"

× × × × × × × × × × × × × × × × × × × × × × ×

"ဟေ့ကောင် နိုင်ဝင်းဒီကိုလာအုန်း မင်းကငါတို့ကိုမြင်မှာ ဘာလို့လှည့်ရှောင်သွားတာလဲ"

"မဟုတ်ရပါဘူးဗျာ"

"ဘာမဟုတ်ပါဘူးလဲကွာ × × မင်းနော် သတိထား"

"ဟုတ်ကဲ့"

"မင်းတို့ရဲ့အကြောင်းကောင်းကောင်းသိတယ်နော် ! လူသတ် ရမှာလည်းဝန်မလေးဘူး။ မင်း ငါ့နိုင်တာ ကို လုပ်ပေးရမယ် မလုပ်ပေးရင်တော့အသေသတ်ပစ်မယ်"

"ဟုတ်ကဲ့ ပြောပါ ဘာလုပ်ပေးရမှာလဲ ခင်ဗျား"

"ငါတို့ဒီည မိန်းကလေးတစ်ယောက်နဲ့ ပျော်ချင် ပါးချင်တယ် အဲ့ ဒီတော့မိန်းကလေးတစ်ယောက်ရှာလာခဲ့"

"ဟို × × ဟိုလေ"

"ဘာလဲ မင်းက မရှိဘူးပြောမလို့လား × × မလိုချင်ဘူး ငါတို့ဒီညမှာ ဘယ်လိုမိန်းကလေးမျိုးဘဲဖြစ်ဖြစ် ပျော်ချင်တယ်။ မင်းရှာပြီးတော့ ည(၁၀)နာရီ ရွာထိပ်ကနေငါတို့စောင့်နေမယ်။ ရွာထိပ်မှာမရှိရင် အင်တိုင်းတောထဲမှာ ငါတို့ရှိမယ်

www.burmeseclassic.com

www.burmeseclassic.com



ရအောင်ရှာပြီးခေါ်လာခဲ့။ အေး ! မပါလာခဲ့ရင်တော့ မင်းမနက်ဖြန်လင်းရင်. မျက်နှာသစ်ဘို့မလိုတော့ဘဲ ခေါင်းနဲ့ကိုယ် အိုးစားကွဲမယ် ဒါဘဲသွားတော့"

ခက်ချေပြီ ကြို့ရပ်သာ ကျေးရွာထဲတွင် နေထိုင်ကြသည် လူမိုက်နှစ်ဦးနဲ့ မောင်ခိုင်ဝင်း ပက်ပင်းတိုးမိသည် ဒီကောင်တွေက နွားခိုးမှုဖြင့် ထောင်ကျသွားပြီး ထောင်ကထွက်လာတော့ တစ်ရွာလုံးကို ခါးကြိမ်းကြိမ်းကာ လူသတ်မည်ဖြတ်မည်တကဲကဲဖြင့် လူမိုက်ရမ်းကား ပြုလုပ်နေကြသူတွေ၊ ကျေးရွာထဲ ဆဲဆို၊ကြိမ်းဝါးကြလို့ ဒီလူမိုက်(၂)ဦးဖြစ်တဲ့ မြင့်လှိုင်နဲ့ သိန်းဆွေကို အော်ကြောလန်ကြသည်။

# ဖြစ်မှုမှန်သမျှ ဆွေးရိုးမရှိ



သူတို့(၂)ဦးကို ရွာသားများ အဝေးကမြင်ကတည်းက ရှောင်ရှားကြသည် လူမိုက်ကိုပြုိင်၍ မမိုက်ကြပြိုင်၍လည်းမိုက်ကြသူတွေမရှိသောကြောင့်လည်း လူမိုက်(၂)ဦး သွေးနထင်ရောက်ကာ ကြို့ရပ်သာကျေးရွာတွင် လူမိုက်ကြီးများဟု နံမည်ကြီး လန့်ဖျန့်နေကြရသူတွေ ဒီတော့မြင်တဲ့သူတိုင်း ရှောင်ကြရသည် အခုလည်း မောင်ခိုင်ဝင်းရွာထိပ်သို့သွားမည် ရွာလယ် လမ်းမကြီးတွင် ရောက်လာခဲ့ပြီ၊ လူမိုက်(၂)ဦးကို မြင်သဖြင့် နောက်ပြန်လှည့်သွားခဲ့ပါသော်လည်း မြင့်လှိုင်နှင့် သိန်းဆွေက ခိုင်ဝင်းကို လှမ်းခေါ်ကာ အပျော်အတွက် အမျိုးသမီးကို ရှာပေးရမည်ဟု ခါးကြိမ်းကြိမ်းကာ ရာခိုင်းလိုက်သည် ညကျေးရွာတွင် အပျော်ထားရန် မိန်းကလေးမရှိ လိုက်လံရှာဖွေသည် မတွေ့လုံးဝကိုမတွေ့ မရှိသည့်အရာကို ရှာရသည်ထက် ချိန်းဆိုထားသည့် ည(၁၀)နာရီဆိုတာက အချိန်က နီးကပ်နေသည်။ အပျော်မိန်းကလေးမျှာဖွေပေးနိုင်ခဲ့လျှင် မောင်ခိုင်ဝင်း ၎င်းတို့၏ ခါးချက်မိမှာ အသေကြောက်သည်၊

ဘာမှ ကြံစည်စိတ်ကူးလို့မရတော့ စိတ်ညစ်ညစ်နဲ့ည အမှောင်ရွာလယ်လမ်းမကြီးတွင် ထိုင်ချလိုက်ပြီး တွေးနေလိုက်သည်။ ဟော အခုမှသတိရပြီး အခုအချိန်ဆိုရင်တော့ အေးဘုံတစ်ယောက် တီဗီကြည့်နေမည်။ အေးဘုံကို သွားပြီး ခေါ်သွားလိုက်မယ်။ ငါ့အသက်မသေစေရေးအတွက် ဆိုသည်အတွက်ကို ရှေ့တန်းတင်လိုက်တော့သည်။ မိမိကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူအကျိုး ပျက်စီးရန် မတွေးတောမဆင်ခြင်မစဉ်းစားဘဲ မိမိဘ၀အသက်ရှင်စေရေး ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုသည့်ထုံးကို ခိုင်ဝင်းသုံးရတော့မည် ဒီတော့ ထိုင်နေရာကထကာ

"ဟုတ်ပြီ အေးဘုံတစ်ယောက်ရှိတယ်သူက ရှုးနေတဲ့သူ ဆိုတော့ သူဘာမှ သိမှာမဟုတ်ဘူး ညာခေါ်မယ်"

မောင်ခိုင်ဝင်း ရွာလယ်ဗီဒီယိုရုံသို့ အရောက်လှမ်းကာ ရုံပေါက်ဝကနေပြီး အထဲသို့ လှမ်းအကဲခတ်လိုက်သည် ရုံးထဲမှာ တော့ တီဗီကို ကြည့်နေကြသည် ရွာသားများရိုလို့မောလို့ ဟိုကြည့်ဒီကြည့်ကြည့်နေရင်း အလယ်တွင် ထိုင်နေပြီး တီဗီကြည့်နေသည့် အေးဘုံအားမြင်လိုက်သဖြင့် ခိုင်ဝင်း ဝမ်းသာပီတိဖြစ်ကာ

"ရှူး× × × ရှူး"

အသံပြု၍အေးဘုံကို ခေါ်လိုက်သည် တီဗီကြည့် နေသည့် အေးဘုံကလည်း လှည့်ကြည့်လိုက်ရာ မောင်ခိုင်ဝင်း က လက်ညှိုးနှစ်ချောင်း ထောင်၍ ထွက်လာခဲ့ရန် ခေါ်သဖြင့် အေးဘုံ ရုံထဲကထွက်ပြီး မောင်ခိုင်ဝင်းအား

"မောင်တော် ဘာအရေးတကြီးရှိလာလို့လဲကွယ် နှမတော်ရယ် မောင်တော်မှာ အလွန်တရာစိုးရိမ် ထိတ်လန့် စရာတွေရှိနေပါတယ် နှမတော်လိုက်ပါမှ မောင်တော်ရဲ့ ထိတ်လန့်ခြောက်ခြားမှုတွေ ပျောက်မှာ နှမတော်ရဲ့"၊

"ကဲမောင်တော်နဲ့ ဘယ်ကိုလိုက်ခဲ့ရမလဲပြော"



"လာမောင်တော်နောက်လိုက်ခဲ့"

အေးဘုံရဲ့လက်ကိုဆွဲကာ ခိုင်ဝင်းတစ်ယောက် အချိန်မှီ သွားနိုင်ဘို့ အရေးကြီးနေသည်။ ကြို့ရုပ်သာ ကျေးရွာ အနောက်ဘက် ရွာထိပ်သို့ ရောက်ရှိပါသော်လည်း

လူမိုက်များဖြစ်ကြသည့် မြင့်လှိုင်နှင့် သိန်းဆွေတို့ကို မတွေ့ရ ဒီတော့ အင်တိုင်းတောထဲတွင် ရှိမည်ဒီတော့ အေးဘုံလက်ကို ဆွဲလျှက် ဆက်လက်ပြေးပြန်သည်။

"မောင်တော်ရှာယ် နှမတော်မောလှပါပြီ။ ခဏ နားတော်မူပါအုံး မောင်တော်မှရာ"

"နှမတော်ရယ် ရှေ့အင်တိုင်းတောထဲရောက်ရင် နှမတော်လေး နားလို့ရပါပြီ၊ လာ× × × လာ× × × ဆက်သွားကြမယ်"

အေးဘုံခင်ဗျာ ပြေလွှားသွားရသဖြင့် ရှေ့ရင်အစုံ တုန်ကာ မောနေရှာပါသော်လည်း ခိုင်ဝင်းက ဆွဲလိုက်သည့် သန်မာသောလက်က မလွှတ်တမ်း ဆွဲခေါ်လာမှု ဆက်လက် ပြေးလွှားလာခဲ့ရင်း အင်တိုင်းတော လူသူပြတ်သည့် သစ်ဆနွင်းပင်အောက် လူမိုက်(၂)ဦးဖြစ်ကြသည့် မြင့်လှိုင်နှင့် သိန်းဆွေတို့ကို မြင်တွေ့မှ အပြေးရပ်နားလိုက်ကာ

"ဟောဟဲ× × × ဟောဟဲ × × ခင်ဗျားတို့ကလည်းဗျာ ဟောဟဲ× × ရှာလိုက်ရတာ ဟော× × ဟဲ"

"မင်းတော်တယ် ဂတိလည်းတည်တဲ့ကောင်ဘဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ သိပ်ကောင်း အေးဘုံကို ခေါ်လာတာပဲကွ အေး အရှုံးမလည်းကောင်းတာဘဲကွ ဒီတော့ ဟိုကောင် မြင့်လှိုင်မင်း အရင်ဆုံးစကွာ"

"ဟာဒီအရှုံးမက မလွယ်ဘူးကွ ဒီတော့မင်းတို့ နှစ်ယောက်က ချုပ်ပေးထားကြ"

"ဟာ အဲ့ဒီလိုကြီးတော့ ကျွန်တော်မချုပ်ပေးချင်ဘူးဗျာ"

"ဟေ့ခိုင်ဝင်း မင်းသေချင်လို့လား လာခဲ့။ ဒီ လက်တစ်ဖက်ကို မင်းက ကိုင်ပြီး အေးဘုံကို ဖိ၊ သိန်းဆွေက လည်းဖိကွာ"

ဤသို့အဖို့ နေ့တစ်ရက် ကြွေရက်ရှာသည့် အေးဘုံ အော်ဟစ်သည် မရ သန်မာသော လက်ကြီးများဖြင့် မြေပေါ်တွင် လှဲချလိုက်ကာ အဝတ်အစားများကို ဆွဲချွတ် လိုက်တော့သည်။

"ဟေ့ကောင်တွေမလုပ်နဲ့ × × × သေခြင်းဆိုး၊ မသာတွေ"

"ဒီကောင်မ ပါးစပ်ကို ပုဆိုးနဲ့ပိတ်ထားလိုက်စမ်း"


လူလူချင်း ညှာတာ ထောက်ထားမှုဆိုတာ လူမိုက်တွင် မိမိတို့ပျော်ရွှင်မှုကို ခဏသာပင်ဖြစ်စေကာမူ အရှုံးမကိုပင် စာနာထောက်ထားရမည့် လူမှုဝတ္တရားဆိုသည်က အဘယ်နည်း။ မကောင်းမှုပြုသော လူမိုက် ဒုစရိုက်သမား တွေက ဒါကို မသိပါးစပ်ထဲ ပုဆိုးစဖြင့် အေးဘုံ၏ ပါးစပ်ထဲဆို



့ထားတော့ အော်ဟစ်လို့မရတော့ မြင့်လှိုင်စိတ်ကြိုက် ခိုင်ဝင်းနှင့် သိန်းဆွေက အေးဘုံ လက်တစ်ဖက်စီကို အတင်း ဖိထားလိုက်ကြသည်။ ရက်စက်ပါပေ့။

"ကဲ သိန်းဆွေ မင်းအလှည့်ကွ- သွား"

အေးဘုံဘဝ ကယ်မဲ့သူဝေး အတင်းရုန်းကန်နေပါ သော်လည်း အချိုးအနှီးသာ သိန်းဆွေက အေးဘုံကို ပါးတစ်ချက်ရိုက်လိုက်သေးသည်။ အေးဘုံကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်ကာ မေ့သွားသည်၊ သိန်းဆွေ အကြွေနပ်ကြီးကျေနပ်မှုဖြင့် ပန်းဝတ်ရည်ကိုသောက်သုံးပြီး ရီမောလိုက်ကာ× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟား× × × ဟား× × ဟား× ဟား× × ကဲနိုင်ဝင်းမင်းအလှည့်ဘဲ"

"ဟာဗျာ × × ကျွန်တော်× × ကျွန်တော်×"

"ခွေးမသား မင်း× × ငါတို့ နိုင်းတာကို မလုပ်ရင်သေသွားမယ်နော် ခွေးမသား"

"ဟုတ်× × × ဟုတ်×"

တစ်ဦးပြီးတစ်ဦး တစ်ယောက်ပြီးတစ်ယောက် ပန်းဝတ်ရည်ကို သောက်သုံးယူနေသည့်ပျားပိတုန်းကဲ့သို့ သမင်ရဲ့အသားကျားဆိုးများက ဖဲ့ခွာစားသည်။ (၃)ယောက်ပေါင်း လောင်းကျော်၊ အဇာတသတ်၏ ဆွေမျိုးတော်ကြရသည့်လူတွေ။ ထိုစဉ်အေးဘုံ သတိပြန်လည်ရလါပြီး။

"နင်တို့ × × နင်တို့× × ဘာလုပ်ကြတာလဲ× ဟင်!"

လက်သြိုးထိုးကာ အေးဘုံက မြင့်လှိုင်နဲ့သိန်းဆွေတို့အား ပြောစဉ် မြင့်လှိုင်က

"ဒီအရူးမကို သတ်ပစ်လိုက်တာ တို့အတွက်အေးမယ် ကဲကွာ"

မြင့်လှိုင်လက်နှစ်ဖက်က အေးဘုံလည်ပင်းအား ပြုတ်တူညှပ်သကဲ့သို့ ဖျစ်ညှစ်သတ်နေစဉ် ဤအဖြစ်ကို မကြည့်ရက်သော နိုင်ဝင်းက

"ဒီလိုတော့ အေးဘုံကို မလုပ်ကြပါနဲ့ဗျာ။"

"ဟေ့ကောင် မင်းကတို့ကို လာတရားချမနေနဲ့ ကောင်းပြီ အေးဘုံကို လည်ပင်းညှစ်မသတ်ဘူး။ ကြိုးနဲ့သတ်ပစ်မယ်



ဒီတော့ ကြိုးဒီအနီးအနား တစ်ဝိုက် သွားရှာလာခဲ့ မပါရင် မင်းအသက်လည်း ပျောက်မည်မှတ်!"

မြင့်လှိုင်နှင့် သိန်းဆွေတို့ လူ့ဘီလူး မာန်စွယ်တွေက ကြောက်ခမန်းလိလိ အသဲထိတ်ကာ နှလုံးများပါခုန်ရသည် ကြောက်ကြောင်လန့်လန့်ဖြင့် နိုင်ဝင်းတွေ့ရာ ပေါက်နွယ်ကြိုးကို ဆွဲမိဆွဲရာ ဆွဲလာခဲ့ပြီး မြင့်လှိုင်ကို ပေးလိုက်တော့သည် သိန်းဆွေက ပေါက်နွယ်ကြိုးကို ယူလျှက် အေးဘုံလည်ပင်းကို ရစ်ပတ်လိုက်ကာ အေးဘုံကို ချုပ်ထားသော မြင့်လှိုင်က လွှတ်လိုက်ပြီး မြင့်လှိုင်နှင့် သိန်းဆွေပေါက်နွယ်ကြိုး တစ်စစီတစ်ဘက်တစ်ချက်က ကိုင်ကာဆွဲနေသည်။

"နင်တို့ခွေးတွေ သေချင် × × ဆိုး× × ×"

"အေးဘုံကို ဒီလိုမလုပ်ကြပါနဲ့ ဟာ ဒီလို × × ဒီလို သတ်တဲ့အထဲ ကျွန်တော်မကြည့်ရဲတော့ဘူးဗျာ အားမလေး မလုပ်ကြပါအုန်း ကျွန်တော် ကြောက်တယ် ကြောက်တယ်။"

အေးဘုံ တွာဖက်တစ်ချက် မြေကြီးကို အားပြုကာ ကြိုးစကိုဆွဲနေသည် မြင့်လှိုင်နှင့် သိန်းဆွေလုပ်ရပ်အား နိုင်ဝင်းဆက်လက် မကြည့်ရဲတော့ဘဲ ထွက်ပြေးသွားခဲ့လေတော့သည်။ အေးဘုံမြေကြီးပေါ်သို့ခွေခွေလေး ခွေကျသွားကာ လူ့လောကကြီးထဲက အပြီးတိုင် ထွက်ခွါသွားလေတော့သည်။

"ဟေ့ကောင် အရူးမတော့သေပြီ ဒီတော့ ဒီအလောင်းကို မပြီး ဖွဲ့ကျချောင်းထဲ သွားပစ်ချလိုက်မယ်"

"အေးကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြင့်လှိုင်နှင့်သိန်းဆွေတစ်ယောက် ခြေထောက်ကမပြီး တစ်ဦးက လက်ကကိုင်ကာ သစ်ဆန္ဒမ်းပင်နှင့် ကိုက်၂၀၀ ခန့်ရှိချောင်းသို့ ယူ၍ အေးဘုံအလောင်းအား ဖျောက်ပစ် လိုက်ကြတော့သည်။

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီစောင့်ထိန်းပေး



"သိန်းဆွေ ဒီကိစ္စဘယ်သူမှ သိမှာမဟုတ်ဘူးကွ"

"မင်းကသာ ဘယ်သူမှမသိဘူးပြောနေတာဟိုခွေးကောင် နိုင်ဝင်းကရှိသေးတယ် ဒီကောင်ကို တို့နှုတ်ပိတ်လိုက်ရင် ကောင်းမယ်"

"နေအုန်းကွ ဒီကောင်နိုင်ဝင်းကို ငါပြောထားမယ် ကျွန်ုပ်ရေရှာထဲမှာနေဘို့ နှုတ်မလုံရင်တော့ ဒီကောင်ကိုပါ ရှင်းလိုက်မယ်ကွာ၊ လာ ဒီကောင်နိုင်ဝင်းကို သွားပြောမယ်"

လူမိုက်(၂)ဦးနိုင်ဝင်းအိမ်သို့ ထွက်ခွါလာခဲ့ကြ လေတော့ သည်။

"အဲ့ဒီလိုနဲ့ ကျွန်တော်ရဲ့အိမ်ကို လိုက်လာပြီး ကျွန်ုပ်ရေရှာနဲ့ နေဘို့၊ မနေရင် ကျွန်တော့်ကိုပါ သတ်ပြစ်လိုက်မယ် ဆိုတာနဲ့ ကြိတ်နေလိုက်ပြီး မနက်ကြတော့ အေးဘုံအဖေအမေ၊ကျေးရွာ သားတွေနဲ့အတူ ရောယောင်ပြီး အေးဘုံကို လိုက်ရှာဖွေပေး ခဲ့ပါတယ်"

"မင်းအဲ့ဒီလိုရှာဖွေကြရာမှာ ဟိုနှစ်ကောင် မြင့်လှိုင်နဲ့ သိန်းဆွေရောပါသလား ?"

စခန်းမှူးရဲအုပ်အောင်ခင်က ဆက်လက်မေးလိုက်ရာ

"ဟုတ်ကဲ့ သူတို့လည်း ဟန်ဆောင်ပြီး ဝိုင်းကူရှာပေး ကြပါတယ်။ ပြီးတော့ ကျေးရွာသူ ရွာသားတွေ ယုံထင်၊ ကြောင်ထင် ဖြစ်အောင်၊ ရဲတပ်ဖွဲ့ဝင်တွေ မျက်စိလည်၊ အမှုလမ်းကြောင်းပြောင်းအောင် သာယာဝတီမှာ ယောကျ်ား တစ်ဦးနဲ့ တွဲသွားတယ်ဆိုတာကို မြင့်လှိုင်က ပြောပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး ကြို့ရပ်သာ ကျေးရွာမှာ ကျန်ရစ်ခဲ့တဲ့ နယ်ထိန်းပြန်လာပါပြီခင်ဗျာ"

"အေးလွှတ်လိုက်"

ကြို့ရပ်သာ ကျေးရွာတွင် ကျန်ရစ်ခဲ့ သတင်းခြေရာခံ ကောက်နိုင်ရေးအတွက် ဒုရဲအုပ် နယ်ထိန်းခေါင်းဆောင်မှ အလေးပြုကာ စခန်းမှူး ရုံးခန်းထဲ ဝင်ပြီး ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်နှင့် စခန်းမှူးရဲအုပ်အောင်ခင်က

"ထူးခြားမှုသတင်းဘာရသလဲ!"

"ဟုတ်ကဲ့ အခင်းဖြစ်တဲ့ညက ရွာရဲ့ အနောက်ဘက်ရွာမှာ နေထိုင်တဲ့ ကိုပေါက်(ခ)တင်ကိုက ညောင်ဖူးပြုတ်နေစဉ် လှမ်းတွေ့လိုက်ရတယ်ဆိုတာရယ် မျက်မြင်နှစ်ဦး စုံစမ်းလို့ ရခဲ့ပါတယ်"

"ဘယ်လိုမြင်တွေ့တာလဲ!"

"အခင်းဖြစ်ပွားတဲ့ ည(၁၀)နာရီခန့်မှန်းရတာပါဘဲတဲ့ ရွာအပြင်အနောက်ဘက်ထဲကို အတွဲတစ်တွဲ ပြေးဝင်သွားကြောင်း တွေ့လိုက်ရတယ်လို့ ကိုပေါက်(ခ)ဟင်ကို ထွက်ချက်နဲ့ ကိုခေါင်းပိန်ကလည်း မီးကလေးလက်ကို ဆွဲပြီး အင်တိုင်းတောထဲ ဝင်သွားတာတွေ့ပါတယ်ဆိုတာပါ ဗိုလ်ကြီး သူတို့နှစ်ဦးကိုလည်းခေါ်ခဲ့ပါတယ်"

"ကောင်းပြီဗျာ ဒီတော့ ခင်ဗျားနဲ့ နယ်ထိန်းကပ်ဖွဲ့ဝင်တွေ ကြို့ရပ်သာကျေးရွာကို ပြန်ပြီး မြင့်လှိုင်နဲ့ သိန်းဆွေကို အရှင်ဖမ်းဆီး၊ ခုခံတိုက်ခိုက်နေရင်တော့ ပစ်ဖမ်းဖို့ အဲ့ ကစ်ခုတော့



မှာလိုက်မယ်။ အဲ့ဒီမြင့်လှိုင်နဲ့ သိန်းဆွေ မပါလာခဲ့ရင်တော့ ဖမ်းမမိရင်ခင်ဗျား ကျွန်တော်ကို သတင်းလာမပို့နဲ့ခင်ဗျား ဒီစခန်းကို ပြန်လာစရာ အကြောင်းမရှိဘူး ဟုတ်လား။"

"ဟုတ်ကဲ့ စခန်းမှူးပေးတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါမယ် ခွင့်ပြုပါခင်ဗျ"

မတ်တပ်ရပ်ပြီး စခန်းမှူးအား အလေးပြုကာ ထွက်သွားလေသည်။ အချိန်အတော်လေးနှောင်းသွားခဲ့ချေပြီ မိုးချုပ်စပြုနေချိန်တွင် သဲကုန်းဆေးရုံသို့ မအေးဘုံအလောင်းအား ဆေးစစ်ရန် လွှတ်လိုက်သည့် ရဲတပ်ကြပ်ကြီးတို့ ပြန်ရောက်ရှိလာကြကာ ဆေးရုံဆေးမှတ်ချက် မှတ်တမ်းအား စခန်းမှူးအား ပေးလိုက်ပြီး ကြည့်ဖတ်ကာ ပါးစပ်က ထွက်ပေါ်လာခဲ့လေတော့သည်။

"ဆေးစစ်ဆေးချက်မှတ်တမ်းအရ သေဆုံးသူမှာ မသေဆုံးခင်က အဓမ္မပြုကျင့်ခံရသည့်လက္ခဏာများကို တွေ့ရှိကြောင်း သေဆုံးသွားရခြင်းမှာ အသက်ရှူလမ်းကြောင်း ပွန်ဝပိတ်ကာ သေဆုံးခဲ့ရကြောင်းစစ်ဆေးတွေ့ရှိရပါသည်တဲ့"

"ရဲစာရေးကြီးလာပါအုန်း"

"ဟုတ်ကဲ့ ဗိုလ်ကြီးပြောပါ။"

"သေမှုသေခင်းအမှုကို ပြောင်းလွဲပြီး မုဒိန်းမှု လူသတ်မှု အလောင်းဖျောက်ဖျက်မှုတွေနဲ့အတူ အမှုကို ခိုင်မာစွာ တည်ဆောက်ဗျာ၊ ဒီလိုကောင်တွေကို တရားဥပဒေနဲ့အညီ ထိထိရောက်ရောက်နဲ့ နောင်လူတွေ မလုပ်ရဲအောင် စံပြအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တရားဥပဒေအကြံပေးကို တင်ပြဖို့စာရေး၊ အားလုံးအဆင်သင့် ဖြစ်ရင် ကျွန်တော့်ထံယူလာခဲ့ ကျွန်တော် ဖတ်ကြည့်လိုက် အုံးမယ်။"

"ဟုတ်ကဲ့။"

"ကျွန်တော်တို့ကို လာရောက်ပြီး အကူအညီပေးကြတဲ့ ရ-ယ-က အဖွဲ့ဝင်တွေကိုလည်း များစွာကျေးဇူးအထူး တင်ပါတယ်ခင်ဗျာ။"

"မလိုပါဘူးဗိုလ်ကြီးရယ် ဗိုလ်ကြီးတို့ တောင်မနားမနေ တာဝန်ကို ဆောင်ရွက် နေကြတာဘဲ။ ရဲနဲ့ပြည်သူလက်တွဲ ကူဆောင်ပုဒ်အတိုင်း ပါဘဲပေါ့"

"ကဲ ပြန်လို့ရပါပြီခင်ဗျ ဒီက ဒုရဲအုပ် -----ကလည်း ခိုင်ဝင်းကိုအပ်စစ် ပြန်မှတ် ထပ်ခစ်ချက်တွေယူပါ ပြီးရင် အချုပ်ခန်းထဲ ထည့်ထားလိုက် ဟိုနှစ်ကောင် ဖမ်းလာလို့ ရောက်ရင် ကျွန်တော့်ရုံးခန်းထဲကို ပို့လိုက်အုံး"

"ဟုတ်ကဲ့"

"ခိုင်ဝင်းမင်းလိုက်သွားတော့"

"ဟုတ်ကဲ့ခင်ဗျ"

အတ္တနဲ့ လူသား × × × လူသားနှင့်အတ္တ လူမိုက် ဒုစရိုက်မှုမှာ ပျော်မွေ့သည် လူလူချင်း တနာဗိုက်ကင်းခဲ့ကာ လူ့အသက်တစ်ချောင်းကို ကြက်ကလေး ငှက်ကလေးပမာ သဘောထားပြီး ရက်ရက်စက်စက် သတ်ဖြတ်ကြသည့် တရားခံ(၃)ဦးကို ဖမ်းဆီးရမိကြကာ ၎င်းတို့၏ ဝန်ခံဖြောင့်ချက်



များအရ ဆင်မြီးဆွဲရဲတပ်ပွဲစခန်း(ပြစ်မှု)၃၈၉/၉၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆၊၃၀၂(၁)(ဂ)၊ ၂၀၁ တို့ဖြင့် အရေးယူကာ (၂၉-၅-၉၈)ရက်နေ့တွင် ပြည်မြို့နယ် ခုတိုင်းတရားသူကြီးရုံးသို့ စွဲချက်အမှတ် ယာကြီး ၃၂/၉၈ ဖြင့် စွဲချက်တင်ခဲ့ကာ လက်ခံကြားနာ စစ်ဆေးခဲ့တော့သည်၊ ရဲတပ်ဖွဲ့ဝင်များရဲ့ သက်သေ အထောက်အထားတင်ပြမှု တရားခံများ၏ ဖြောင့်ချက်ပေး ထွက်ဆိုမှု ဆေးစစ်ချက် မှတ်တမ်းများနှင့် မှခင်းဓါတ်ပုံများ မှခင်းမြေပုံ ကျေးရွာ ရ-ယ-က အဖွဲ့ဝင်များ နှင့်မြင်တွေ့သိရှိခဲ့ကြသည်များကို တင်ပြလျှောက်လဲ ကြားနာ စစ်ဆေး ပြီးစီးသောနောက်ဆုံးနေ့ဝယ် ခုတိုင်တရားသူကြီး ဦးဝင်းတင်က စီရင်ချက်ချမှတ်လေတော့သည်၊

"အမိန့် × × × × × × × × × × × × × × × × × ×

× × × × × × × × × × × × × × × × × × × × × ×

× × × × × × × × × × × × × × × × × × × × × ×

မဒီနံ၊ကျင်၊ လူသတ်ကာ အလောင်းဖျောက်ဖျက် ဖြစ်လိုက်သည်ကို ထင်ရှားစွာ တွေ့ရှိရသည့်အတွက် ပြစ်မှု ကျူးလွန်ကြသည့် တရားများဖြစ်ကြသော မြင့်လှိုင်အား ခေသဒါဏ်အပြင် × × × (၇)နှစ်၊ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြသည့် တရာခံ ခိုင်ဝင်းနှင့် သိန်းဆွေတို့အား ထောင်ဒါဏ် တစ်သက်တစ်ကျွန်းအပြင် × × × နောက်ထပ် (၇)နှစ်ကျခံစေ"

နောက်ဆုံး လူမိုက်တို့၏ သွားရာလမ်းကာ အခြားမရှိပြီ


www.burmeseclassic.com

www.burmeseclassic.com



ထိုက်သင့်သည့် ပြစ်ဒဏ်အတွက် တရားဥပဒေက ဆုံးမလိုက်ခြင်းသည်သာ လူမိုက်များအဘို့ စံပြုဖြစ်ရပ်ပို့မြစ်နနယ် အရွယ်ကို သော်ဖြင့် မိန်းကလေးကို ထားဘိအုန်းငယ်စဉ်တောင်ကျေး ဘဝလေးထဲက စိတ်ဖေါက်ပြန် ရူးသွပ်နေသည့် မိန်းကလေးကိုမျှမချန် အမိုက်မှောင်ဖုံးကာ ပြုရက်ရာသည် ပြုမိခဲ့သည့်အမှားကိုတောင် ဝန်မခံခြင်း အလျှင်းမပြုတရားဥပဒေကို လက်တစ်လုံးခြား ရှောင်တိမ်း လိုသောသဘော ဥပဒေကို မျက်ကွယ်ပြုရှောင်ပြေး နေကြရသည့်တိုင်လူမိုက်ဒုစရိုက်အတွက် ရာဇဝတ်ဘေးက ပြေးမလွတ်သည်မှာဒုစရိုက်မှု ဖုံးလွှမ်းပြီး တရားလက်လွတ်ပြုချင်တိုင်းပြုနိုင်ကာဖုံးကွယ်ပြုမှုသမျှ အရာအားလုံး မလုံခြုံကြောင်းကို ဤတရားခံလူမိုက်(၃)ဦး လက်ခံသွားကြလေသည်။ တရားဥပဒေစက်ကွင်းမလွတ်မှန်း တော့သိသွားကြရသည်။ နောင်မှတသည့်"နောင်တ"ကိုတော့ သနားစရာလည်းမလို၊ ညာတာဘို့ဆိုတာဝေလာဝေး ဆိုတဲ့ လူမိုက်ဒုစရိုက်သမားများအဖို့နှင့် တဏှါပေမထကြွ သောင်းကျန်းလူ့သရမ်းများကို တရားဥပဒေဆုံးမညီသည်။ နောက်နောင်လူအများ ဆင်ခြင်ပွားများစေခြင်းသည် တူတန်လိုက်သည့်အဖြစ်သာတည်း အဖြစ်မှန်ဖြစ်စဉ်အား တဖတ်ပရိသတ်ထုကြီးနှင့် ပြည်သူအများတရားဥပဒေ ဘောင်အတွင်း နေထိုင်ခြင်းဖြင့် မျက်ခြေမပြတ်သတိရှိရှိဖြင့် ဒုစရိုက်သမားများစွာကို ရဲရဲဝံ့ဝံ့ ရဲတပ်ဖွဲ့ဖြင့်အတူယှဉ်တွဲကာ အေးချမ်းသာယာသော နိုင်ငံတော်သစ်ဆီသို့





www.burmeseclassic.com

www.burmeseclassic.com



လှမ်းတက်ကြပြီး မောင်နှင့်အမ သားနှင့်အမိ ဆွေချင်းမျိုးချင်း ချစ်သူငယ်ချင်း လူသားအားလုံး ပျော်ရွှင်ချစ်ခင်စွာ နေထိုင်ကြပါစို့ဟု စာရေးသူမှ ခံစားတင်ပြ မီးမောင်းထိုးလိုက်သည်ကိုးက မှခင်းလျှော့နည်းကျဆင်းရေးအတွက် စာပေတာဝန်ဖြင့် ဆက်ကာ ခံစားဖွဲ့ဆို ညွှန်းလိုက်ရပါသည်၊ အေးဘုံရယ် ကြေးဆပ်မကုန်ပါဟု စာပေသစ္စာ ဟူသတည်း။

**ဥပဒေဘောင်တွင်း**
**နေထိုင်ခြင်း**
**ဘေးကင်းရန်ကျွာ**
**ပြည်သာယာ**





အရေးကြုံနေတဲ့ အေးဘုံ

အေးဘုံဘ၀ နှစ်မွန်းမှ

www.burmeseclassic.com

www.burmeseclassic.com








## တုန့်ပြန်မှုအများ

မကောင်းမှု့ဟူသည်ဓါးဘိကွယ်ရာပရိ

ရပ်ရွာဒေသချမ်းသာယာရေးဝိုင်းဝန်း

ကူညီစောင့်ထိမ်းပေး

www.burmeseclassic.com

www.burmeseclassic.com





ရုပ်ရှင်ဓာတ်ပုံပညာရှင်ဦးဗြိုင်းနှင့်ကျော်ဒီမီးထိုးစင်



## တုန့်ပြန်မှုအမှား

သတင်းထောက်ခင်

**ဘာကြောင့်သေဆုံးရသနည်း**

"ဆရာရေ့ ခင်ဘောင်းမြစ်ကမ်းနဘေး သစ်ပုံဆိပ်ကမ်းပါးမှာ လူသေအလောင်းတစ်လောင်း မြေမြှုပ်ထားကြောင်း ကျွန်တော်တို့ဆီ လာရောက်သတင်းပေးပို့တဲ့အတွက် ကျွန်တော်ဆရာ့ကို သတင်းပို့တာပါ"

တောင်ငူမြို့ အမှတ်(၁)ရဲတပ်ဖွဲ့ စခန်းမှူးတာဝန်ယူဆောင်ထားရသည့် ဒုရဲအုပ်(စ.ခ.မ) သန်းစိုးတယ် ယောက် မိမိစားပွဲတွင် လှည့်ကင်း ရပ်ကင်း နယ်မြေလုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



ရေးတာဝန်များကို မြို့နယ်မှူးထံသို့ တင်ပြအစီရင်ခံစာများကို ရေးမှတ်နေရင်း မနားမနေအလုပ်ရှုပ်နေသည့်ကြားထဲက အလောင်းတစ်လောင်းမြေမြှုပ်ထားကြောင်း လာရောက်သတင်းပေးပို့နေသည့် ရဲအရာခံ မောင်ကိုအား မော့၍ကြည့်လိုက်ပြီး----

"အေးဗျာ၊ ဆရာကြီး မှုခင်းကျဆင်းလျော့နည်းစေရန်အတွက် ရဲတပ်ဖွဲ့ဝင်တွေ နေ့ရောညပါဆောင်ရွက်နေတဲ့ကြားက လူသတ်အလောင်းမြေမြှုပ်ထားတဲ့ သတင်းဆိုတော့ အမြန်ဆုံး ကျွန်တော်တို့စုံစမ်းအရေးယူဆောင်ရွက်ရမှာပေါ့ဗျာ၊ ကဲ---ကဲ---ဒီတော့ဆရာ ဒုရဲအုပ်စခန်းမှူး စောထွန်းကျော်ရယ်၊ နယ်ထိမ်းခေါင်းဆောင် ဒုရဲအုပ်ဆရာစိုးလွင်နှင့် နယ်ထိမ်းတပ်ဖွဲ့ဝင်တွေကို စုစည်းထားလိုက်ပါ။ သက်ဆိုင်တဲ့တာဝန်ရှိသူတွေထံလည်း တယ်လီဖုန်းနဲ့ ဆက်သွယ်အကြောင်းကြားလိုက်ပါ။ ပြီးတော့ အခင်းဖြစ်တဲ့အရပ်ကို ကျွန်တော်တို့ သွားကြတာပေါ့ဗျာ"

မှုခင်းတစ်ရပ်ဖြစ်ပေါ်လာသောတိုင်း ရဲတပ်ဖွဲ့ဝင်များ ပင်ပန်းတယ်၊ အနားမယူရသေးဘူး၊ ထမင်းဆာသည်၊ မအိပ်ရသေးဘူးဟူ၍ ရှောင်နေလိုက်လို့မရ။ အမှုကွင်းဆက် ပြတ်သွားနိုင်သည်။ ချက်ချင်းထ၍ သတင်းအခြေခံကို စတင်ခြေ



ရာခံမှု သလွန်စကောက်ယူနိုင်မှုအပေါ် တရားခံကို ဖမ်းဆီးရမိ စုံစမ်းဖော်ထုတ်နိုင်မည်။ စခန်းမှူးရဲအုပ်ဝင်းစိန် အခြားတာဝန်တစ်ခုကြောင့် ခေတ္တစခန်းမှူးတာဝန်ကို ထမ်းဆောင်နေခိုက် ဒုရဲအုပ်(စ.ခ.မ) သန်းစိုးအဖို့ပို၍ စေ့စေ့စပ်စပ်ဖြင့် ဆောင်ရွက်ရတော့သည်။

အဆိုပါ လူသတ်၊ မြေမြှုပ်၊ အလောင်းမြှုပ်နှံထားကြောင်း သတင်းအရ တောင်ငူမြို့ အမှတ်(၁) ရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူးတာဝန်ယူထားရသည့် ဒုရဲအုပ် စခန်းမှူး သန်းစိုး၊ ဒုရဲအုပ် စခန်းမှူး စောထွန်းကျော်၊ နယ်ထိမ်းခေါင်းဆောင် ဒုရဲအုပ်စိုးလွင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၉)ရပ်ကွက်၊ ရ.ယ.က ဥက္ကဋ္ဌ ဦးအောင်စိုးနှင့်အဖွဲ့ဝင်များ၊ တောင်ငူမြို့ ဒုတိယမြို့နယ် တရားသူကြီး ဦးငွေဝင်း၊ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်စန်းတို့အဖွဲ့များ အလောင်းရှိရာနေရာသို့ သွားရောက်တူးဖော်စစ်ဆေး ကြည့်ရှုလေတော့သည်။

အလောင်းတူးဖော် စစ်ဆေးရာတွင် သေဆုံးခဲ့သည့်သူမှာ ခန့်မှန်း(၁၀)ရက်လောက်က လူပျောက်မှုဖြင့်တိုင်တန်းထားသော အမှတ်(၁၉)ရပ်ကွက်၊ မြို့ပတ်လမ်းတွင်နေထိုင်သည့် စောဖိုးထွေးဖြစ်နေကြောင်း တွေ့ရှိစစ်ဆေးရရှိပြီး သေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသူ၏ ဝဘက်လက်ဖျံတွင် ဆေးမှင်ကြောင်ဖြင့် ရေးထိုးထားသည့် "ထွီး"ဆိုသည့်စာတမ်းကိုပါ တွေ့ရှိခဲ့ကြပြီး အလောင်းအားစစ်ဆေးနိုင်ရန် တောင်ဥက္ကလာပမြို့ဆေးရုံသို့ ပေးအပ်စစ်ဆေးစေသည်။ ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ် ၂/၉၈ဖြင့် ရေးမှင့်ကာ စုံစမ်းစစ်ဆေးလေတော့သည်။ သက်ဆိုင်ရာ ဆရာဝန်ကြီးများ၏ ဆေးစာပြန်ကြားချက်အရ သေဆုံးသွားသူမှာ ဦးခေါင်းကွဲအက်၍ ဦးနှောက်အတွင်းသွေးယိုစီးမှုကြောင့် သေဆုံးခဲ့ရသည်ဟု အကြောင်းကြားစာ ရရှိခဲ့တော့သည်၊ သို့ဖြင့် အမှတ်(၁)ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းမှနေ၍ (ပ) ၂၂၄/၉၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၂၀၁ ပြောင်းလွဲအမှုမှင့်ကာ ရဲအုပ်စခန်းမှူး ဝင်းစိန်မှတာဝန်ယူ၍ အမှုမှန်ပေါ်ပေါက်ပြီး တရားခံများဖမ်းဆီးရမိနိုင်စေရန် နယ်ထိမ်းခေါင်းဆောင် ဒုရဲအုပ်စိုးလွင်၊ ဒုရဲအုပ်(စ.ခ.မ)သန်းစိုး၊ ဒုရဲအုပ်(စ.ခ.မ)စောထွန်းကျင်နှင့် အဖွဲ့တို့အား ရဲအုပ်ဝင်းစိန်က-----

"ဒီတော့ဗျာ၊ လူသတ်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့က သလွန်စပေါ်က်နေတဲ့တရားခံကို ဖမ်းဆီးရမိအောင်ဆောင်ရွက်ကြိုးစားရမယ်၊ သဘင်းရရှိမှုအပေါ် အခြေခံပြီးကွင်းဆက်အတိုင်း စုံစမ်းထောက်လှမ်းလို့ တရားခံကိုဖမ်းဆီး



ရမိနိုင်အောင် ကိုသန်းစိုး၊ ကိုစိုးလွင်၊ ကိုစောကျင်ထွန်းတို့က တပ်ဖွဲ့ဝင်တွေနဲ့ နယ်ထိမ်းအဖွဲ့ဖြန့်ခွဲ ခြေရာခံ၊ ရရှိလာတဲ့ ထူးခြားဖြစ်စဉ်ကို ကျွန်တော့်ထံသတင်းပေးပို့၊ နယ်ထိမ်းခေါင်းဆောင် ကိုစိုးလွင်က အခုရက်အတွင်း လှုပ်ရှား၊ စုံစမ်းမှု အခြေအနေက ဘာထူးခြားချက်တွေရှိသလဲဗျ"

ဟုမေးလိုက်ရာ နယ်ထိမ်းခေါင်းဆောင် ဒုရဲအုပ်စိုးလွင်က ----

"ဒီလိုရှိတယ်ဗိုလ်ကြီး ဘောင်ဥက္ကလာပမြို့နယ်အမှတ်(၁၉)ရပ်ကွက်မှာနေထိုင်တဲ့ မင်းမင်း(ခ)အေးမင်းကိုကျွန်တော်မသင်္ကာဘူး၊ အဲဒါကြောင့် စုံစမ်းစစ်ဆေးဖို့အတွက် ကျွန်တော်တို့သူကို ဖမ်းဆီးချင်တယ်"

"ဘယ်လို စုံစမ်းသိရှိရလို့လည်း ကိုစိုးလွင်ရ"

"သေဆုံးသူ ဘေဘိုးထွီးနှင့်စကားများ ရန်ဖြစ်ဘူးတယ်ဆိုတဲ့အချက်နဲ့ ဒီရန်ငြိုးတွေအရ ထောက်လှမ်းရေး စက်ဝိုင်းထဲကို ခုဝင်နေတယ်၊ ဒါကြောင့်သူ့ကို ဖမ်းဆီးစစ်ဆေးလိုက်ရင် အဖြေမှန်ကတော့ ထွက်လာမှာပဲ ဗိုလ်ကြီး"

ဟု ပြောကြားလိုက်ရာ ရဲအုပ်ဝင်းစိန် ခေတ္တခဏ စဉ်းစားလိုက်ပြီး-----

"ဟုတ်တယ်၊ ဒီတော့ ဒီမင်းမင်း(ခ)အေးမင်းကို ဖမ်း

www.burmeseclassic.com

www.burmeseclassic.com








ဆီးစစ်ဆေးဖို့အတွက် ခင်ဗျားတို့ဆောင်ရွက်ကြ၊ ကျွန်တော် မြို့နယ်မှူး ဒုရဲမှူး အေးတွန်းထံကို သတင်းပေးဖို့လိုက်ဦး မယ်"

"ဟုတ်ကဲ့"

ဒုရဲအုပ်များ၊ စခန်းမှူးရဲအုပ်ဝင်းစိန်ကို မတ်တပ်ရပ် အလေးပြုကာ ရုံးခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာသွားခဲ့တော့ သည်။

**ရာဇဝတ်ဘေးပြေးမလွတ်**

တောင်ငူမြို့ အမှတ်(၁)ရဲတပ်ဖွဲ့စခန်းတွင်နှိုးကြား ခြင်း၊ ဖြတ်လက်သွက်လက်၍ တရားခံများကို ဖမ်းဆီးပေါ် ဆောင်ရာတွင်၎င်း၊ ပေးအပ်လာသည့်တာဝန်နှင့်အတူ ကူညီ ပါရစေဆိုသည့် ဆောင်ပုဒ်အတိုင်း ရပ်ရွာအေးချမ်းသာယာ ရေးအတွက် မနားမနေဆောင်ရွက်ခဲ့ကြသည်။ "စိုး" နှစ်စိုး နှင့် "ကျင်"တစ်ကျင်တို့ရှိကြသည်။ ယင်း "စိုး" နှစ်စိုးမှာ ဒုရဲအုပ်(စ.ခ.မ) သန်းစိုး၊ ဒုရဲအုပ် စိုးငြိမ်းနှင့် ဒုရဲအုပ်(စ.ခ.မ) စောထွန်းကျင်တို့မှာ တရားဥပဒေကို လက်တစ်လုံးခြားပြု လုပ်သူ ဒုစရိုက်မှု ကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးရမီ အောင် ဖွမ်းဆောင်နိုင်ကြသလို ရဲအုပ်ဝင်းစိန်မှာလည်း ထိုသို့ မဟုတ်။ လူသတ်မှုများစွာကို သေချာစေ့ငုံ စုံစမ်းထောက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး တရားခံများကို ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ကြသည်။ ဤ ဘည် အရည်အချင်းများကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ ဂုဏ်ပုဒ် ကို ထွန်းပြောင်စေခဲ့သူများ ဖြစ်ကြလေသည်။

သက်ာမကောင်းဖြစ်သူ မင်းမင်း(ခ)အေးမင်းနေထိုင်ရာ (၁၉)ရပ်ကွက် ၄င်းနေထိုင်ရာအိမ်သို့ သွားရောက်ဖမ်းဆီးရာ မင်းမင်း(ခ)အေးမင်းမှာ ကြိုတင်ထွက်ပြေးတိမ်းရှောင်သွား တော့သည်။

ကမ္ဘာကုန်ကျယ်သ၍ ထွက်ပြေးတိမ်းရှောင်၍ ပုန်း အောင်းသော်လည်း တရားဥပဒေကွန်ယက်အတွင်း ပြေးမ လွတ်နိုင်။ ပြည်သူ့ဘဝနှင့်လုံခြုံရေးကို လိုချင်တောင့်တသော ပြည်သူအများနှင့် စခန်းအချင်းအချင်းဆက်သွယ်မှု၊ ကူညီပံ့ပိုး ပေးမှုကြားထဲက လွတ်မြောက်နိုင်မည်တဲ့လား။ ရဲနှင့်ပြည်သူ လက်တွဲကူသည့် ပွဲမို့ ရှောင်ပြေးသော်လည်း-----

မလွတ်သာ၊ ဒုစရိုက်တိုက်ဖျက်နေသည့် လုပ်ငန်းဖြစ်၍ မင်းမင်း(ခ)အေးမင်းထွက်ပြေးပုန်းခိုရာမှ မန္တလေးတိုင်း၊ နေပြည် တော်၊ လယ်ဝေးမြို့ထဲတွင် ရှိနေကြောင်းသိရှိလိုက်ပြီးသည်နှင့် ၂၀-၈-၉၉ ရက်နေ့တွင် လယ်ဝေးရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ် အောင်ကိုကိုထံသို့ ဆက်သွယ်၍ တရားခံဖမ်းဆီးနိုင်ရန် အကူ အညီ တောင်းခံလိုက်ရာ ရဲအုပ်အောင်ကိုကိုမှ နယ်ထိန်းအရာ



ရှိ ဒုရဲအုပ်အား တာဝန်ပေးရာ မင်းမင်း(ခ)အေးမင်းအား ရှာ ဖွေဖမ်းဆီးမိလိုက်ပါလေတော့သည်။ ထွက်ပြေးတိမ်းရှောင် နေသည့်မင်းမင်း(ခ)အေးမင်းတစ်ယောက် တောင်ငူမြို့အမှတ် (၁)ရဲတပ်ဖွဲ့စခန်းသို့ လက်ထိပ်ဖြင့်ရောက်ရှိလာခဲ့ပြီး စခန်း မှူးရဲအုပ်ဝင်းစိန်နှင့်အဖွဲ့မှ စစ်ဆေးမေးမြန်းရာ----

"တို့ရဲတပ်ဖွဲ့ဝင်တွေက မင်းကိုညင်ညင်သာသာနဲ့ ပဲမေးတာကို မှန်မှန်ကန်ကန်ဖြေပါ။ ဘူးကွယ်ဖို့ မင်းမကြိုး စားပါနဲ့"

ဟုပြောဆိုလိုက်ရာ မင်းမင်း(ခ)အေးမင်းက--

"ဟုတ်ကဲ့ ကျွန်တော်မှန်မှန်ကန်ကန်ဖြေပါ့မယ် ဗိုလ် ကြီး"

"စောဖိုးထီးနဲ့ မင်း ရန်စဖြစ်ခဲ့ဖူးတယ်ဆိုတာ အဲဒါ ငါသိချင်တယ်၊ ဘာဖြစ်လို့လည်း"

"ဟုတ်ကဲ့ အခုမှတော့ မထူးပါဘူး၊ ကျွန်တော်ဥပဒေ ကို ရင်မဆိုင်ရဲပဲ ထွက်ပြေးတိမ်းရှောင်နေခဲ့ပေမယ့် ဗိုလ်ကြီး တို့ရဲ့မျောက်အထိ ကျွန်တော်ရောက်ရှိလာခဲ့ပြီပဲ"

ဟု ပြောလက်စ စကားကိုဖြတ်ကာ ပြတင်းပေါက် အပြင်ဘက်သို့ ငေးကြည့်နေလိုက်ပြီး ဝမ်းနည်းယူကျုံးမရသွား ဖြင့်---

www.burmeseclassic.com

www.burmeseclassic.com



"သေဆုံးသွားသူ စောမိုးထွီးရဲ့ ညီမ၀မ်းကွဲကို ကျွန်တော်ချစ်ကြိုက်ကြောင်းပြောဆိုရာက စောမိုးထွီးကသိရှိသွားပြီး ရှာဂျော်မြက်စားတဲ့ကျွန်တော့်ကို ရန်တွေ့ပါတယ်"

"ဒီလိုရန်တွေ့တာနဲ့ ကိစ္စကပြီးသလား ဆက်ပြောကွာ၊ အကုန်ဖြစ်ပျက်တာကိုပြော"

"ဟုတ်ကဲ့ ပြောပါမယ်၊ ကျွန်တော်တို့နှစ်ဦး စကားများရန်ဖြစ်တဲ့အထိ ဖြစ်လာကြပြီး စောမိုးထွီးက သူ့အပေါင်းအသင်းတွေနဲ့အတူ ဓါးနဲ့လိုက်လံခုတ်နဲ့လို့ ကျွန်တော်ထွက်ပြေးလာခဲ့ရပါတယ် ဗိုလ်ကြီး"

"ဒီတော့ ဘာဆက်ဖြစ်ကြသလဲ"

"၂၄.၄.၉၈ရက်၊ ည(၁၀)နာရီမှာ ------"

"ဟိုး --- ဟိုး အဲ့ဒါက အခင်းဖြစ်တဲ့ညကပဲ ဒီကြားထဲ မင်းဘာဘာလုပ်သလဲဆိုတာ ငါသိချင်တယ်"

မင်းမင်း(ခ)အေးမင်း ရဲအုပ်ဝင်းစိန်မျက်နှာအား တစ်ချက်စိုက်ကြည့်လျှက် ခေါင်းငုံ့သွားကာ---

"စောမိုးထွီး ဓါးနဲ့လိုက်ခုတ်လို့ ကျွန်တော်ထွက်ပြေးလာခဲ့ရပြီးတဲ့နောက် ဒီလိုဖြစ်ပျက်ခဲ့ရတာလေးကို ကျွန်တော့်ရင်ထဲ တနုံ့နုံ့ဖြစ်နေရတယ်၊ မခံချင်စိတ်က မျိုသိပ်လို့မရဘူး၊ ဒါကြောင့်လည်း ကျွန်တော့်ရဲ့သူငယ်ချင်း စောမောင်



ဝေမ်းနှင့်မြင့်မိုးကို ဖွင့်ပြောပြလိုက်တော့ သူငယ်ချင်းနှစ်ဦးက ပါ စောမိုးထွီးလုပ်ပါးဝတာပဲ၊ ဒီကောင်ကို မှတ်လောက်သားလောက်အောင် ဆုံးမရမယ်၊ စောမိုးထွီးသွားလာတတ်တဲ့ အချိန်၊ အလေ့အထတွေကို စုံစမ်းပြီး ခုဏကကျွန်တော်ပြောခဲ့တဲ့ ရက်၊ ည(၁၀)နာရီမှာ တောင်ဒုမြို့မှနေပြီး မြို့ကြီးမြင်းခြံအင်း စောမိုးထွီးသူ့အိမ်ကိုပြန်လာခဲ့ရာမှ မောင်ရိပ်ယံက ကျွန်တော်တို့ကိုမတွေ့ဘဲ ကျော်သွားတယ်၊ ဒါနဲ့ပဲကျွန်တော့်လက်ထဲမှာကိုင်ဆောင်ထားတဲ့ ၂ x ၁" ဒုတ်နဲ့ စောမိုးထွီးရဲ့ ဦးခေါင်းနောက်ကို ရိုက်ချလိုက်တယ်"

**ဇော်ဦးသအမှား**

"မင်းတို့ညစ္စာကလည်း ဘာမဟုတ်တဲ့ကိစ္စရပ်ကလေးနဲ့ ဒီလိုလူသတ်မှုဖြစ်ရတဲ့အထိ ပြစ်မှုကျူးလွန်းရသလားကွာ"

ရဲအုပ်ဝင်းစိန်မှမေးလိုက်ရာ----

"ကျွန်တော့်ရင်ထဲ အစိုင်အခဲမကျေတာရယ်၊ နာကျည်းချက်ရယ်နဲ့မှတ်သားလောက်အောင် ဆုံးမချင်တာပါ ဗိုလ်ကြီး"

"မင်းတို့လူငယ်တွေ ဒီနေ့မှုခင်းမဂ္ဂဇင်းတို့ မှုခင်းဂျာနယ်တွေက ဒီလောက်ပညာပေး သတင်းထုတ်ပြန်နေတာတွေ မဖတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဖတ်ပါတယ်၊ သို့သော်လည်း အတ္တဒေါသနဲ့ မှားဟယ်ဆိုတာကို ကျွန်တော်ထွက်ပြေးနေတဲ့အချိန်မှာ သိခဲ့ရပေမယ့် ဥပဒေကို ကျူးလွန်မိခဲ့ပြီ"

"မင်းနဲ့လိုက်ခဲ့တဲ့နှစ်ဦးက ဘာဆက်လုပ်သေးလဲ"

"ကျွန်တော့်အနောက်ကနေပြီး တုတ်နဲ့ရိုက်လိုက်လို့ စောဖိုးထွီး မှောက်လျက်လဲကျသွားရာ----"

စကားစကိုရပ်၍ စဉ်းစားကာခေါင်းငုံ့နေလိုက်သည်။ ရဲအုပ်ဝင်းစိန်က

"ဆက်ပြောလေ၊ ကွယ်ဝှက်မယ်တော့မကြံနဲ့နော်"

"ပြောပါမယ်၊ ကျွန်တော့်သူငယ်ချင်းနှစ်ဦးလည်း မှောင်ရိပ်ထဲကထွက်ပြေးလာပြီး မှောက်လျှက်လဲကျနေတဲ့ စောဖိုးထွီးကို စောမောင်ငယ်က ဓါးနဲ့ခုတ်ချလိုက်တယ်၊ မြင့်စိုးကလည်း တုတ်နဲ့ရိုက်လိုက်ပြီး သေဆုံးသွားတဲ့စောဖိုးထွီး အလောင်းကို စစ်တောင်းမြစ်ကမ်းနဘေး သစ်ပုံဆိပ်အထိ သယ်ဆောင်လာခဲ့ကြတယ်။ သစ်ပုံဆိပ်မှာဒီအလောင်းကို ဖျောက်ဖို့အတွက် စောမောင်ငယ်၊ မြင့်စိုး၊ ကျွန်တော်တို့(၃)ဦးသား မြေကို တစ်ယောက်တစ်လှည့် တူးကြပြီး စောဖိုးထွီး အလောင်းကို ဖျောက်ဖျက်မြေမြှုပ်ထားခဲ့တယ်"

မင်းမင်း(ခ) အေးမင်းမှ ပြောလိုက်ပြီး စခန်းမှူးရဲအုပ်



ဝင်းစိန်မှ နယ်ထိမ်းခေါင်းဆောင် ဒုရဲအုပ်စိုးလွင်အား

"ကိုစိုးလွင်နဲ့ နယ်ထိမ်းအဖွဲ့က စောမောင်ငယ်ကို ဖမ်းစီးစစ်ဆေးဖို့အတွက်လုပ်၊ ကိုသန်းစိုးနဲ့ တပ်ဖွဲ့ဝင်တွေက မြင့်စိုးကို ဖမ်းဖို့ဆောင်ရွက်၊ သူတို့နှစ်ဦးကို ခင်ဗျားတို့ စစ်ဆေးချက်ယူဗျာ၊ အမှုခင်းဆေးပြီးရင် သက်သေခံတုတ်နဲ့ ဓားကို ကျွန်တော်တို့ သိမ်းဆည်းဖို့ ဝှက်ထားတဲ့ နေရာ ဒီကောင်တွေသိမှာပဲ"

ပြောလိုက်ရာ ဒုရဲအုပ်(ဒ.ခ.မ) သန်းစိုးနှင့် ဒုရဲအုပ်စိုးလွင်တို့မှာ ကျန်ရှိတရားခံ(၂)ဦး ဖမ်းဆီးရမိနိုင်ရန်အတွက် မိမိတို့တာဝန်ထမ်းဆောင်ရန် ခန်းမှူးအား အလေးပြု၍ ရဲတပ်ဖွဲ့စခန်းမှ လူစုခွဲ၍ ထွက်ခဲ့ကြလေတော့သည်။ စခန်းမှူးရဲအုပ်ဝင်းစိန်မှ မိမိရှေ့တွင်ရှိနေသူ မင်းမင်း(ခ)အေးမင်းအား တစ်ချက်စိုက်၍ ကြည့်ရှုလိုက်ပြီး ဘာမဟုတ်သည့် ကိစ္စရပ်ကို တရားဥပဒေဘောင်အတွင်း ဖြေရှင်းနိုင်ပါသော်လည်း အညိုးအတေးထား ဘဝဆုံးပါးသွားရသည်အထိ လူသတ်မှု ကျူးလွန်ခဲ့ကြရသည့် သူငယ်ချင်း(၂)ဦးတို့ကိုကြည့်ပြီး---

"အေးကွာ မင်းတို့လို လူငယ်တွေဖြစ်ပျက်ခဲ့တဲ့ မှားယွင်းတဲ့စိတ်ကြောင့်၊ မခံချင်စိတ်ဖြစ်မှု ကျူးလွန်ခဲ့ကြပြီး နောက်ဆုံးမတော့ နောင်ကဆိုတာ နောင်မှ တ ရတော့တာ

www.burmeseclassic.com

www.burmeseclassic.com








ပေါ့"

"ဟုဝ်ကဲ့ဗိုလ်ကြီး၊ ကျွန်တော်အလွန်ကိုပဲ စိတ်ထိန်းမရလို့ အခုလိုပြစ်မှု ကျူးလွန်နဲ့မိတာပါ"

"ဒီပြစ်မှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး မင်းကိုင်တိုင် အခုတို့ရဲတပ်ဖွဲ့မှာ အမှန်အတိုင်း ဖြောင့်ချက်ပေးဝန်ခံတယ်ပေါ့"

"ဟုတ်ပါတယ်၊ ဗိုလ်ကြီးကိုလည်း ဝန်ခံချက်ပေးသလို တရားရုံးတော်မှာလည်း ကျွန်တော်ကိုယ်တိုင်ဖြောင့်ချက်ပေးပါမယ်"

"ကဲ--- ကဲ မင်းလည်းအချုပ်ခန်းထဲမှာ အနားသွားယူလိုက်ဦး၊ ဟိုနှစ်ယောက်လာရင် ငါဆက်စစ်ရဦးမယ်၊ ဆရာကြီး မောင်ကိုရေ မင်းမင်းကိုခေါ်သွားလိုက်တော့ဗျာ"

ဟု အရာရှိမောင်ကိုအား ပြောဆိုလိုက်ရာ ဆရာကြီးမောင်ကိုမှ မင်းမင်း(ခ)အေးမင်းအား ခေါ်ဆောင်၍ အချုပ်ကင်း ရဲတပ်ကြပ်ထံသို့ ပေးပို့လိုက်တော့သည်။

**မကောင်းမှုအဆြေ**

ကျွန်ရှိသည် စောမောင်ငယ်နှင့် မြင့်နိုးတို့ကိုလည်း ယင်းတို့၏ နေထိုင်ရာအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးရာမှ ၄င်းတို့သည် မငြင်းကွယ်နိုင်ကြတော့ပဲ ပြစ်မှု

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ပါကြောင်း ဝန်ခံ ထွက်ဆိုခဲ့ကြတော့သည်။ ၂၁.၈.၉၈ ရက်နေ့တွင် တောင်ငူမြို့ ဒုမြို့နယ် တရားသူကြီး ဦးဌေးဝင်း ထံတွင် ယင်းသို့ ကိုယ်တိုင်ပြစ်မှု ကျူးလွန်ခဲ့မိပါကြောင်း ဖြောင့်ချက်ပေးခဲ့တော့သည်။

ယင်း လူသတ်အလောင်းဖျောက်ဖျက်ခဲ့သည့် မင်းမင်း(ခ) အေးမင်း၊ စောမောင်ငယ်၊ မြင့်စိုးတို့ (၃)ဦးအား တောင်ငူမြို့ အမှတ်(၁) ရဲတပ်ဖွဲ့စခန်းမှ ၄-၉-၉၈ ရက်နေ့တွင် ပဲခူးတိုင်း (တောင်ငူခရိုင်) တရားရုံးတော်တွင် တရားစွဲဆို တင်ပို့လိုက်လေတော့သည်။

✖ ✖ ✖ ✖ ✖ ✖ ✖ ✖





# မျက်ကန်းတောပတိုး ဆိုးကျိုးမမြင်

ဒေါင်းနွယ်

## မျက်ကန်းတောတိုးဆိုးကျိုးမမြင်

ဆိတ်ငြိမ်မှုအခြေအနေသည် အပ်ကျသံပင်ကြားရလောက်ပါ၏ဟု၍ပင် တင်စားရပါလျှင် လွန်မည်မထင်ပါ။ လူပေါင်းသုံးထောင်ကျော်မျှ ရှိနေသည့်အနိဝန်းကျင်၌ ဤမျှ ငြိမ်သက်နေခြင်းသည် တစ်စုံတစ်ခုအပေါ်၌ မျက်တောင်မခတ် အာရုံစူးစိုက်နေကြသောကြောင့်ဖြစ်သည်။

"ကာကူး လက်ပေး"

"ဂျလောက် ဂျလောက်"

ကိုဒေါင်းကဦးဆောင်အခန်းတွင်းသို့ဝင်ကာ ကာကူး၏လက်နှစ်ဖက်ကိုယူ၍ လက်ပြန်လက်ထိတ်ခတ်လိုက်ပါသည်။ ပြီးလျှင်အသင့်ပါလာသောပိတ်ဖြူဖြင့် ချုပ်ထားသည့်ခေါင်းစွပ်ဖြင့် ကာကူး၏မျက်နှာနှင့်ခေါင်းကိုစွပ်အုပ်လိုက်ရပါသည်။ မရှေးမနှောင်းမှာပင် အသင့်ရှိနေသောထောင်မှူးလေးနှစ်ယောက်က ကာကူး၏ဝဲယာမှနေ၍ ကာကူး၏လက်မောင်းနှစ်ဖက်ကိုတစ်ယောက်တစ်ဖက်ကိုင်တွဲကာ၊ အခန်းပြင်သို့ခေါ်တွဲခေါ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိသောသေဒဏ်ကျအကျဉ်းသားလေးယောက်တို့မှာ သူတို့၏ ဝန်းကျင်၌ ပြောသည်ဆိုသံလှုပ်ရှားသွားလာနေကြသည့်အသံဗလံများကို မကြားဘဲ မရှိနိုင်ပါ။ သို့ရာတွင်သူတို့နှင့်လည်းမသက်ဆိုင်၊ အခွင့်အလမ်းလည်းမရှိသည့်အတွက်မေးခွင့်မရ၊ သိခွင့်မရှိ၊ ကြည့်ခွင့်လည်းမကြုံနိုင်၊ နီးနေသော်လည်းမိမိတို့အိပ်ရာထဲမှာပင်၊ စောင်ကိုခေါင်းမြီးခြုံလျှက် လှဲအိပ်နေကြရသည်။

အနီးတဝိုက်တွင်ကား တရားသူကြီး၊ ထောင်ပိုင်ဝန်၊ ဆရာဝန်နှင့် ကိုခေါင်းအပါအဝင်မှူးအဆင့်ငါးယောက်၊ လုံခြုံရေးတာဝန်ကျအခြား အဆင့်ကဆယ့်ငါးယောက်ရှိနေကြပါသည်။ ကျန်လေးယောက်က အထက်တွင် ဖေါ်ပြခဲ့သော သူတို့ဘဝသည်လည်းဖြူမည်လား၊ မည်းမည်လားဆို သည်ကို အဖြူအမည်း မသိကြရသေးသည့် တိုက်ခန်းလေးခန်းအတွင်းရှိ လက်ကျန်လေးယောက်တို့ဖြစ်ပါသည်။

"ဖြည်းဖြည်း၊ တည့်တည့်သွား"

ကြိုးစင်ပေါ်သို့တက်ရာဆင်ခြေလျှောလျှောက် လမ်းလေးအတိုင်း တွဲခေါ်ရာသို့ လိုက်ပါနေရသော ကာကျ၏ ခြေထောက်များသည် တစ်ချက် တစ်ချက်၌ ဒူးခွင်သွားသလိုလို ဒူးချောင်သွားသလိုလို ရှိနေသည်ကို သတိထားလိုက်မိပါသည်။

"တပ်စု၊ သတိ၊ အသင့်"

လုံခြုံရေးအဖွဲ့ခေါင်းဆောင်က အသံအုပ်အုပ်ဖြင့်အမိန့်ပေးလိုက် ရာ ဖိနပ်သံချင်းထိရိုက်လိုက်သောအသံက တညီတညွတ်တည်း ပြောင်းကန် မည်သွားသည်။

"ရပ်တော့ ညာဘက်ကိုနည်းနည်းရွှေ့"

တစ်တစ်မိုးလင်းလာတော့မည်မို့ အမှောင်ထု၏အငွေ့အသက်လေး ကမှုန်ဝါးဝါးရှိနေဆဲဖြစ်ပါသည်။ အရှေ့ပြင်ပွါတိမှ ပေါ်ထွန်းလာလတ္တံ့သော နေမင်း၏အလင်းရောင်ကလည်း၊ အထက်မိုးကုပ်စက်ဝိုင်းဆီသို့ အလင်း



ရောင်ဖြန့်ကျက်နေပါပြီ။

လူသားတစ်ယောက် မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်း၌ သူ၏ခံတွင်း ဝသို့မလွဲမသွေ သက်ဆင်းလာတော့မည့်ကို အားရဝမ်းသာထီးကြို့နေသော ကြိုးစင်ကြီး၏အပြုံးကိုလည်းကောင်း၊ လူသားတစ်ယောက်မိနစ်ပိုင်းစက္ကန့် ပိုင်းအတွင်း ပျောက်ကွယ်ဆုံးရှုံးရတော့မည့်ကို နှမြောတသစွာ ငိုမဲ့နေသော အကျဉ်းထောင်အုတ်နံရံကြီး၏ အမှုံတကျကိုလည်းကောင်း၊ ကိုခေါင်းသတိ မမူနိုင်ပါ။ မိမိ၏ဆက်လက်၍အဆင့်ဆင့်လုပ်ဆောင်သွားရမည့် တာဝန်များ ဆီသို့သာ ဦးတည်လှုပ်ရှားနေမိပါသည်။ အမှားအယွင်းမရှိ၊ အတိမ်းအစောင်း မရှိဘဲ၊ ပြီးမြောက်သွားဖို့ကိုသာ အာရုံစူးစိုက်နေရပါသည်။

ကြိုးစင်၏အလယ်ဗဟိုတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ပွင့်ကျသွားနိုင်သော အသင့်ပြုလုပ်ထားသည့် နှစ်ခမ်းတွင်းစေ့ရုံသာစေ့ထား ထားသည့် သစ်သားတံခါးရွက်နှစ်ခု ထိုအောက်တွင်ခံပေးထားသော အလွယ်တကူရွေ့ရှားနိုင်သည့် မောင်းတံခလုတ် (သို့မဟုတ်)ခေါက်တံခါး နှစ်ချပ်စေ့ထားရာ အလယ်ဗဟိုတည့်တည့်တွင်ကား ဆေးဖြူဖြင့်ရေးထား သည့် တစ်ပေခွဲခန့် ကျယ်ဝန်းသောလေးဘက်ညီ စတုဂံစည်းကွက်၊ ထိုနေ ရာသည်လူတစ်ယောက်ရပ်ရန်နေရာ (စာရပ်မဟုတ်သော) ရပ်-ရပ်၊ Stand Point ဖြစ်ပါသည်။

"ဂျလောက် ဂျလောက်"

www.burmeseclassic.com

www.burmeseclassic.com







စတုဂံစည်းဝန်းအတွင်း ရပ်မိသည့် ကာကူး၏ခြေနှစ်ချောင်းကိုခြေထိပ်ခပ်လိုက်ရပြန်ပါသည်။ ပြီးသည်နှင့် မှူးလေးနှစ်ယောက် စင်ပေါ်မှ ပြန်ဆင်းသွားသည်။

ကိုအေါင်းက အပေါ်ဆင့်တန်းပေါ်တွင် ခေါက်ခွေတင်ထားသည့်ကြိုးကွင်းကို အောက်သို့ချယူကာ၊ အချိန်ရသလောက်စက္ကန့်ပိုင်းကလေးအတွင်းမှာပင် စီရင်မည့်ကြိုးကို စစ်ဆေးလိုက်မိပြန်သည်။ ကြိုးမှာနိုင်ငံခြားမှလာသော မနီလာလျှော်ကြိုးဖြစ်၍ လွန်ခဲ့သည့်(၂)ရက်ကမှ အမဲဆီ(Grease)သုတ်၍နေလှမ်းပြီး၊ ဆန့်ထားပြီးဖြစ်ပါသည်။ ကာကူး၏ကိုယ်အလေးချိန်မှာ (၁၄၀)ပေါင်ရှိသည့်အတွက်၊ စီရင်မည့်ကြိုးအရှည်ကို(၉)ပေစီမံထားခဲ့ပါသည်။ ထို့ကြောင့် ကြိုး၏ကဏ္ဍပိုင်းချွင်းချက် တစ်စုံတစ်ရာမတွေ့ရပါ။

ယင်းကဲ့သို့တိုတောင်းလှသည့်ကာလလေးအတွင်း၌ ကိုအေါင်းအခက်ကြုံရသည်ကား လုပ်ငန်းစဉ်အချက်အချာအကျဆုံးဖြစ်သည့် ထောင်ပိုင်ဝန်၏အချက်ပြမှု Signal ဖြစ်ပါသည်။ ယင်းသို့အချက်ပြမှုကလည်းသူနှင့်ကိုအေါင်းတို့နှစ်ဦးကြားတွင်သာ ဆောင်ရွက်ရမည့်အချက်အချာကိစ္စဖြစ်ပါသည်။ ထောင်ပိုင်ဝန်မှာ မည်ကဲ့သို့ အချက်ပြရမည်ကိုမသိဖြစ်နေပါသည်။ ကိုအေါင်းကျော်ဖြတ်ခဲ့ဘူးသော အတွေ့အကြုံအရဆိုပါလျှင်အချို့ထောင်ပိုင်ဝန်များမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် တရားစာများရွတ်ပေးတတ်ပါသည်။ တရားစာဆုံးသည်နှင့်တပြိုင်နက် ဂျုံး လိုက်ရသည်မျိုးလည်းရှိပါသည်။ လက်ကိုင်ပုဝါကို အိတ်တွင်းမှထုတ်ပြီး၊ မျက်နှာသုတ်ပြသည်မျိုးလည်းကြုံရပါသည်။ သို့ရာတွင် ယခုဆက်သွယ်နေရသည်မှာ ခရစ်ယန်ဘာသာကိုးကွယ်သောထောင်ပိုင်ဝန် ဖြစ်နေပါသည်။ သို့ရာတွင် ကိုအေါင်းတွေးတောသတိပြုလိုက်မိသည်က သူဆောင်းလာသော ဦးထုပ်ဖြစ်ပါသည်။ မှခေါင်ခေါင်တွင် နံနက်စောစောစီးစီးဦးထုပ်ဆောင်းလာခြင်းကအချက်ပေးရာတွင် ဦးထုပ်ချွတ်ပြရန်ဖြစ်မည်ဟူ၍ ကိုအေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကနားလည်ထားလိုက်ရပါသည်။ သူဦးထုပ်ချွတ်သည်နှင့် ကိုဒေါင်းက ဂျိုင်းလိုက်ရမည်ဖြစ်ပါသည်။

ကြိုးကွင်းကိုကာကူး၏လည်ပင်းထက်၊ သတ်မှတ်ရာနေရာတွင် စနစ်တကျစွပ်ကာ ခပ်ကင်းတင်းတည်ပေးပြီးသည်နှင့် အသင့်ရှိပြီဖြစ်ကြောင်း ကိုဒေါင်းက လက်မြှောက်ပြလိုက်ပါသည်။ ထောင်ပိုင်ဝန်၏ ဦးထုပ်အချွတ်ကို သတိကြီးစွာ ငံ့လင့်နေပါသည်။ ထောင်ပိုင်ဝန်က ဦးထုပ်ကိုမချွတ်ပါ။ သူ့လက်တွင်ကိုင်ထားသည့် သောက်လက်စစီးကရက်တိုကို မြေပေါ်သို့ ခပ်ဆောင့်ဆောင့်ပစ်ပေါက်ချလိုက်ပါသည်။ အထင်နှင့်အမြင် အားဖြင့် အလွဲကြီးလွဲ၍ အချော်ကြီးချော်သွားရပါသည်။

"ဖြုတ်"

"ဂျိုင်း"

ကိုဒေါင်းကသဘောပေါက်စွာဖြုတ်ဟု၍ အမိန့်ပေးလိုက်ပါသည်။ အတွေ့အကြုံကတစ်ဖြစ်ဆန်းနေသည်မို့ ဒေါက်ဖြုတ်မည့်သူက ယောင်နန ဖြစ်နေလေရာ၊ ကိုဒေါင်းကဖြုတ်ဟုသောအမိန့်ပေးသံကြားမှ သူလည်း ယန့်ဖျပ်ပြီးဒေါက်တံကိုဆွဲချလိုက်ပါသည်။

ခပ်ဆာဆာက ကိုဒေါင်းရှေ့တွင်ရပ်နေသောလူသားတစ်ယောက် ပျောက်ကွယ်သွားပါပြီ။ ကြိုးစင်အောက်လိုက်ထဲသို့ရောက်သွားပြီဖြစ်၏။

(၂)

သူနိုးရွှေရတာပြုပြု
လူမိုက်နှင့်ငွေ အတူမနေ
ငပင်းလက်ကျောက်ကောင်းရောက်
တံငါနားနီးတော့ တံငါ
မုဆိုးနား နီးတော့မုဆိုး
သူကောင်းမှ
ထားကောင်းလျှက်



အပေါင်းဖျက်
ထန်းရေမူးတော့ ကျွဲခိုးပေါ်
မြောင်မြစ်တူးတော့ မှက်သင်ဥပေါ်
ပါးကိုက်တော့ နားပြန်ကိုက်

စသည် စသည်ဖြင့် ရှေးလူကြီးသူမများသည် မှင်ငို့၏ဘဝ တစ်လျှောက် သူတို့၏ပတ်ဝန်းကျင်ဝန်းခိုတွင် မျက်မြင်ကိုယ်တွေ့ ကြုံဆုံရသောအဖြစ်အပျက် အတွေ့အကြုံ အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို နောင်လာနောင်သားတို့ သတိမူရန် ရှောင်ရန်ဆောင်ရန်တို့ကို ပမာပြု၍ထားရစ်ခဲ့သော [illegible] နှိုင်းနှိုင်းစကား(ဝါ)စကားဥပမာဖြစ်ပါသည်။ ထိုအဆုံးအမစကားများမှန်မမှန်ကို ဆက်လက်တင်ပြမည့်သေဒဏ်ကျအကျဉ်းသားကာကူ [illegible] ဘဝဖြစ်ရပ်မှန်ဇာတ်လမ်းလေးဖြင့် ချိန်ထိုးကြည့်ကြ [illegible]

သူ၏နာမည်ကာကာကူး ကာကူးဆိုသည်မှာ ချင်းဘာသာစကားဖြင့် မိသားစုအတွင်း၌အငယ်ဆုံးကလေးငယ်ကိုကာကူးဟုခေါ်ကြောင်း သိရပါသည်။ ကလေးလေးလူလေးပေါက်စလေး အငယ်လေးဟု၍ ခေါ်ဝေါ်သည့်သဘောဖြစ်ပါသည်။

စကားသိပ်မပြော ငြိမ်ငြိမ်အေးအေးနေတတ်သောမြေလတ်သား ကာကူတစ်ယောက် မည်သို့မည်ပုံအဆက်အသွယ်အားဖြင့် မျက်စိလည်လမ်းမှားကာ ဤဒေသသို့ရောက်လာခဲ့သည်မသိ၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်(++++)ရွာမှဆန်ကုန်ကူးသူ တစ်ဦးလတ်၊မရင်မြနှင့် အိမ်ထောင်ကျခဲ့သည်။ ကာကူး၏ဘဝပေးကို ပမာပေးရသော်လည်း လေပြင်းမုန်တိုင်းကျရာမှ လွင့်စင်သွားသောကျူသားညီနောင်အနက် လူဆိုးဓါးမြတို့အသိုင်းအဝိုင်းအတွင်းသို့ကျရောက် သွားရသောသတ္တိကျူ ကျူသားလေးနှင့် ပမာတူလှသည်၊ မူလကရိုးသားသောတိုင်းရင်းသားမိရိုးဖလာမှ ပေါက်ဖွားလာသူဖြစ်သည့်အလျှောက် ရိုးသားစွာ လုပ်ကိုင်စားသောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သောကာကျူးတစ်ယောက် ဇနီးသည် မရင်မြ၏မောင်၊ ယောက်ဖဖြစ်သူ လူပေလူတေ ထွန်းမောင်နှင့်ပေါင်းမိကာမှ လူရိုးကလူဆန်းဖြစ်၍လူကောင်း ကလူဆိုးဖြစ်လာရသည်။ အပျော်သောက်အရက်သမားတစ်ယောက်လည်းဖြစ် လာရသည်။ တစ်ဘက်ကကြည့်သော် ယောက်ဖတော်စပ်နေသည့်အတွက် ငဆိုးငပေမှန်းသိသော်လည်း ရေလိုက်သင့်ငါးလိုက်သင့် ရောမိရာက ယောက်ဖဖြစ်သူထွန်းမောင်၏စည်းရုံးရေးနောက်သို့ပါသွားခဲ့သည်။

တစ်နေ့တွင်ကား ကာကျူးနှင့်ရင်မြတို့လင်မယားအတွက် ပြဿနာတစ်ခုကပေါက်ဖွားလာခဲ့သည်။

"ကိုကာကျူး"

"ဟင်"

"ဒီငွေတွေ ဘယ်ကရလာခဲ့သလဲ"

"အိုကွာ မင်းကလျှာရှည်လိုက်တာ၊ ပိုက်ဆံဘဲရှာလျှင်ရတာပေါ့ကွ"

"ပိုက်ဆံတွေကများလွန်းလို့မေးရတာပါ။ သွေးရိုးသားရိုး ရတာဟုတ်ရဲ့လားလို့"

"မင်းကလည်းတစ်မျိုး၊ ကိုယ့်လင်ကိုတော်င်မထုံသလို"

"ရှင်ထွန်းမောင်နဲ့သိပ်မရောနဲ့နော်၊ ကျွန်မမောင်တော့ကျွန်မကောင် ပါဘဲ၊ ဒါပေမဲ့အကျင့်ဆိုးတယ်"

"မင်းရဲ့မောင်အရင်းဘဲမဟုတ်လားဟ"

"တစ်မျိုးလုံးကလက်မြှောက်ထားရတာ၊ အပေရှာထားတဲ့ရှိစုမဲ့ လေးကုန်တော့မယ်"

"အေးပါကွာ"

"ကျုပ်မေးနေတာပြေအုံးလေ၊ ဒီငွေတွေက ဒီလောက်အများကြီး ကို ဘယ်ကရလာသလဲလို့၊ ထွန်းမောင်နဲ့ကော ပတ်သက်နေသလား"

"ထွန်းမောင်နဲ့ ဘာမှမဆိုင်ပါဘူး"

"ကိုယ့်မယားကိုတောင်မယုံတော့ဘူး၊ အသိမပေးတော့ဘူးဆိုတော့ လည်းနေပေါ့တော်၊ ကျုပ်ကကိုယ့်လင်ကိုယ့်သားကိုဒုက္ခရောက်အောင်လုပ် မယ့် မိန်းမမျိုးဆိုတော့ဘယ်ယုံတော့မှာတုံး၊ ရှိပါစေတော့လေ၊ လူရာအသွင်း ခံရတဲ့ မိန်းမမျိုးဘဝပါဘဲ"

ဇနီးဖြစ်သူမရင်မြက လင်ဖြစ်သူကာကျူး ပါရှိလာသောငွေအင်အား ကိုကြည့်၍ စဉ်းစားမိသည်။ ကာကျူး၏စီးပွါးရှာတတ်မှုအခြေအနေဘက် မှပဲကြည့်ကြည့် လက်ရှိလုပ်ကိုင်နေရသောလက်သမားလုပ်ငန်း၏ ဝင်ငွေ ဘက်ကပဲကြည့်ကြည့်၊ ဤမျှငွေအစုလိုက်အပြုံလိုက် ရနိုင်ဖို့ ခဲယဉ်းလှ ကြောင်းကို သတိမူမိသည်။ ထို့ကြောင့်လည်းကာကျူး၏လွယ်လွယ်ကူကူ ပြောနေသည့်အပြောစကားကို လက်မခံနိုင်ဘဲ၊ ရှိနေရသည်။ သို့ရာတွင် မိန်းမတို့၏သဘာဝအတိုင်း လင်ယောက်ျားမှ ငွေများများရအောင် ရှမ်း ဆောင်လာသည်ကိုတော့ ရင်တွင်းမှကျေနပ်နေမိသည်။

(၃)

တစ်နေ့ဝင်၍ တစ်မိုးချုပ်ခဲ့သည်။ ကျေးရွာများ၌ သဘာဝအတိုင်း သဉ်(၈–နာရီ)လော်ရှိလာသည်နှင့် အိမ်တိုင်းလိုလို အိပ်ရာသို့ဝင်မြဲဖြစ်ရာ ကာကျူးတို့လင်မယားသည်လည်း အိပ်ရာပေါ်သို့ရောက်ခဲ့ကြသည်။ ရင်မြ ၏စိတ်ထဲတွင် ညနေစောင်းက ကိစ္စဆီသို့ အတွေးရောက်သွားပြန်သည်၊

"ကာကျူး"

"ဟေကွာ"

"တော်ကလဲ ကိုယ့်မယားကိုယ်တောင်မယုံကြည်တော့ဘူးပေါ့နော်"

"ဘာလဲကွ"

ရင်မြက စိတ်ကောက်သွားဟန်ပြ၍ တစ်ဘက်သို့ စောင်းလိုက် ကာ ကာကျူးနှင့်ခပ်ခွာခွာသို့ ရွေ့လိုက်သည်။

"ကျုပ်ဘဝက လင်ရတာနာတယ်"

ဟုပြောကာ နှိုက်သံလေးပေးလိုက်သည်း

"ကဲပါကွာ၊ ပြောပါ့မယ်၊ မင်းမှတ်တော့လုပ်ပါအစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံလျှင် မပြောနှင့်တော့ မကြားချင်ဘူး"

ရင်မြ၏ချော့တစ်ခါ ညှာတစ်လှည့် အခရာသန်မှုကြောင့် ကာကူး တစ်ယောက်မနေသာ၊ ဒီကိစ္စကို ဘယ်သူမှ မပြောနှင့်နော်

ဟူ၍အစချီကာ ဖြစ်ကြောင်းကုန်စင်ကို ရှုံတင်ကာပြရလေတော့ သည်။

"ကဲ-ကျေနပ်ပြီလား၊ အိပ်တော့"

နောက်ပိုင်းတွင် ရင်မြ၏အစီအမံအတိုင်း အိမ်နှင့်မြေလေးကို ဝယ်ဖြစ်ကြသည်။ ရင်မြအတွက်လည်း လက်ဝတ်လက်စားလေးများကို သိုသိုသိပ်သိပ် ဝယ်နိုင်ခဲ့သည်။

"ရင်မြရေ"

"ရှင်"

"တံခါးဖွင့်စမ်းပါဦးကွာ"

"ဟော့ မူးလာပြန်ပြီ၊ ဒီအရေကို မသောက်ပါနှင့်ဆိုမှ"

"မင်းကလဲကွာ"

"ဘာ မင်းကလဲတုန်း၊ တစ်နေ့တစ်ခြား ပျက်စီးလာပြီ"

"ဟာကွာ၊ သောက်လာတာလေး ကုန်တော့မှာပဲ"

ဆင်းရဲမှုဒဏ်ကို အဖန်တစ်လဲလဲ ခံစားလာနိုင်ခဲ့သော လူတစ် ယောက် ချမ်းသာမှုဒဏ်ကို မခံနိုင်တော့ပေ။ စီးပွားရေးလေးဖြစ်လာပို စမိသည်နှင့် အပျော်တမ်း အရက်သမားဘဝမှသည် အမြဲတမ်းအရက်သမား ဘဝသို့ ရောက်လာခဲ့သည်။ အပေါင်းအသင်းကလည်း များလာသည်။ ရေများတော့ရေနိုင်၊ မီးများတော့မီးနိုင်ဆိုသည့် စကားအတိုင်း ဖဲသမားထု နှင့်ပေါင်းမိပြန်မှ ဖဲကစားပါ ပူးတွဲလာပြန်သည်။ ကြာလာသော် စုမိဆောင်း မိတာလေးတွေက တစ်နေ့တခြား လျော့ပါးလာသည်။

"ဖဲသမားမယား၊ နံ့သမားပါးလို ပိန်တစ်ချီ ဖောင်းတစ်လှည့်တဲ့"

အလွန်မှန်ကန်သောစကားဖြစ်ပါသည်။ လောင်းကစားသမား တို့မည်သည် နိုင်ဖို့ကိုသာ စိတ်ကူးယဉ်တတ်သည်။ သို့ရာတွင် သူတို့



လုပ်ငန်းသဘာဝက နိုင်လျှင်နိုင်၊ မနိုင်လျှင်ရှုံး ယင်းလမ်းနှစ်သွယ်သာ ရှိလေသည်။

(၄)

"ရင်မြရေ၊ ငါ့ကို ငွေသုံးရာလောက် ပေးပါဦးဟာ၊ မနေ့က ရှုံးသွားတယ်၊ ဒီနေ့ ဝိုင်းကောင်းတယ်၊ ဒီနေ့ကတော့ သေချာပေါက်နိုင် မှာပါဟ"

"ရှင်မှာလည်း ဟိုဒင်းခတ်တဲ့ရေ ဟိုဒင်းလုပ်တာနှင့်ပဲ ကုန်ရော ဆိုတာလို ရှိထားတာလေးတွေ တစ်စတစ်စနှင့် ကုန်ပြီ"

"အေးပါဟာ၊ လောကကြီးမှာ လူမသေ ငွေမရှားပါဘူးကွ"

"လက်ထဲမှာ ငွေမရှိတော့ဘူးတော့၊ ယောက်ဖတွေ ချမ်းသာဖို့ သွားပြီး အလှူကြီးပေးနေ"

"ဒါဆိုလဲ မင်းလက်စွပ်ခဏပေးကွာ၊ မရှုံးစေရပါဘူးကွာ"

"ကျုပ်လည်ပင်း ဟောင်းလောင်းဖြစ်သွားတာလဲ ကြာပြီ"

"အေးပါ၊ ငါသိပါတယ်၊ နောက်ထပ် ဆွဲကြိုးဘယ်နှစ်ကုံး ယူမလဲ၊ ဆယ်ကုံးယူမလား၊ ငါရှာပေးမယ်"

"ဖဲသမားမယား နံ့သမားပါလို ပိန်လိုက်ဖောင်းလိုက် ဆိုတာ ဒါမျိုးမဲ့ပေါ့၊ ကျုပ်က မရှင်းတဲ့ဟာမျိုးကိုတော့ အကုံးတစ်ရာရအောင် မမက်ဘူး"

ဟူ၍ပြောလိုက်ရာ ကာကူးဒေါသဖြစ်သွားပြီး "ကောင်မ၊ လျှာ မရှည်နှင့်" ဟူ၍ ပြော၍ထွက်သွားတော့သည်။

မရင်မြတစ်ယောက် ကာကူး၏အပြုအမူအားလုံးကို လက်ပိုက်ကြည့်နေရ သည့်ဘဝမျိုးသို့ ရောက်နေရသည်။ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူဆိုသောစကားကဲ့သို့ ကာကူး၏ဖောက်ပြန် လာသောအပြုအမူများကို လုံးလုံးလျားလျား မကြိုက်သော်လည်း လင် ယောကျ်ားတစ်ယောက်အနေဖြင့် လျစ်လျူရှုထားသည့် အနေအထားမျိုး ဖြစ်သည်။ ကာလရှည်ကြာလာသည်နှင့်အမျှ ယင်းကနမိစေသောသဘော

www.burmeseclassic.com

www.burmeseclassic.com



ငွေလက်ကျန်နှင့် ပစ္စည်းများလည်း မျက်လှည့်ပြသကဲ့သို့ ပျောက်ပျက်သွားသည်ကိုလည်း ရင်မြသိနေရသည်။

"ရင်မြ၊ ဟဲ့ရင်မြ လာဦး"

"ဘာလဲ၊ ငွေတောင်းဦးမလို့လား"

"ဒီလိုတော့လဲ နင်သိတတ်သားပဲ"

"မရှိဘူး၊ ရှင်ဖြုန်းတာနှင့်ကုန်ပြီ။ မယုံလျှင် အိမ်ထဲမှာ အိတ်သွန်ဖာမှောက် ဝင်ရှာကြည့်"

"ဟင် ကုန်ပြီဟုတ်လား၊ ငါရှာပေးထားတာတွေ အများကြီး ဘယ်လင်ငယ်တွေကို ပေးပစ်သလဲ"

"ကာကျူး ရှင် သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်း၊ လွယ်လွယ်သုံးပြီး ကိုယ်လုပ်တာကိုတော့ မသိဘဲ ကျုပ်ကိုလာပြီး မစော်ကားနဲ့၊ ဒါကိုတော့ ကျုပ်လက်မခံနိုင်ဘူး"

"နင်လက်ခံချင်ခံ မခံချင်နေ ငွေမရှိရင် အိမ်ကိုရောင်းမယ်ကွာ"

"ဘယ်လို အိမ် ရောင်းပစ်လိုက်လို့ ဘယ်သွားနေမှာလဲ၊ အဲဒါမှ ခွေးနေရာမရဆိုတာလို ဖြစ်ကုန်မယ်၊ အိမ်ကိုတော့ ရောင်းဖို့တော့ ကျုပ်လုံးဝ သဘောမတူနိုင်ဘူး။ ငွေမရှိရင် ရှင်အားကိုးတကြီးပေါင်းနေတဲ့ ရှင်ယောက်ဖတွေဆီ သွားတောင်းပါလား"

"နင်၊ ငါ့ကို မစော်ကားနှင့်ဟေ့"

"ရှင်ကကော ကျုပ်ကို ဟိုလင်ဒီလင်နဲ့ ပေးစားနေတာကကော အဲဒါကိုတော့ တရားတယ်လား၊ တကယ်ပါပဲ၊ သူဟာသူ လုပ်ချင်တာလုပ်ပြီး သူများကို လက်ညှိုးထိုးတယ်၊ ဖယ်က ပြောင်းပြန်ဆိုတာလို"

"တော်တော့ကွာ၊ မင်းအသံ လူကြားတယ်"

"ဘယ်သူကြားကြား ပြောသင့်တာတော့ ပြောရမှာပဲ"

"ကဲ၊ ပြောကွာ၊ ပြောဦးကွာ"

"အမလေး၊ လာကြပါဦး၊ လာကြပါဦး"

အရက်အရှိန်နှင့် ဒေါသအဟုန် ပေါင်းစပ်ကြီးထွားနေသော



ကာကျူးက အနီးတွင်ရှိသော သနပ်ခါးကျောက်ပျဉ်ဖြင့် ကောက်ယူပေါက်လိုက်ရာ ရင်မြ၏ခေါင်းကို ထိမှန်သွားသည်။ ရင်မြတစ်ယောက်လည်း ငယ်သံပါအောင် အော်လိုက်ရင်း ပက်လက်လန်လဲကျ သွားတော့သည်။ လက်လွန်သွားပြီကို သိလိုက်သော ကာကျူးသည် အိမ်နောက်ဖေးပေါက်မှ နန်ဆင်းကာ ထွက်ပြေးသွားတော့သည်။

"ဘယ်လို ဖြစ်ကြတာလဲ၊ ရင်မြရယ်၊ စောစောကတည်းကတော့ ပြောသံဆိုသံတွေ ကြားနေရသား။ လင်နှင့်မယား ဒီလောက်ထိ ဖြစ်လိမ့်မယ်လို့ မထင်မိဘူး"

ရင်မြ၏အော်ဟစ်လိုက်သော အသံကြောင့် စိုးရိမ်တကြီးရောက်လာကြသော အိမ်နီးပါးချင်းနှင့် ရွာသားများရောက်လာကြသည်။ အချို့ကလည်း မေ့မြောနေသော ရင်မြကို သတိပြန်လည်လာအောင် လုပ်ပေးနေကြသည်။

"ဘာဖြစ်ကြတာလဲဗျ"

"ရင်မြ၏မောင် ထွန်းမောင်ရောက်လာသည်။ အစ်မဖြစ်သူ ရင်မြကိုကြည့်ကာ စိတ်အလွန်ထိနိုက်သွားရသည်။ ရှိနေသူများက ကာကျူးက ရိုက်ပြီးထွက်ပြေးသွားကြောင်း ပြောပြကြရာ ထွန်းမောင် ဒေါသဖြစ်သွားသည်။"

"ခုဒီကောင် ဘယ်ရောက်သွားလဲ"

"မသိဘူး၊ တို့ရောက်လာတော့ သူမရှိတော့ဘူး"

"ကျုပ်လိုက်ရှာမယ်၊ တော်တော် စော်ကားတဲ့ကောင်၊ ကျုပ်တွေ့အောင်ရှာပြီး သတ်မယ်"

"ဟဲ့၊ ထွန်းမောင်၊ မသွားပါနှင့်၊ တစ်ပူပေါ်နှစ်ပူဆင့် မလုပ်ပါနဲ့ကွယ်၊ မင်းအစ်မအတွက်ကိုသာ လုပ်စမ်းပါ"

ထွန်းမောင်က အားလုံးတားမြစ်သည့်ကြားမှပင် မီးဖိုချောင်မှ ဓားမြှောင်တစ်ခုကိုယူကာ ကာကျူးကိုရှာရန် ဆင်းလိုက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့–သတိ မရတစ်ချက်၊ ရတစ်ချက်ဖြစ်နေပြီ။ သူကြီးအိမ်ကို သွားအကြောင်းကြားစမ်း၊ မြို့ဆေးရုံကို ပို့ရအောင်"

ကွမ်းတစ်ယာညက်စနဲ့အကြာ သူကြီးရောက်လာသည်။ ရင်မြက သတိနေစဉ်အခိုက်တွင် သူမပြောလိုသောစကားများကို သူကြီးသို့ ပြောပြသည်။ ထို့နောက် သူကြီး၏အစီအစဉ်အရ နွားလှည်းဖြင့် မြို့ဆေးရုံသို့ ပို့ရန် ဆောင်ရွက်ကြသည်။

"ဘထွေး"

"ဟေ၊ ဘာပြောမလဲ"

"ထွန်းမောင်ကော"

"ဪ၊ ထွန်းမောင်နောက်လှည်းမှာ ပါတယ်"

"လိမ်လိမ်မာမာနေလို့"

သူကြီးက လုပ်ကြံစကားဖြင့် ပြေသိမ့်ပြောဆိုအပြီးတွင် ရင်မြတစ်ယောက် မောင်ဖြစ်သူ ထွန်းမောင်အတွက် အမှာစကား စပ်တိုတိုပြောကာ လှည်းပေါ်မှာပင် သေဆုံးသွားသည်။ သူကြီးနှင့်တကွ လိုက်လာသူအားလုံးက စိတ်မကောင်းကြ၊ ငိုကြွေးကြ ဖြစ်ကုန်သည်။

"ကာလီ၊ ရဲဌာနကိုသာ မောင်းတော့ကွာ"

ရဲဌာနမှ မှုခင်းနှင့်ပတ်သက်သော လိုအပ်ချက်များကို လက်စံစစ်ဆေးပြီးလျှင် ရင်မြ၏အလောင်းကို ဆေးရုံကြီးမှ တစ်ဆင့် ရင်ခွဲရုံသို့ ပို့လိုက်သည်။

(၅)

ခုလုံခြုံရေးမှူးတစ်ယောက် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သေမှုသေခင်းအခြေအနေများကို ဆက်လက်စုံစမ်းရန် ရောက်လာကြသည်။

ရွာတွင်းသို့ အတန်ဝင်လိုက်မိသည်နှင့် တစ်နေရာ၌ လူများစုပြုံနေသည်ကို ထူးခြားစွာ တွေ့မြင်လိုက်ရသည်။

"ဟိုမှာ ရဲဆရာတွေ လာပြီ"



"သူကြီးလူတွေ စုရုံးစုရုံးနဲ့ ဘာတွေဖြစ်နေကြတာလဲဗျ"

"လုံမှူးကြီးရေ ပြောရမှာ စိတ်မကောင်းစရာပဲ၊ တစ်ပူပေါ်မှာ နှစ်ပူဆင့်ဆိုတာလို လူသတ်မှုတစ်ခုက ထပ်ပေါ်နေပြန်ပြီ"

"ဟာ ဟုတ်လား"

"ဘယ်မှာလဲ"

"ချောင်းစပ် ကိုင်းတောထဲမှာ"

"သေတာက ဘယ်သူလဲ"

"မနေ့က အမှုလာတိုင်တဲ့အမှုက သေသူရင်မြရဲ့မောင် ထွန်းမောင်ဆိုတဲ့ကောင်လေး"

"သတ်တာကကော"

"သူ့ယောက်ဖ ကာကူးပဲပေါ့"

လူသေရှိရာ ချောင်းစပ်ဆီသို့ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာတွင် သေသူထွန်းမောင်၏ အလောင်းကို တွေ့ကြရသည်။

"ဒီကောင် ဒီအနီးတစ်ဝိုက်မှာတော့ နေတော့မှာ မဟုတ်ဘူးသူကြီးရဲ့၊ ဒီတော့ စစ်ဆေးစရာရှိတာတွေကို အမြန်စစ်ဆေးပြီး တရားခံကို အမြန်ဆုံးဖမ်းမိအောင် လုပ်ရဦးမယ်၊ မနေ့ကလိုပဲ နွားလှည်းတစ်စီးနှင့် တင်ပို့ပေးပါဗျာ"

"ဟုတ်ကဲ့၊ လိုအပ်တာပြောပါ၊ ကူညီပါ့မယ်"

မှုခင်းစစ်ဆေးရေး ရဲတပ်ဖွဲ့သည် သူကြီး၏အကူအညီဖြင့် မှုမှန်းနေးနေး ပေါ်ပေါက်လာသော လူသတ်မှုလူသေအလောင်းကို သယ်ဆောင်လျက် တရားခံအား အမြန်မိ မိနိုင်ရန် အလို့ငှာ နောက်ကြောင်းဆီသို့ သုတ်ခြေတင်ခဲ့ရပြန်ပါတော့သည်။

(၆)

နောက်တစ်နေ့ညမှာပင် ဝရမ်းပြေးအဖြစ်ဖြင့် ရှောင်တိမ်းရန် မီးရထားစောင့်နေသော ကာကူးအား လက်ပံတန်းဘူတာ၌ ဖမ်းဆီးလိုက်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မူလကပင် ပညာမတတ်၍ မျက်ကန်းဘဝသို့ ရောက်ခဲ့သော ကာကျူးတစ်ယောက် အပေါင်းဖျက်၍ ဘဝပျက်ခဲ့ရသည်။ အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်းကို တွေးခေါ်နိုင်စွမ်း ခေါင်းပါးရှ သည်မို့ လည်းရှေ့နောက်ချိန်ဆနိုင်စွမ်းလည်းမရှိတော့နိုင်ပေ။ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်းမည်သောညောင်မြစ်ကို တူးမိလိုက်သဖြင့်ရင်မြကိုယ်တိုင် ပုတ်သင်ဥကိုပေါ်စေခဲ့သည်။ မှတ်သားစရာ ဆင်ခြင်စရာများပင်ဖြစ်၏။

BURMESE CLASSIC .com

သတင်းထောက်ခင်

# အမှတ်တရတိုက်ပွဲများ

မကြာမြို

အကြမ်း အရမ်း စွန့်စား အချစ်များ

www.burmeseclassic.com